www.burmeseclassic.com

L u N y o C h a w

# လူညိုချော



တာဆစ်ဆစ်နှာ

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေခြင်း - ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ
ပထမအကြိမ်

မျက်နှာဖုံးပန်းချီ - ChitWinShein

အုပ်ရေ - ၅၀၀ အုပ်

ထုတ်ဝေသူ - ဦးအောင်ကိုဦး (ယာယီ - ၁၉၄၈)
အောင်မြင့်မြတ် စာပေ
အမှတ် (၂၄၃)၊ (၃၅) လမ်း၊ မြေညီထပ်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

အတွင်း/မျက်နှာဖုံးပုံနှိပ် - ငါတို့စာပေ ပုံနှိပ်တိုက်
အမှတ် (၇၄)၊ ကောက်သွယ်လမ်း၊
သုဝဏ္ဏမြို့နယ်၊ ရန်ကုန်။

တန်ဖိုး - ၁၅၀၀ ကျပ်

၈၉၅ . ၈၃

လှညိုချော
တဆစ်ဆစ်နာ /လှညိုချော။- ရန်ကုန်။
အောင်မြင့်မြတ်စာပေ၊ ၂၀၁၄။
၁၇၀-စာ၊ ၁၈ X ၁၂ စင်တီ။
(၁) တဆစ်ဆစ်နာ

အချစ်အကြောင်းလား
မပြောချင်တော့ပါဘူး ...
နှလုံးသားဆီက တဆစ်ဆစ် နာတယ်လေ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

♥ ♥ ♥

"ကိုယ် ရှေ့တစ်ပတ်ထဲလောက် စင်ကာပူ သွားရမယ် မေ၊ မေ လိုက်ခဲ့ပါလား"

"ဘာသွားလုပ်မှာလဲ၊ အလည်လား ..."

"မဟုတ်ပါဘူး၊ ကြော်ငြာတစ်ခု သွားရိုက်မှာ၊ အဲဒါ စတေပုံတွေ အတွက် ကိုယ့်ကိုငှားထားလို့၊ ကြော်ငြာက သုံးရက်လောက်ပဲ ရိုက်ရမှာပါ၊ မေ လိုက်မယ်ဆိုရင် ကိုယ်တို့ ဟိုမှာ တစ်ပတ်လောက် ဆက်နေပြီး လျှောက်လည်ကြမယ်လေ၊ ဘယ်လိုလဲ ... လိုက်မှာ လား"

"ဟင် ... မလိုက်ချင်ပါဘူး၊ ပြီးတော့ မေက ရှေ့တစ်ပတ်ထဲမှာ သရုပ်ဆောင်ရွေးပွဲတစ်ခုအတွက် ဒိုင်လုပ်ပေးဖို့ လက်ခံထားတယ်၊ အောင်သီရိ ဗီဒီယိုထုတ်လုပ်ရေးကို သိတယ်မဟုတ်လား"

"အင်း ... သိတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … အဲဒီထုတ်လုပ်ရေးက မင်းသမီးသစ်တင်မလို့တဲ့၊ အဲ့ဒါ လျှောက်လွှာတွေ ခေါ်ထားတာ၊ ရှေ့တစ်ပတ်ထဲ လူရွေးပွဲရှိတယ်၊ မေ ကူညီပေးရမှာ"

မိုးလုံးမှိုင်းက ခေါင်းသာညိတ်ပြလိုက်မိသည်။

ခေါ်မယ့်သာ ခေါ်ရတာပါ၊ မေ့ဆီက ဒီလိုစကားမျိုးသာ ထွက်လာမယ်ဆိုတာကို ကြိုသိထားပြီးသား။

နှလုံးသားရေးရာနဲ့ ပတ်သက်လာရင် မေ့ဘဝမှာ ကိုယ်ကသာ နံပါတ်တစ်၊ ကိုယ်ကသာ နံပါတ်နှစ်၊ ကိုယ်ကသာ နံပါတ်သုံး၊ ကိုယ်ကသာ နံပါတ်ရှိသမျှအားလုံး ဆိုပေမယ့် အလုပ်ဆိုတာနဲ့ ယှဉ်လာရင်တော့ ကိုယ်က အလိုလိုနေရင်း အလုပ်ရဲ့နောက်ကို ရောက်သွားခဲ့ရတာချည်းပဲ ဖြစ်သည်။

"မေ့ခေါင်းထဲမှာကလည်း အဲဒီ အလုပ် အလုပ်ဆိုတာချည်းပဲ၊ တစ်ခါတလေလေးလောက်များ အလုပ်ထက် ကိုယ့်ကို ဦးစားပေး ကြည့်ပါဦးလား"

"မှိုင်းကလည်း အဲလိုတော့ မပြောနဲ့လေ၊ အခု စင်ကာပူသွားမယ့် ကိစ္စဆိုတာက မှိုင်းဆီက အစမှထွက်လာတာ၊ ဒီသရုပ်ဆောင်ရွေးပွဲကိစ္စက လွန်ခဲ့တဲ့ တစ်လလောက်ကတည်းက သူတို့ လျှောက်လွှာတွေ စခေါ်ပါပြီဆိုကတည်းက လက်ခံထားတဲ့ကိစ္စကြီး၊ အဲဒါကို မေက ဖျက်ပြီး ဘယ်လိုလုပ် မှိုင်းနဲ့ လိုက်ခဲ့လို့ရမှာလဲ၊ ဖြစ်သင့်သလားဆိုတာကို မှိုင်းပဲ စဉ်းစားကြည့်ပါဦး"

"ဟုတ်ပါတယ်၊ မေပြောတာကို ကိုယ် လက်ခံပါတယ်၊ ကိုယ်





ပြောတာကလည်း အခုတစ်ခါကို ပြောတာမဟုတ်ပါဘူး၊ အရင် အရင်တုန်းက ပြီးခဲ့တာတွေနဲ့ ယှဉ်ပြီးတော့ နောင်တစ်ချိန်လောက်မှာ ကိုယ့်ကို တစ်ခါလောက် ဦးစားပေးကြည့်ဖို့ ပြောတာပါ"

မေ့ဆီက မျက်စောင်းတစ်ခုက သူ့ထံ ဝင့်ခနဲ ရောက်လာသည်။

ဒါက တစ်ခုခုကို မကျေမနပ်ရင် မေ လုပ်တတ်သော အကျင့်ပင် ဖြစ်သည်။

ဒါပေမယ့် မေ့ မျက်စောင်းက သူများတကာတွေ ထိုးသလိုမျိုး မာန်ပါပါ ထိုးတာမျိုးတော့ မဟုတ်ဘူး။ မျက်လုံးလေးကို ဝင့်ပြီး ကိုယ့်ကို စက္ကန့်အနည်းငယ်လောက် ငြိမ်သက်ပြီး မျက်တောင်မခတ်တမ်း အသာအယာလေး ကြည့်လာတာမျိုး ဖြစ်သည်။ မာန်မပါဘူးဆိုပေမယ့် အဲဒီ အကြည့်သာသာလေးထဲမှာကိုပဲ မေက စကားတွေ အများကြီးကို ပြောထားနိုင်တာဖြစ်သည်။

"ကလေးမဟုတ် သူငယ်မဟုတ် ရစ်မနေစမ်းပါနဲ့ မှိုင်းရာ၊ နောင် ယူပြီးသွားတဲ့အခါကျရင် ဒီနှစ်ယောက်က မုန်းလောက်အောင်ကို အမြဲ တတွဲတွဲ သွားလာလှုပ်ရှားနေရမှာပဲကို"

"အဲဒါကတော့ အဲဒါပေါ့ မေရာ၊ ချစ်သူဆိုတဲ့ ဘဝလေးထဲမှာ အမှတ်တရ ဆိုတာမျိုးလေးတွေကို ဖန်တီးထားချင်တာ၊ ဒါမှ နောင်တစ်ချိန် အသက်ကြီးတဲ့အခါ ပြန်တွေးပြီး ကြည်နူးရရမှာပေါ့"

ဒီတစ်ခါတော့ မေက အသံမထွက်ဘဲ ရယ်သည်။



www.burmeseclassic.com

ဒါဟာလည်း ကိုယ့်ကို လှောင်ပြောင်ချင်တဲ့အချိန်မှာ လုပ်လေ့ရှိသည့် မေ့ရဲ့ အချိုးတစ်မျိုးပါပဲ။

“မှိုင်းကလေ အနုပညာသမားလို့ မပြောရဘူး၊ သိပ်စိတ်ကူး ယဉ်တာပဲ၊ မေလည်း အနုပညာသမားပါပဲ၊ အဲလောက် စိတ်ကူးမယဉ်ပါဘူး၊ စိတ်ကူးယဉ်တယ်ဆိုတာ အနုပညာဖန်တီးနေတဲ့အချိန်မှာပဲ ကောင်းတယ်၊ ကဲ ... မေ အေဂျင်စီကို ပြန်ရဦးမယ်၊ ပိုက်ဆံရှင်းတော့ ...”



“ဟဲ့ ... ရှေ့တစ်ပတ်ထဲ သရုပ်ဆောင်ရွေးပွဲ ရှိတယ်မဟုတ်လား၊ နင် လေ့ကျင့်ပြီးပြီလား”

“အာ ... လေ့ကျင့်စရာ မလိုပါဘူးဟာ၊ ငါ့အကြောင်းလည်း နင်သိသားနဲ့၊ ဘယ်လိုအိုက်တင်မျိုးပဲ လာလာ ငါလုပ်ပြနိုင်ပါတယ်”

ပြောရင်း နမ်းမဝက ရောက်လာတော့မယ့် နေ့တစ်နေ့အတွက် ကြိုတင်ကာ ရင်ခုန်သံတွေ မြန်လာရသည်။ အောင်သီရိ ဗီဒီယိုထုတ်လုပ်ရေးရဲ့ စင်တင် မင်းသမီးဖြစ်လာရမယ့် အခွင့်အရေးဟာ နည်းတဲ့ အခွင့်အရေးတော့ မဟုတ်ပါချေ။ ပြီးတော့ ဒီအခွင့်အရေးဟာ နမ်းမဝ ဘဝရဲ့ တစ်ဆစ်ချိုးကို အများကြီး ပြောင်းလဲပေးနိုင်မယ့် အခွင့်အရေးတစ်ခုဆိုလည်း မမှား။

ငယ်ငယ်လေးကတည်းက ရူးသွပ်ခဲ့ရတဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်နိုင်ဖို့ ဒီလူရွေးပွဲမှာ သူမ နိုင်ကို နိုင်မှ ဖြစ်မှာပါ။ နိုင်ရမယ်လို့လည်း သူမက သန္နိဋ္ဌာန်ချတာ ဖြစ်သည်။

“ဒါတော့ ဒါပေါ့ဟာ၊ ဒါပေမယ့် အခုပြိုင်မယ့် လူတွေက နာမည်

www.burmeseclassic.com



ကြီး မော်ဒယ်လ်တွေလည်း ပါမှာနော်၊ နင်က မော်ဒယ်လ်သင်တန်းတည်း တက်ထားတာ မဟုတ်ဘူး၊ နင့်ဘက်က တအားပြင်ဆင်ထားမှ တော်ကာကျမှာ”

“အင်း … ငါ အစွမ်းကုန် ကြိုးစားမှာပါ”

“ဒါနဲ့ ဒိုင်တွေက ဘယ်သူတွေတဲ့လဲ”

“အောင်သီရိက တာဝန်ရှိသူ တစ်ယောက်ရယ်၊ ဒါရိုက်တာ ဦးကျော်ကြားရယ်၊ ရုပ်ရှင်မင်းသား သစ်ဆန်းရယ်၊ ဓာတ်ပုံဆရာဝဏ္ဏရယ်၊ ပြီးတော့ Stars model agency က မရတုမေရယ်”

“ဝါး … အကုန်လုံးက ဆရာ့ဆရာတွေချည်းပဲနော်”

“အင်း … ဟုတ်တယ်”

“ဒါနဲ့ … အရွေးခံရရင် အောင်သီရိနဲ့က စာချုပ်ရမှာလား”

“အင်း … ကား သုံးဆယ်တဲ့”

“ဟား … မိုက်တယ်၊ နင် ရအောင်လုပ်ဟာ၊ နင် ဒီလောက်ဝါသနာပါနေတာ၊ နင်သာ အရွေးခံရရင်တော့ ပွဲကပြတ်ပြီပဲ”

ပြိုင်ပွဲဝင် ဦးရေက တော်တော်များတာပါ။ လူအယောက် ၁၀၀ လောက်ထဲကနေ ပြီးခဲ့တဲ့ အပတ်ကမှ လက်တွေ့ သရုပ်ဆောင်တာ ယှဉ်ပြိုင်ဖို့ လူငါးဆယ်ကို ထပ်ရွေးလိုက်တာဖြစ်သည်။ အဲဒီ လူငါးဆယ်ကိုမှ နှစ်ရက်ခွဲကာ ယှဉ်ပြိုင်ရမှာဖြစ်ပြီး အဲဒီနှစ်ရက်ထဲက တစ်ရက်စီမှာ ပထမရတဲ့ နှစ်ယောက်ကို နောက်တစ်ရက် ဖိုင်နယ်အဖြစ် ထပ်ပြိုင်ခိုင်းမှာ ဖြစ်သည်။

“အဲဒီနေ့ ဝတ်မယ့် အဝတ်အစားကရော ပြင်ပြီးပြီလား”





“အင်း … ပြင်ပြီးပြီ၊ ဒါပေမယ့် အဝတ်အစားက အဓိက မကျပါဘူးဟယ်၊ အဲဒီနေ့မှာ ကိုယ့်အစွမ်းကို ထုတ်ပြနိုင်ဖို့က အဓိကပါ၊ ငါကတော့ အဲဒီလိုပဲ ခံယူတယ်၊ ပြီးတော့ ငါ့ကိုယ်ငါလည်း ယုံတယ်”

“ငါလည်း နင့်ကိုဖြစ်စေချင်တယ်ဟယ်၊ ကျောင်းသားဘဝကတည်းက ကျောင်းကပွဲတွေမှာဆိုရင်လည်း နင်က ထိပ်ဆုံးက၊ မြန်မာ့အသံက လုပ်တဲ့ ပျောင်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာမှာတုန်းကလည်း နင် ဆုတွေအများကြီး ရခဲ့ဖူးတာပဲ၊ နင် အရမ်းဝါသနာကြီးပြီး ရူးသွပ်တာ၊ ပြီးတော့ နင့်ရုပ်က မင်းသမီးရုပ်၊ တချို့ဆို မင်းသမီးရုပ် မပေါက်ဘဲနဲ့တောင် မင်းသမီး ကောက်ဖြစ်နေကြသေးတာ၊ နင်သာ ကြိုးစားခွင့်ရခဲ့ရင် သေချာပေါက် အောင်မြင်မှာ ငါပြောရဲတယ်”

မေမှီစကားကြောင့် နမ်းမဝက အားရပါးရ ပြုံးလိုက်မိသည်။ ငယ်ငယ်လေးကတည်းက ပေါင်းလာခဲ့တဲ့ ငယ်ပေါင်းကြီးဖော်မို့ မေမှီတကိုယ့်အကြောင်းဆို အူမချေးခါး အကုန်သိသလိုပဲ မေမှီအကြောင်းဆိုရင်လည်း နမ်းမဝ မသိတာ ဘာမှမရှိပါ။

“ဟုတ်လား … အဲဒါဆို ငါ အခုပြိုင်ပွဲကို မပြိုင်တော့ဘူးဟယ်၊ နင်ပဲ ငါ့ကို ပိုက်ဆံထုတ်ရိုက်လိုက်ပါလားဟင်၊ သေချာပေါက်ပြန်ရမှာပဲဟာ”

“အဲ … အဲဒါကတော့ ငါ့ဘဏ်စာအုပ် ပျောက်နေတယ်ဟဲ့ … ဟီးဟီး …”



www.burmeseclassic.com

www.burmeseclassic.com



မေမှီစကားကို နမ်းမဝက အသည်းယားသွားရကာ လက်ထဲက ခေါင်းအုံးနဲ့ လှမ်းထုလိုက်ပါမိသည်။ ဒါကို မေမီက အမှန်မခံဘဲ ဖမ်းထားလိုက်ကာ တခိခိ ရယ်နေတော့၏။



အခန်းထဲမှာ စာဖတ်နေတုန်းမှာပဲ အခန်းတံခါးက ဖျတ်ခနဲ ပွင့်သွားကာ အထဲသို့ ဒေါ်လေးရွှေနှစ် ဝင်ရောက်လာလေသည်။

"နမ်း မအိပ်သေးဘူးလား ...၊ ည ဆယ့်နှစ်နာရီတောင် ထိုးနေပြီ၊ သိပ်ပြီးတော့ အိပ်ရေးပျက်မခံနဲ့လေ၊ မနက်ဖြန်ဆို သရုပ်ဆောင်ရွေးပွဲ စပြီမဟုတ်လား၊ မျက်နှာတွေ ချောင်ကျနေဦးမယ်"

ဒေါ်လေးစကားကြောင့် သူမက လက်ထဲက ဖတ်လက်စ ရှုးရဲ့ "ဆုံနေရက်နဲ့ လွမ်းလေခြင်း" စာအုပ်ကို မြှောက်ပြလိုက်ရင်းက

"အင်းပါ ... ဒေါ်လေးရဲ့၊ အိပ်တော့မှာပါ၊ ဒီမှာ စာအုပ်က အရှိန်းကို အရှိန်တက်နေလို့"

"စာအုပ်က နောက်နေ့မှ ဖတ်လည်းရပါတယ် နမ်းရယ်၊ တော်ကြာ သရုပ်ဆောင်ရွေးပွဲကို ပန်ဒါရုပ်နဲ့ သွားနေရမှာစိုးလို့ ပြောနေတာ"

"အဟီး ... အဲဒါဆိုတော့လည်း သူတို့ သရုပ်ဆောင်ခိုင်းတဲ့ ဇာတ်ရုပ်က ရောဂါသည်ဇာတ်ရုပ် ဖြစ်ပါစေလို့ ဆုတောင်းရမှာပေါ့၊ အကိုက်ဖြစ်သွားအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း … ပေါက်တတ်ကရ ပြောတော့မယ်၊ အိပ်တော့၊ အိပ်တော့"

ပြောရင်း ဒေါ်လေးက သူမလက်ထဲက စာအုပ်ကို ဆွဲယူကာ ခပ်လှမ်းလှမ်းက မှန်တင်ခုံပေါ်မှာ တင်လိုက်သည်။ ဒီတော့ သူမက နံရံကို ခပ်မတ်မတ်မှီထားရာကနေ အိပ်ရာပေါ်မှာ လျှောအိပ်လိုက်တာ ခြေရင်းက စောင်ကို ရင်ခေါင်းအထိ ဆွဲတင်ခြုံလိုက်သည်။

"ဩော … အိပ်တော့ဆိုမှ ပြောရဦးမယ်၊ နေ့လယ်ကတောင် အစ်ကိုကြီးနဲ့ ဖုန်းရသေးတယ်"

"ဟုတ်လား … ဖေဖေက ဘာတဲ့လဲ"

"ဘာမှမဟုတ်ပါဘူး၊ ညည်းအကြောင်း မေးတာ၊ ဘာတွေလုပ်နေလဲတဲ့၊ အခုရက်ပိုင်း သူ မအားလို့ ဖုန်းမဆက်ဖြစ်တာတဲ့"

နမ်းမဝမှာက အမေ မရှိတော့ချေ။ မေမေက သူမ လေးတန်းနှစ်လောက်မှာကတည်းက နလုံးရောဂါနဲ့ ဆုံးသွားတာဖြစ်သည်။ ဖေဖေကလည်း နိုင်ငံခြားနဲ့ ဒီကို ကူးချည်သန်းချည်မို့ သူမနဲ့ အတူနေရသည့် ရက်ဆိုတာက ခပ်ရှားရှားရယ်ပါ။ သူမနဲ့ အမြဲတမ်း နေရတာက ဒေါ်လေးရွှေနှစ်ပါပဲ။ ဒေါ်လေးရွှေနှစ်က ဖေဖေ့ညီမဖြစ်ပြီး သူမအပေါ်မှာလည်း မိခင်တစ်ယောက်လိုရော၊ သူငယ်ချင်း တစ်ယောက်လိုရော၊ အဒေါ်တစ်ယောက်လိုပါ ကောင်းသူဖြစ်သည်။ သူမအတွက်တော့ ဒေါ်လေးရွှေနှစ်က အမေဆိုလည်း ဟုတ်၊ အဖေဆိုလည်း ဟုတ်၊ အဒေါ်ဆိုလည်း ဟုတ်ကာ အောအင်ဝမ်းလူသားတစ်ယောက်ဟုပင် ပြောရပါတော့မည်။

"အဲဒီတော့ ဒေါ်လေးက နမ်းအကြောင်း ဖေဖေ့ကို ဘာတွေပြောလိုက်လဲ"





"ဘာပြောရမှာလဲ၊ အစ်ကိုကြီးသမီးကတော့ ထုံးစံအတိုင်း သရုပ်ဆောင်ပြိုင်ပွဲတွေ လျှောက်ဝင်နေတာပဲလို့ ဖြေလိုက်တာပေါ့"

"ဖေဖေက ဘာပြောလဲ အဲဒီတော့ …"

"လုပ်မှာဆိုလည်း ဖြစ်ဖြစ်မြောက်မြောက်ဖြစ်အောင် လုပ်တဲ့၊ မဖြစ်နိုင်ဘူးထင်ရင်လည်း အချိန်ကုန် ခံမနေနဲ့၊ နိုင်ငံခြားကို လိုက်ခဲ့တဲ့"

"ဟင်း … မသွားချင်ပါဘူး၊ စောင့်ကြည့်နေပါ၊ နမ်းမဝ ဘယ်လောက်စွမ်းတယ်ဆိုတာ ဖေဖေမြင်အောင် ပြမှာပါ"

"ပြပြ … နင်တို့ သားအဖနှစ်ယောက် အဆင်ပြေရင် ပြီးတာပါပဲ၊ အိပ်တော့ … ဒေါ်လေး မီးပိတ်ပေးခဲ့မယ်နော်"

"ဟုတ် … သင့်ခ်ယူ"

ဒေါ်လေးက အခန်းထဲက ရိုးရိုး အလင်းရောင်ကို မိတ်ခဲ့ကာ ညအိပ်မီးပြာလဲ့လဲ့ကိုသာ ဖွင့်ပေးခဲ့ပြီး အခန်းထဲက ပြန်ထွက်သွား၏။ ဒီတော့မှ သူမလည်း မျက်လုံးတွေကို မှိတ်ကာ အိပ်ဖို့အားယူရသည်။

ပြောမည့်သာ ပြောရသည်။ မနက်ဖြန်အတွက် ကြိုတွေးကာ စိတ်တွေ အနည်းငယ် လှုပ်ရှားနေတာမို့ အိပ်မှပျော်ပါ့မလား မသိ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်ပဲ ယုံကြည်မှုရှိတယ်ပြောပြော တကယ့် တကယ် နောက်ဆုံးဖိုင်နယ်နေ့ကို ရောက်လာစဉ်မှာတော့ နှမ်းမဝရဲ့ လက်တွေက အေးစက်စ ပြုလာခဲ့ပြီ။ နှမ်းမဝက စကာတင်အဆင့်တွေကို ဖြတ်ကျော်ကာ ဒီနေ့မှာ နောက်ဆုံး ဖိုင်နယ်ပွဲအနေနဲ့ မော်ဒယ်လ်လောကမှာ အောင်မြင်စ ပြုနေပြီဖြစ်သည့် ရန့်ဖြူဆိုသည့် မိန်းကလေးတစ်ယောက်နဲ့ ပြိုင်ရတော့မှာ။ အရင်နေ့က အေးအေးဆေးဆေး ဖြတ်ကျော်လာနိုင်ခဲ့ပေမယ့် အဆုံးဖြတ်နေ့ကို ရောက်လာတဲ့အခါမှာတော့ လူက စိတ်တွေ အရမ်းလှုပ်ရှားလာရသည်။ ညကလည်း တစ်ညလုံးအိပ်မပျော်ခဲ့သဖြင့် လူက နုံးချိချိနှင့် ဖြစ်နေရသလို ဒီနေ့ကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ရင် သူမရဲ့ အိပ်မက်တွေ တကယ်ဖြစ်လာတော့မယ်ဆိုသည့် အတွေးကလည်း သူမကို ဖိအားများစေသည်။ ဖြစ်ကိုဖြစ်ရမည်





ဆိုသည့်စိတ်က လူကို စက်ရုပ်တစ်ခုလို တောင့်မတ်မတ်နှင့် ဖြစ်သွားစေ၏။

ဒီနေ့ ပြိုင်ပွဲပုံစံက ဒိုင်လူကြီးတွေ ဖွင့်ပြသည့် ဇာတ်ကားတစ်ကားမှ ဇာတ်ဝင်ခန်းတစ်ခုကို တစ်ခေါက်တည်းသာ ကြည့်ခွင့်ရမည်ဖြစ်ပြီး အဲဒီဇာတ်ဝင်ခန်းကိုပဲ မင်းသားတစ်ယောက်နဲ့အတူ စတိတ်စင်ပေါ်မှာ ပြန်လည်သရုပ်ဆောင်ပြရမှာ ဖြစ်သည်။

အရင်ဆုံး သရုပ်ဆောင်ရမှာက ရန့်ဖြူ၊ ရန့်ဖြူက အောင်သီရိ ဗီဒီယိုထုတ်လုပ်ရေးက ထုတ်လုပ်ဖြန့်ချိထားသည့် တိမ်တိုက်ထကြီး ဇာတ်ကားထဲက အောင်ရဲလင်းနဲ့ စိုးမြတ်သူဇာတို့ သရုပ်ဆောင်ထားသည့် ဇာတ်ဝန်ခန်းတစ်ခုကို သရုပ်ဆောင်ရတာဖြစ်သည်။ အဲဒီဇာတ်ဝင်ခန်းမှာ စိုးမြတ်သူဇာ လုပ်သွားရသည့် ခံစားချက်အမျိုးမျိုးကို ပေးသည့်မျက်နှာထားက အရမ်းကိုပဲ ပညာသားပါတာပါ။ အစက ခပ်ရွှဲ့ရွှဲ့ မျက်နှာလေး၊ နောက်တော့ အောင်ရဲလင်းဆီက ထွက်လာသည့် ကွာရှင်းခွင့်စကားကြောင့် ပြောင်းလဲသွားသည့် မျက်နှာထားက ကြေကွဲမှု၊ ဝမ်းနည်းမှုတွေ၊ နောက်ဆုံး အထွင့်အထိပ်ကကျတော့ သူမရဲ့ အရှက်အတွက်၊ ဂုဏ်သိက္ခာအတွက် ရဲရဲတောက်နေသည့် မျက်နှာထားမျိုး။ ဒိုင်ယာလော့ခ်တွေတော့ အများကြီး မပြောရ။ ဒါပေမယ့် မျက်နှာအမူအရာက အရမ်းကို ပညာပြရတာ ဖြစ်သည်။

ရန့်ဖြူကလည်း တော်တော်လေးတော့ သရုပ်ဆောင်ခဲ့သည်။ စိုးမြတ်သူဇာကို မမီသော်လည်း သူမပုံစံနှင့် သူမ ကောင်းကောင်းသရုပ်ဆောင်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ရန့်ဖြူ သရုပ်ဆောင်နေတာကို ကြည့်နေတုန်းမှာပဲ ဘေးမှာ ထိုင်နေသည့် မေမီက နမ်းမဝရဲ့ လက်တွေကို ဆုပ်ကိုင်လာသည်။

"နမ်း … ရရဲ့လား၊ နင့်ပုံစံက ဖြူဖပ်ဖြူရော် ဖြစ်နေသလိုပဲ၊ ကြောက်နေတာလား"

"မဟုတ်ပါဘူးဟာ၊ ညက အိပ်မပျော်လို့ …"

အဲဒီလောက်သာ ပြောဖြစ်ပြီး အကြည့်က ရန့်ဖြူ သရုပ်ဆောင်နေသည့် စတိတ်စင်ပေါ်သို့ ရောက်သွားရသည်။ ပြီးတော့ ဒိုင်တွေရဲ့ ကျောကုန်းတွေ။ ဒိုင်တွေက သူမတို့ရှေ့မှာ အတန်းလိုက် သူမတို့ကို ကျောပေးကာ စတိတ်စင်ပေါ်ကိုကြည့်ပြီး အမှတ်ပေးနေကြတာ ဖြစ်သဖြင့် သူတို့တွေကို ကျောဘက်ကသာ မြင်နေရတာ ဖြစ်သော်လည်း သူတို့ဆီက အရှိန်တွေကို သူမကို လာဟပ်နေသလို ခံစားရစေသည်။

ရန့်ဖြူရဲ့ သရုပ်ဆောင်မှုကလည်း တဖြည်းဖြည်းနှင့် အရှိန်တက်လာနေပြီ။ ဒါပေမယ့် တစ်နေရာမှာ ဒိုင်ယာလော့ခ် မေ့ကာ တစ်ချက် ထစ်သွားသည်။

ဒါပေမယ့် ရန့်ဖြူက ချက်ချင်း ပြန်မှတ်မိကာ အိုက်တင်ကို ပြန်ထည့်လိုက်နိုင်၏။

"ငါ့ဂုဏ်သိက္ခာအတွက် ငါသေတဲ့အထိ နင့်ကို ဘယ်တော့မှ ကျွာ မပေးဘူး"

ရန့်ဖြူရဲ့ မာန်ပါပါနဲ့ အော်လိုက်သည့် နောက်ဆုံး ဒိုင်ယာလော့ခ် အပြီးမှာ လက်ခုပ်သံတွေ ညံသွားသည်။ ခဏနေတော့ ဒိုင်လူကြီး တစ်ဦးဖြစ်သည့် မရတုမေဆီက အသံတစ်ခု ထွက်လာသည်။





"အခု သရုပ်ဆောင်ရမှာက နမ်းမဝပါ၊ နမ်းမဝကကျတော့ အောင်သီရိက ထုတ်ထားတဲ့ နတ်သမီးမျှားတဲ့ငါး ဇာတ်ကားထဲက ဇာတ်ဝင်ခန်းတစ်ခုမှ အိန္ဒြာကျော်ဇင် သရုပ်ဆောင်ထားတဲ့ နေရာ ကနေ သရုပ်ဆောင်ပြရမှာပါ၊ အဲဒီ ဇာတ်ဝင်ခန်းကို ဖွင့်ပြပါ့မယ်။ နမ်းမဝ သေချာကြည့်ထားပါ၊ တစ်ခေါက်ပဲ ဖွင့်ပြမှာပါ …"

ရတုမေက စကားကို သူမရှေ့မှာရှိသည့် မိုက်ကနေပဲ ပြောတာဖြစ်ပြီး နမ်းမဝရှိရာကို လှည့်မကြည့်ပါ။ ဒါပေမယ့်လည်း အဲဒီအသံ တစ်ခုတည်းနှင့်တင်ကိုပဲ နမ်းမဝကို တော်တော်လေး ရင်ခုန်စေတာ ဖြစ်ပါသည်။

ရတုမေရဲ့ စကားအဆုံးမှာတော့ စတိတ်စင်ပေါ်က ပရိုဂျက်တာမှာ အရုပ်တွေပေါ်လာသည်။ ပြောရရင်တော့ သူမ သရုပ်ဆောင်ရမည့် ဇာတ်ဝင်ခန်း။ အဲဒီဇာတ်ဝင်ခန်းမှာက စိုင်းစိုင်းခမ်းလှိုင်၊ အန်တီဝါဝါအောင်နှင့် အိန္ဒြာကျော်ဇင်တို့က သရုပ်ဆောင်ထားတာ ဖြစ်ပါသည်။

နမ်းမဝ သရုပ်ရမည့် အခန်းကလည်း လွယ်တော့ မလွယ်။ ဒါပေမယ့် လို့ အဲဒီဇာတ်ကားကို နမ်းမဝ ကြည့်ဖူးပါသည်။ အခု တစ်ခါ ကြည့်တာကတော့ ကိုယ်တိုင် သရုပ်ဆောင်ဖို့ဆိုတော့ အစစလိုက်မှတ်ရ သည်။ အဓိကက ဒိုင်ယာလော့ခ်တွေ။

နမူနာ ပြပြီးသွားတော့ အားလုံး ငြိမ်သက်သွားကြသည်။ ဒီအချိန်မှာတင်ပဲ မရတုမေဆီက အသံ ထပ်ထွက်လာပြန်သည်။

"နမ်းမဝ စင်ပေါ်ကို တက်လာခဲ့ပါ၊ အတူတွဲ သရုပ်ဆောင်ဖို့အတွက် ကိုတော့ စောစောက သရုပ်ဆောင်ပေးသွားတဲ့ ရုပ်ရှင်မင်းသား

www.burmeseclassic.com

www.burmeseclassic.com



သစ်ဆန်းနဲ့အတူ မဝါဝါအောင်ကို ဖိတ်ခေါ်ပါတယ်၊ အားလုံးပဲ စင်ပေါ်မှာ နေရာယူပေးကြဖို့ ဖိတ်ခေါ်အပ်ပါတယ်"

နမ်းမဝက အသက်ကို ဝဝ တစ်ချက်ရှူသွင်းလိုက်ပြီးနောက် မေမီကို ပြုံးပြကာ စင်ပေါ်မှာ အန်တီဝါဝါအောင်၊ ရုပ်ရှင်မင်းသား သစ်ဆန်းတို့နှင့်အတူ နေရာသွားယူလိုက်သည်။

အချက်ပေးသံ အဆုံးမှာတော့ သရုပ်ဆောင်ခြင်းကို စတင်ကြရတော့သည်။ ရုပ်ရှင်လောကရဲ့ နာမည်ရ ဝါရင့်တွေနဲ့ သရုပ်ဆောင်ရတာမို့ နည်းနည်းတော့ ရှိန်တိန်တိန်ရယ်ပါ။ ဒါပေမယ့် သူမ အကောင်းဆုံးဖြစ်အောင် ကြိုးစားသည်။ အစတော့ အနည်းနည်းလန့်သလိုလို ဖြစ်နေသေးပေမယ့် ဒိုင်ယာလော့ခ် နှစ်ခွန်းလောက်ပြောအပြီးမှာတော့ အဆင်ပြေသွားသည်။

သရုပ်ဆောင်ပြီးသွားချိန်မှာတော့ လက်ခုပ်သံတွေ ညံသွားသည်။ သူမ လုပ်နိုင်လိုက်ပြီဆိုသည့် အသိက ဖိစီးမှုတွေကို လျော့ပါးသွားစေသည်။

"တစ်နာရီခန့် ခဏနားပါမယ်၊ ပြီးမှ အရွေးခံရတဲ့သူကို ကြေညာပေးမှာ ဖြစ်ပါတယ်"



လူက ထုံတုံတုံဖြစ်နေတာမို့ စိတ်တွေ ပြန်လန်းသွားအောင်ဆိုပြီး သူမနဲ့ မေမီက အနီးနားက အအေးဆိုင်တစ်ဆိုင်မှာ ခဏသွားထိုင်လိုက်ကြသည်။

နောက်တစ်နာရီမှ အရွေးခံရသူကို ကြေညာမှာမို့ သူမတို့ အေးအေးဆေးဆေး ထိုင်လို့ရလေသည်။

"အဆင်ပြေမှာပါနော် ... မေမီ"

"ပြေမှာပါ၊ နင် အကောင်းဆုံး လုပ်နိုင်ခဲ့တာပဲ၊ ပြီးတော့ နင်က ဒိုင်ယာလော့ခ် လုံးဝ မမှားဘူး၊ ရန့်ဖြူက ဒိုင်ယာလော့ခ်လည်း တစ်ချက်မှားထားတာလေ၊ ဟုတ်တယ်မဟုတ်လား ..."

"အင်း ... ရင်တွေ တအားခုန်တာပဲ"

သူမ စကားအဆုံး မေမီက သူမလက်တစ်ဖက်ကို အားပေးသလို ဆုပ်ကိုင်ရင်း ပြုံးပြလာသည်။

"စိတ်အေးအေးထားပါ၊ နင်ပဲ အရွေးခံရမှာ သေချာပါတယ်"

နမ်းမဝ ခေါင်းညိတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ် ... သူမ အကောင်းဆုံး ကြိုးစားခဲ့တာပဲ။ ပြီးတော့ ရန့်ဖြူလိုလည်း အမှားမဖြစ်ခဲ့ဘူး။ ဒီတော့ ဒီနေ့ ပန်းပန်နိုင်သူဟာ သူမပဲ ဖြစ်မှာပါ။ ဟုတ်တယ် ... သူမပဲ ဖြစ်မှာပါ။



နမ်းမဝနဲ့ ရန့်ဖြူက စတိတ်စင်ပေါ်မှာ ဘေးချင်းယှဉ်ရပ်ရင်းက ဒိုင်လူကြီးတွေနဲ့ လာရောက်အားပေးတဲ့ ပရိသတ်တွေကို ကြည့်နေမိသည်။

နှစ်ယောက်စလုံးက တစ်ယောက် ရင်ခုန်သံကို တစ်ယောက် ကြားနေရသလိုပါပဲ။

ဒီအချိန်မှာပဲ ဒိုင်လူကြီး ငါးယောက်ရဲ့ အလယ်အဆုံးမှာ ထိုင်နေသူဖြစ်တဲ့ ရတုမေက နမ်းမဝတို့ နှစ်ယောက်ကို ဝေ့ကြည့်လာရင်းက စကားဆိုလာသည်။

"အရွေးခံလိုက်ရသူကို ကျွန်မတို့ မပြောခင်မှာ တစ်ခု ကြိုပြောချင်ပါတယ်၊ အရွေးမခံရတဲ့သူအတွက် ပြောချင်တာပါ၊ ဒီပွဲမှာ အရွေးမခံလိုက်ရပေမယ့်လို့ စိတ်ဓာတ်မကျပါနဲ့၊ ဒါဟာ ဘဝတစ်သက်တာလုံးအတွက် မဟုတ်ပါဘူး၊ ဒီနေ့မှာ ကျန်နေခဲ့ပေမယ့်လို့ နောက်နေ့တွေတိုင်းမှာ ဆက်လက်ကြိုးစားပါ၊ ကြိုးစားတဲ့သူအတွက် အနုပညာလောကမှာ နေရာတစ်ခုဆိုတာ အမြဲတမ်းရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက် စိတ်ဓာတ်ကျမသွားဘဲ ဆက်လက်ကြိုးစားပါလို့ တိုက်တွန်းချင်ပါတယ်၊ ကဲ … ကျွန်မတို့ လူရွေးချယ်တာကို စလိုက်ရအောင်နော်၊ ကျွန်မတို့ ဒိုင်ငါးယောက် ရှိပါတယ်၊ အဲဒီ ဒိုင်ငါးယောက်က သူတို့ရွေးချယ်လိုက်တဲ့ လူရဲ့ နာမည်ပါတဲ့ ကတ်ကို ထောင်ပြမှာဖြစ်ပါတယ်၊ မဲအများဆုံး ပေးခံရတဲ့သူက အောင်သီရိက တင်တဲ့ မင်းသမီးအဖြစ်ကို ရရှိမှာပါ၊ ကဲ … စလိုက် ရအောင်နော် …

အခန်းတစ်ခုလုံးက အပ်ကျသံကြားရလောက်အောင်ကိုပဲ တိတ်ဆိတ်သွားရတော့သည်။ အားလုံး အားလုံးရဲ့ အာရုံတွေက ဒိုင်တွေဆီမှာ။

အဲဒီလို တိတ်ဆိတ်နေမှုကို ရတုမေကပဲ ဖြိုခွင်းလိုက်ပြန်သည်။

"ပထမဦးဆုံး အောင်သီရိထုတ်လုပ်ရေးက တာဝန်ရှိသူမှ မဲပေးမှာ ဖြစ်ပါတယ်"

သူမတို့ နှစ်ယောက်အကြည့်က အောင်သီရိထုတ်လုပ်ရေးမှ တာဝန်ရှိသူထံ ရောက်သွားရသည်။ ရင်တွေက တထိတ်ထိတ်။

အောင်သီရိထုတ်လုပ်ရေးမှ တာဝန်ရှိသူရဲ့ လက်တစ်ဖက်က မြှောက်တက်လာသည်။

သူ မြှောက်လိုက်သည့် နာမည်တကတ်ပြားက …

"ရန့်ဖြူပါ"

ပရိသတ်၏ လက်ခုပ်သံတွေနှင့်အတူ နမ်းမဝရင်ထဲမှာ





တာဆင်းသွားရသည်။ မေမီရှိရာကို ကြည့်လိုက်မိတော့ မေမီက အားပေး ပြုံးတစ်ခုကို ပြုံးပြ၏။ မေမီ့အပြုံးက 'ဘာမှမဖြစ်ဘူး၊ နောက်ထပ် လေးယောက် ကျန်သေးတယ်' ဆိုသည့် အပြုံးမျိုး။

ဟုတ်တယ် … နောက်ထပ် လေးယောက်ကြီးများတောင် ကျန်သေးတာပဲ။

သူမ အားတင်းလိုက်စဉ်မှာပဲ ဒုတိယမြောက် မဲပေးသူဖြစ်သည့် ဒါရိုက်တာ ဦးကျော်ကြားရဲ့ လက်တစ်ဖက်က မြှောက်တက်လာသည်။

ကတ်မှာရေးထားတာက …

"နမ်းမဝ ဖြစ်ပါတယ်"

ရတုမေရဲ့ အသံနှင့်အတူ ရင်ထဲမှာ လှိုက်ခနဲ။ လက်ခုပ်သံတွေလည်း ညံသွားသည်။ အဲဒီလက်ခုပ်သံတွေထဲမှာ မေမီကျော်၏ လက်ခုပ်သံက အကျယ်ဆုံးဖြစ်မည် ထင်ပါသည်။

နောက်ထပ် မဲပေးသူက ဓာတ်ပုံဆရာ ဝဏ္ဏ။ သူ့ရဲ့လက်တစ်ဖက်လည်း ထုံးစံအတိုင်း မြှောက်တက်လာ၏။

"နမ်းမဝပဲ ဖြစ်ပါတယ်"

လူက ဟိုးအပေါ်ကို မြှောက်တက်သွားသလိုပါပင်။ သူမက သာသွားပြီ။

ဟုတ်တယ်။ သူမက နှစ်မဲ၊ ရန့်ဖြူက တစ်မဲ။

ဘုရား … ဘုရား … မေမီကျော်ကဆို ထိုင်နေရာကနေ ထတ်တက်ရပ်ပြီးတော့ကို လက်ခုပ်တီးနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အခုတစ်ခါ မဲပေးဖို့ အလှည့်ကျလာတာကတော့ မင်းသား သစ်ဆန်း။ သစ်ဆန်းရဲ့ အကြည့်က နမ်းဝမနှင့် ရန့်ဖြူတို့ဆီကို ရောက်လာသည်။

ဘုရား ... ဘုရား ... သူ ဘယ်သူ့ကို ရွေးမှာပါလိမ့်။ သူမ ကိုလား ...။ ရန့်ဖြူကိုလား ...။

သူမကို ရွေးလိုက်ရင်တော့ လူရွေးပွဲက ဒီမှာတင် ပြီးသွားမည်ဖြစ်ပြီး ကျန်နေသေးသည့် မရတုမေ၏ မဲကို ဆက်ကြည့်စရာ မလိုတော့ချေ။ သူသာ ရန့်ဖြူကို ရွေးလိုက်ရင်တော့ ပွဲက နှစ်မဲတစ်မဲဖြင့် မရတုမေ၏မဲကို ဆက်ကြည့်ရပေဦးမည်ဖြစ်သည်။ နောက်တော့ မင်းသား သစ်ဆန်းက တစ်ချက်ပြုံးလိုက်ကာ သူ့လက်တစ်ဖက်ကို မြှောက်လိုက်၏။

"ရန့်ဖြူပါ ..."

လက်ခုပ်သံတွေ ထွက်လာသည်။

ပွဲကလည်း ပိုမို စိတ်လှုပ်ရှားစရာ ကောင်းလာ၏။ မဲက နှစ်မဲဆီ။ နောက်ဆုံး မဲပေးရမှာက မရတုမေ။ မရတုမေ၏ မဲက နမ်းမဝနှင့် ရန့်ဖြူတို့ နှစ်ယောက်အတွက် အဆုံးအဲဖြတ်ပင် ဖြစ်ချေသည်။

နမ်းမဝနှင့် ရန့်ဖြူတို့၏ အကြည့်တွေက ရတုမေထံကို ရောက်သွားသည်။ သူတို့နှစ်ယောက်တင်ပဲလားဆိုတော့ မဟုတ်။ အားလုံးရဲ့ အာရုံတွေက ရတုမေဆီမှာ။

ရတုမေက သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ရင်း ပြုံးလိုက်၏။

"အပင်း ... ကျွန်မ အလှည့်ပေါ့၊ နောက်ဆုံးနေရတာ မကောင်း





မှန်း အခုမှသိတော့တယ်ရှင့်၊ ရှေ့က ဆရာသမားတွေက နှစ်မဲဆီ ပေးပြီး ကျွန်မကို လူမိုက်ငှားလိုက်သလိုပါပဲ ..."

ရယ်သံတွေ ညံသွားသည်။ ဒါပေမယ့် နမ်းမဝကတော့ မရယ်နိုင်။ မရတုမေ ဘယ်သူ့ကိုများ ရွေးမှာပါလိမ့် ...။

ဘုရား ... ဘုရား။ မရတုမေက ရန့်ဖြူကိုများ ရွေးလိုက်လေမလား။ ရန့်ဖြူ ... ရန့်ဖြူက မရတုမေရဲ့ Stars model agency ကနေ ထွက်လာတဲ့ မော်ဒယ်လ်တစ်ယောက်လေ ...။

ဘုရား ... ဘုရား ... မရတုမေဆီသာ အဲဒီလို မျက်နှာလိုက်လိုက်ရင်တော့ ...။

နမ်းမဝရဲ့ အတွေးမဆုံးခင်ပင် ရတုမေဆီက အသံ ထပ်ထွက်လာသည်။

"စပြီးပြီဆိုတော့လည်း အဆုံးသတ်ရတော့မှာပေါ့နော်၊ ဒီတော့ ကျွန်မ အဖြေကို ပြောပါတော့မယ်၊ ကျွန်မရဲ့ အဖြေကတော့ ..."

စကားလည်းဆုံး ရတုမေရဲ့ လက်တစ်ဖက် မြှောက်တက်လာသည်။

သူမလက်ထဲမှာ ကိုင်ထားသည့် ကတ်မှာ ရေးထားတာကတော့ ...

'ရန့်ဖြူ'

လက်ခုပ်သံတွေ ညံစည်သွားသလို လက်ခေါက်မှုတ်သံတွေလည်း ထွက်လာသည်။

နမ်းမဝကတော့ ခေါင်းငိုက်စိုက်ကျသွားရသလို မျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



ချက် အထုပ်အပိုးကြီးတစ်ခုလုံး ဟိုးချောက်နက်ကြီးထဲကို ပြုတ်ကျသွားရသလို ခံစားလိုက်ရသည်။ တစ်စုံတစ်ခုကိုလည်း သူမ ကောင်းကောင်းခံစားသိလိုက်ရ၏။ အဲဒါကို သိလိုက်ရသည့် အချိန်မှာတော့ သူမရင်ထဲက ဝမ်းနည်းမှုတွေက ရုတ်ချည်းပင် ပျောက်ကွယ်သွားကာ မခံချင်စိတ်၊ သရော်တော်တော် လှောင်ပြောင်ချင်စိတ်တွေကသာ နိုးကြွလာလျက် သူမက ဘာမှမဖြစ်သည့် အပြုံးတစ်ခုကို ကောက်ပြုံးပစ်လိုက်ရင်း ငုံ့ကျသွားသည့် မျက်နှာက ပြန်မော့ပစ်လိုက်ကာ မရတုမေနှင့် မျက်လုံးချင်းဆုံကြည့်လိုက်မိသည်။

ရှင် … သိပ်တော်ပါတယ် မရတုမေ။ ဒီရွေးချယ်မှုကို လုပ်ဖို့ ရှင် တော်တော် ခေါင်းစားခံလိုက်ရမှာပဲ။ ဟင်း … ဒီလောက်တော်တဲ့ရှင် အခုလို အနုပညာလောကမှာ နာမည်ကြီးနေတာကို ကျွန်မ မအံ့သြတော့ပါဘူး။

ရတုမေက သူမကို အားပေးပြုံးမျိုးဖြင့် ပြုံးကြည့်နေ၏။ နှမ်းမဝကလည်း ရတုမေနည်းတူ ပြန်လည်ကာ ပြုံးစိုက်ကြည့်ပေးနေလိုက်ပါသည်။



## အခန်း(၃)

နှမ်းမဝက တောက်တစ်ချက်ကို ခပ်ပြင်းပြင်းနှင့် နာကြည်းစွာ ခေါက်လိုက်မိသည်။

မျက်လုံးထဲမှာ မရတုမေ၏မျက်နှာကို ဘယ်လိုမှ ဖျောက်ဖျက်ပစ်လို့ မရ။

တွေးလေလေ ခံရခက်လေလေပင် ဖြစ်သည်။

"ဒါ … လုံးဝ မျက်နှာလိုက်မှုသက်သက်ကြီးဟာ၊ ငါလုံးဝ ခံစားလို့မရဘူး၊ တကယ်ဆို သူ ငါ့ကိုပဲ ရွေးသင့်တာ၊ ရန့်ဖြူက ဒိုင်ယာလော့ခ် တစ်ချက်မှားထားတာပဲ၊ ငါက လုံးဝ အမှားမလုပ်ခဲ့ဘူး၊ ရန့်ဖြူက သူ့မော်ဒယ်လ် အေဂျင်စီမှာ တက်နေတဲ့သူဆိုပြီးတော့ ရွေးလိုက်တာ၊ လုံးဝ မတရားဘူး"

"ဟုတ်တယ် … ငါလည်း အဲလိုပဲခံစားရတယ်၊ ငါတို့တင် မဟုတ်ပါဘူး၊ ပရိသတ် တော်တော်များများလည်း မရတုမေရဲ့ ရွေးချယ်မှုကို ဝေဖန်နေကြတယ်လေ၊ သူ မရှက်ဘူးလားမသိဘူး၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သူက ဒီလို လုပ်ချင်လို့ကို မဲပေးတဲ့နေရာမှာ နောက်ဆုံးနေရာကို ယူထားတာပဲ ဖြစ်ရမယ်"

မေမီကလည်း သူမဘက်ကနေ မခံမရပ်နိုင်စွာ ဝင်ပြောသည်။ တကယ်ဆို ရတုမေက နမ်းမဝရဲ့ စံပြပုဂ္ဂိုလ်တစ်ယောက်အဖြစ် နမ်းမဝက သတ်မှတ်ထားတာပါ။ ရတုမေရဲ့ အပြော၊ အပြုံး၊ အကြည့်တွေ၊ လှုပ်ရှားပုံတွေ အားလုံး အားလုံးကို အရမ်းနှစ်သက်ကာ အတုခိုး အားကျခဲ့ရတာ။ တစ်နေ့မှာ ရတုမေလို ဖြစ်လာရမယ်ဆိုပြီးတော့လည်း အိပ်မက်တွေ အများကြီး မက်ထားမိတာပါ။

အခုတော့ သူမရဲ့ အိပ်မက်တွေကို ဖျက်ဆီးလိုက်သူဟာ သူမ သိပ်ကိုလေးစား အားကျ ချစ်ခင်အားပေးခဲ့ရတဲ့ ရတုမေတဲ့လား ...။

ဟား ... လောကကြီးက အတော်လည်း မျက်လှည့်ပြတတ်တာပဲ။

ဒီအချိန်မှာတော့ နမ်းမဝဟာ ရတုမေလို မဖြစ်ချင်တော့ပေ။ ဒါပေမယ့် ရတုမေထက် ပိုမိုအောင်မြင်တဲ့ လူတစ်ယောက် ဖြစ်ကို ဖြစ်လာစေရမယ်လို့ ဆုံးဖြတ်ထားလိုက်မိသည်။

"ငါ လုံးဝ မကျေနပ်ဘူးဟာ၊ ငါ သူ့ရှေ့မှာ ခေါင်းမော့ပြီးတော့ လျှောက်နိုင်တဲ့ ဘဝမျိုးကို လိုချင်တယ်၊ သူ ကျောသပ်ပြီး ချန်ခဲ့တဲ့ နမ်းမဝဆိုတဲ့ မိန်းမဟာ ဘယ်လို အဆိပ်ပြင်းတယ်ဆိုတာကို သူသိအောင် ငါပြရမယ်"

ပြောပြီး နမ်းမဝက ခုတင်ပေါ်မှာ တင်ပါးလွှဲထိုင်နေရာက နေ ထရပ်လိုက်ကာ အခန်း၏ တစ်နေရာရှိ နံရံမှာကပ်ထားသော ရတုမေ၏ ပိုစတာနားသို့ လျှောက်သွားလိုက်ကာ ပိုစတာနှင့် မျက်နှာချင်းဆိုင်လိုက်မိသည်။





ပိုစတာထဲမှ ရတုမေက နမ်းမဝကို ပြုံးစစဖြင့် ကြည့်နေ၏။ အဲဒီအကြည့်က သူမကို လှောင်နေသလိုလိုပါပင်။ နားထဲမှာလည်း ရတုမေ၏ လှောင်ရယ်သံတွေကို ကြားလာရ၏။

နောက်တော့ နမ်းမဝက နံရံပေါ်က ပိုစတာကို ဆွဲခွာဖြုတ်ကာ အစိတ်စိတ်အမွှာမွှာ ဖြစ်သည်အထိ စုတ်ဖြဲပစ်လိုက်တော့သည်။

ရှင်နဲ့ ကျွန်မ တကွေ့ကွေ့တော့ တွေ့ကြဦးမှာပါ မရတုမေရယ် ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

♥ ♥ ♥

ရတုမေက မော်ဒယ်လ် ကောင်မလေးတွေကို လမ်း ဘယ် လိုလျှောက်ရတယ်ဆိုတာကို ပြောပြ၊ ကိုယ်တိုင်လည်း လျှောက်ပြ စသည်ဖြင့် နှစ်နာရီဏလောက်ကြာအောင် ထရိန်နင်ပေးအပြီးမှာတော့ လူက အနည်းငယ် မောသွားပြီဖြစ်သည်။ ဒီလိုနှင့် ရေဆာလာသဖြင့် ရုံးခန်းထဲက ရေခဲသေတ္တာဆီ သွားကာ ရေသန့်တစ်ဘူးကို ထုတ်ပြီး မော့နေစဉ်မှာပဲ သူမ ဟန်းဖုန်းက မြည်လာ၏။

နံပါတ်ကို ကြည့်လိုက်တော့ မိုင်းဆီက။ သူမက ရေကို ဝအောင်သောက်ပစ်လိုက်ပြီးမှ ဖုန်းကို ဖွင့်ကာ နားထောင်ဖြစ်သည်။

"ပြော ... မိုင်း"

"မေ အခုဘယ်မှာလဲ"

"အေဂျင်စီမှာလေ၊ ဘာလို့လဲ ..."

"ဒီည အားလား မေ၊ ကိုယ်တို့ ဒင်နာအတူတူ စားရအောင်လေ [illegible]





ကိုယ့်ချစ်သူလေးနဲ့ ထမင်းလက်ဆုံမစားရတာ ဘယ်လောက်ကြာ နေပြီလဲ"

"အဲဒါမှ ကွိုင်ပဲ မိုင်းရဲ့၊ ဒီည ပွဲတက်စရာတစ်ခု ရှိနေတယ်၊ မနက်ဖြန်တော့ အားတယ်၊ မနက်ဖြန်မှ စားရအောင် နော် ..."

သူမ စကားအဆုံး တစ်ဖက်မှ သက်ပြင်းချသံ အကျယ်ကြီး ထွက်လာ၏။

"ဟင်း ... ထင်သားပဲ၊ ပြောသာ ပြောတာ၊ မအားလောက်ဘူးဆိုတာ ခန့်မှန်းပြီးသား"

"အဟင်း ... ကြိုမှ မပြောတာကိုးလို့၊ ဘာလဲ ... စိတ်ဆိုးတာလား"

"မဆိုးရဲပါဘူးဗျာ ... မဆိုးရဲပါဘူး၊ ဒါပဲနော် ... မနက်ဖြန်ညတော့ ကိုယ့်အတွက်ပဲ ဖြစ်ရမယ်၊ အိုခေလား ..."

"အင်းပါ ... စိတ်ချ၊ ဘာပြောဦးမလဲ"

"မပြောတော့ပါဘူး၊ ဆီးယူ ... ဆီးယူ"

သူမက သဘောတကျဖြင့် တစ်ချက် ပြုံးလိုက်ကာ ဖုန်းကို အောင်းဘီအိတ်ကပ်အတွင်းသို့ ထိုးသွင်းလိုက်သည်။ သူမက အခုလို [illegible]နင် ပေးတဲ့အခါတွေမှာ လွတ်လွတ်လပ်လပ် ရှိစေဖို့ ချည်သား [illegible]ောင်းဘီ ခပ်ပွပွများကိုသာ ဝတ်ဆင်လေ့ရှိတာ ဖြစ်သည်။

အဝတ်အစားဆိုတာကလည်း သူ့နေရာနှင့်သူ လိုက်ဖက် [illegible]အောင် ဝတ်စားမှ သက်သောင့်သက်သာ ရှိတာဖြစ်ပါသည်။ လူမှာ [illegible]၊ တောင်းမှာအကွပ် ဆိုသည့် စကားတောင် ရှိသေးတာ မဟုတ်ပါ [illegible] ...



www.burmeseclassic.com

www.burmeseclassic.com

နမ်းမဝက ကိုယ်လုံးပေါ် မှန်ရှေ့မှာ ရပ်ရင်း မှန်ထဲမှာ ပေါ်နေသည့် သူမကိုယ် သူမ ပြန်စိုက်ကြည့်နေမိသည်။ အခုဆိုရင် သူမ မဆင်းရှုပါရဲ့ Sky model agency မှာ တက်နေသည်မှာ သုံးလရှိပြီ ဖြစ်သည်။ ဒီသုံးလအတွင်းမှာ သူမ၏ နေပုံထိုင်ပုံ၊ ခံယူချက်၊ ဝတ်စား ဆင်ယင်မှုတွေက အရမ်းကိုပဲ စမတ်ကျကာ ဆွဲဆောင်မှု ရှိလာခဲ့ပြီဖြစ် သည်။

အောင်သီရိ ဗီဒီယိုထုတ်လုပ်ရေးက မင်းသမီးသစ် ရွေးပွဲမှာ တတည်းက သူမကို သတိထားမိသွားကြသည့် ထုတ်လုပ်ရေးအချို့က သူမကို ဒုတိယမင်းသမီးအဖြစ် လာရောက်ကမ်းလှမ်းကာ ဇာတ်ကားအချို့ မှာ ပါဝင်သရုပ်ဆောင်ပေးဖို့ ပြောခဲ့သော်လည်း သူမက လာသမျှ ကမ်း လှမ်းမှုအားလုံးကို ငြင်းဆန်ကာ ဒီမော်ဒယ်လ် သင်တန်းကို တက်ခဲ့တာ ဖြစ်သည်။

သူမ လိုချင်သည့် နေရာမှာ ဒုတိယနေရာ မဟုတ်။ ပထမ နေရာ ဖြစ်သည်။ ဒုတိယ မင်းသမီးနေရာမှာ သရုပ်ဆောင်ရင်း ခေါက်





ရိုးကျိုးသွားသည့် မော်ဒယ်လ်တွေ အများအပြားကိုလည်း သူမက တွေ့ ဖူးထားသည်မို့ သူမက ဒုတိယနေရာဆိုတာကို ခေါင်းထဲမှာ လုံးဝကို ထည့်မထားချေ။ ပြီးတော့ သူမက အရှိန်တစ်ခု လိုချင်သည့်အတွက်လည်း အချိန်တစ်ခုကို စောင့်နေခဲ့တာ ဖြစ်ပါသည်။

ပြီးတော့ လွန်ခဲ့သော သုံးလခန့်က အနည်းငယ် ရိုးသား ဟန်ပေါက်သော သူမ၏ ပုံစံတို့သည်လည်း အခုတော့ ပျောက်ကွယ်သွား ခဲ့ပြီ။ မဟုတ်ဘူး ... မရိုးသားတော့တာ မဟုတ်ဘူး။ မရိုးကုပ်တော့တာ ဖြစ်ပါသည်။

နေ့စဉ်နှင့်အမျှ သူမ၏ ပထမဦးဆုံး ရှုံးနိမ့်မှုကို ပေးခဲ့သည့် ခရုတုမေအကြောင်းကို စဉ်းစားသည်။ အဲဒီလို စဉ်းစားလိုက်တိုင်းလည်း အထိနာခဲ့သည့် နေရာက တဆစ်ဆစ်နာ၏။

အဲဒီ တဆစ်ဆစ်နာမှုကိုလည်း သူမက တမင်တကာကိုပဲ သက်သပ်မွေးထားခဲ့တာ ဖြစ်ပြီး အဲဒီအနာကပဲ သူမ့ကို ကြိုးစားစေဖို့ တွန်းအားတွေ ပေးခဲ့တာ ဖြစ်ပါသည်။

"ဟော ... နမ်း မပြန်သေးဘူးလား၊ အစ်မက ပြန်သွားပြီထင်နေတာ၊ သူများတွေတောင် ပြန်ကုန်ပြီ၊ ဒီမှာ ရပ်ပြီး ဘာလုပ်နေတာလဲ ..."

အသံတစ်ခုနှင့်အတူ အနားရောက်လာသည့် မဆင်းရှုပါ ကြောင့် အတွေးစတို့က လွင့်ပျယ်သွားရကာ မဆင်းရှုပါ့ကို လှည့်မကြည့် ဘဲ မှန်ထဲကသာ ကြည့်ပြုံးပြလိုက်မိသည်။

"အဟင်း ... ဘာရယ်မဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်း စစ်နေတာပါ၊ ဘယ်နေရာမှာ ဘာလိုနေသလဲလို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမလိုဘူး၊ အမှန်အတိုင်းပြောရရင် ဒီမော်ဒယ်လ်အေဂျင်စီရဲ့ အခုတစ်ပတ် သင်တန်းသူတွေထဲမှာ နမ်းက အပေါ်လွင်ဆုံးပဲ၊ အားလုံးထဲမှာ ထင်းနေတာ၊ အဲလို ထင်းနေလို့ပဲ အစ်မက နမ်းကို အကြံတစ်ခု ပေးမလို့ ..."

"ဟုတ်လား ... ဘာအကြံများလဲ အစ်မရဲ့"

"ရွှေလထဲမှာ People မဂ္ဂဇင်းက လုပ်မယ့် Miss People ပြိုင်ပွဲရှိတယ်လေ၊ အဲဒီမှာဝင်ပြိုင်ပါလားလို့၊ အဲဒီမှာသာ သရဖူ ရလိုက်လို့ကတော့ နမ်းမဝရဲ့ ဘဝက အရှိန်ကို တောက်ပသွားမှာ၊ နမ်းမဝပုံနဲ့ဆို ရလည်းရနိုင်တယ်၊ ဘော်ဒီရော၊ အရပ်အမောင်းရော၊ ရုပ်ရည်ရော အစစ ရှိပြီးသားလေ၊ မော်ဒယ်လ်သင်တန်း တက်ပြီး ဟိုစပ်စပ် ဒီစပ်စပ်နဲ့ ဝင်တိုးနေတာနဲ့စာရင် အခုလို ပြိုင်ပွဲကြီး ဝင်ပြီး သရဖူကိုယူလိုက်တာက လူပိုသိတယ်၊ ပြီးတော့ အနုပညာ အသိုက်အဝန်းမှာလည်း ရိုးလ် မြင့်တယ်၊ ဘယ်လိုလဲ ပြိုင်မလား"

"ဟုတ် ... နမ်း ပြိုင်ချင်တယ်၊ နမ်းလည်း အဲလိုပဲ တွေးထားတာပါ၊ နည်းနည်း အရှိန်အဝါရှိတဲ့ ပြိုင်ပွဲတစ်ခုမှာ ဝင်ပြိုင်ဖို့ ဒီသင်တန်း မတက်ခင်ကတည်းက တွေးထားပြီးသားလေ၊ နမ်း ကြိုးစားကြည့်မယ် အစ်မရယ်၊ နမ်း အောင်မြင်ချင်တယ်၊ အနုပညာလောကမှာ နေရာတစ်ခု ရချင်တယ်၊ ဒါပေမယ့် အဲဒီနေရာဟာ တော်ရုံရော်ရီ နေရာတစ်ခုတော့ မဖြစ်ချင်ဘူး၊ နမ်း အောင်ကို အောင်မြင်ရမယ် အစ်မရယ်"

"အိုခေ ... ဖြစ်ချင်စိတ်ရှိရင် လုပ်၊ ဖြစ်ကို ဖြစ်ပါတယ်၊ ဒါ့ပြီ





အစ်မ ဖောင်ဝယ်ထားလိုက်တော့မယ်၊ နမ်းလိုပဲ အစ်မ အေဂျင်စီက နေ အခြားကောင်မလေးတွေလည်း ပြိုင်ကြဦးမှာလေ ..."

နမ်းမဝက မဆင်းရုပါကို ခေါင်းညိတ်ပြလိုက်ကာ မှန်ထဲက ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်လိုက်မိပြန်သည်။ သူမ မျက်နှာကျက မြန်မာရုပ်ထက် အနောက်တိုင်း နည်းနည်းဆန်နေတော့ အလိုလိုနေရင်း ဆွဲဆောင်မှုရှိနေသော ရုပ်ရည်မျိုးပင် ဖြစ်သည်။ ဒါကို သူမကိုယ်တိုင် ဆက်ခံသလို သူမကို မြင်ဖူးသော လူတော်တော်များများကလည်း ပြောဖူးပါသည်။ အဲဒီလို ရုပ်ရည်မှာမှ သူမက ထိမထင်သော အရိပ်တစ်ခုကို ခန့်မိုက်မိုက်မွေးမြူကာ မျက်လုံးအကြည့်တွေကိုလည်းစူးရှတောက်ပအောင် လေ့ကျင့်ယူထားသေးတာ ဖြစ်ပါသည်။

အခုတော့ သူမ၏ ကြိုးစားလေ့ကျင့်ထားမှုတွေကို မှတ်ချက်တင်ခံကြည့်ရတော့မည်။ ပြီးတော့ အောင်ကို အောင်မြင်ရမည်ဟူသော ယုံကြည်ချက်တစ်မျိုးကလည်း သူမမှာ ကိန်းအောင်းနေပြီးသား ဖြစ်ပါသည်။ လူဆိုတာက ပထမဦးဆုံးအနေနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိရမည် မဟုတ်လား။ အဲဒီလို ယုံကြည်မှု ရှိမှသာလျှင် အလုပ်တိုင်းမှာလည်း အောင်မြင်မှုရနိုင်တာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မမိုတ်မသုန် ငေးကြည့်နေသည့် မိုးလုံးမှိုင်းကြောင့် ရတုမေက ပြုံးစစဖြင့် မျက်စောင်းထိုးကြည့်လိုက်ရင်းက ...

"မျက်တောင်လေး ဘာလေးလည်း ခတ်ပါဦး၊ ဘာလို့များ ဒီလောက် ငေးကြည့်နေရတာလဲ၊ ဘာလဲ ... မျက်နှာမှာ တစ်ခုခု ပေနေလို့လား ..."

သူမ စကားအဆုံး မိုးလုံးမှိုင်းက ဟက်ခနဲ တစ်ချက်ရယ်လိုက်မိသည်။

"မဟုတ်ပါဘူးကွာ၊ ကိုယ့်ချစ်သူလေး မျက်နှာကို မြင်ခွင့် ရဖို့က ရက်ချိန်းတွေ ဘာတွေတောင် ကြိုယူရတဲ့အဖြစ်ဆိုတော့ ခုလိုတွေ့တုန်းမှာ အမုန်းကြည့်ထားတာလေ"

"အံမယ် ... လာသေးတယ်၊ ဓာတ်ပုံရိုက်စားမနေနဲ့တော့၊ စာရေးဆရာပဲ လုပ်စားတော့ ... သိလား၊ ဒီ့ထက်အောင်မြင်မှာ သေချာတယ်"

"ဘာလဲ ... ဒါက လှောင်တာလား၊ ကိုယ်ပြောတဲ့ စကားတွေထဲ





မှာ တီထွင် ကွန့်မြူးထားတဲ့ စကားတွေ တစ်ခုမှ မပါဘူးနော်၊ အကုန်လုံး အမှန်တရားတွေချည်းပဲ"

"အင်းပါ ... အင်းပါ၊ ကျွန်တော်မျိုးမရဲ့ ပျက်ကွက်မှုတွေအတွက် တောင်းပန်ပါတယ်၊ ဟုတ်ပြီလား ... ကျေနပ်တော့၊ ထမင်းစားမှာကိုလည်း ဝအောင်စားဦး၊ လူကိုချည်းပဲ ရိမနေနဲ့ ..."

ပြောပြီး သူမက သူ့ပန်းကန်ထဲသို့ ဟင်းအချို့ ခပ်ထည့်ပေးလိုက်သည်။ သူပြောလည်း ပြောချင်စရာပါပင်။ သူနှင့် သူမ အေးအေးဆေးဆေး မတွေ့ဖြစ်တာတောင် အတော်ကြာပြီ မဟုတ်ပါလား။ နောင်တစ်ချိန်မှာ လက်ထပ်ကြမည့် ချစ်သူနှစ်ဦးက ကိုယ့်အလုပ်ကိစ္စတွေနှင့်သာ လုံးလည်ချာလည်လိုက်ကာ တစ်ယောက်နှင့်တစ်ယောက် အချိန်မပေးနိုင်ကြ။

အင်း ... ပြောရရင် သူမဘက်က အချိန်မပေးခဲ့နိုင်သည်က ပိုများနေတာ ဖြစ်ပါသည်။ ဒါပေမယ့်လည်း သူ့ကို သူမ သိပ်ချစ်ပါသည်။ ဒါကိုလည်း သူ ခံစားမိလိမ့်မည်ဟု သူမထင်ပါသည်။ သူက သူမကို သိပ်ချစ်သည်ဆိုတာကိုလည်း သူမ ခံစားမိနေသည် မဟုတ်ပါလား။

အချစ်စစ်ရင် တစ်ယောက်နဲ့ တစ်ယောက် အချိန်မပေးနိုင်သော်လည်း နှလုံးသားထဲမှာ အမြဲတမ်း ရှိနေမှာပဲဖြစ်ပါသည်။

"ဒါနဲ့ ... Miss People မှာ မှိုင်း ဒိုင်အဖြစ် ပါတယ်ဆို"

"အင်း ... ဟုတ်တယ်၊ ကိုယ် လက်ခံထားတယ်"

"ဟုတ်လား၊ မေ့ အေဂျင်စီက ကောင်မလေးတွေလည်း အောင်တင်ထားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"လာဘ်ထိုးဖို့တော့ မကြိုးစားနဲ့နော်၊ ချစ်တာက ချစ်တာ၊ အလုပ်က အလုပ်ပဲ၊ လာဘ်ထိုးတာတွေ ဘာတွေ လက်မခံဘူး"

သူ့စကားကြောင့် သူမက မျက်နှာကို မဲ့ရွဲ့လိုက်မိရင်းက ဆိုဖြစ်သည်။

"အမလေး ... ဝေးပါသေးတယ်နော်၊ ဘယ်သူကရော အဲလို သိက္ခာမရှိတဲ့အလုပ်ကို လုပ်မှာလဲ၊ ရတုမေပါနော်၊ နာမည်တစ်လုံးနဲ့ နေတာ၊ မြန်မာနိုင်ငံမှာ လုပ်တဲ့ Miss ပြိုင်ပွဲတွေကို ကြည့်လိုက်ဦး၊ ရတုမေရဲ့ Stars model abency က ထွက်တဲ့လူတွေပဲ သရဖူဆောင်းထားတာပါနော်၊ အဲလို သရဖူဆောင်းထားတယ်ဆိုတာက လည်း အရည်အချင်းစစ်စစ်နဲ့ပြိုင်ပြီး ရယူထားတာချည်းပဲ၊ သဘောပေါက် ..."

"အားပါးပါး ... ကက်ကက်ကို လန်နေတာပဲ၊ ကိုယ်က ချစ်လို့စတဲ့ဟာကို၊ ပြီးတော့ ... တော်ပြီကွာ၊ အလုပ်အကြောင်းတွေ မပြောနဲ့တော့၊ တစ်ခါတလေလေး ချစ်သူနှစ်ယောက် ဆုံပါတယ်၊ ဒီအလုပ်အကြောင်းကြီးကပဲ စကားဝိုင်းထဲမှာ နေရာယူနေတယ်၊ အလုပ်အတွက် အစည်းအဝေး ထိုင်နေတာ ကျနေတာပဲ၊ အချစ်အကြောင်းပဲ ပြောရအောင်နော် ... ဟုတ်လား"

သူ့စကားကြောင့် သူမက တစ်ချက်ပြုံးကာ မျက်စောင်းထိုးလိုက်မိသည်။ သူကတော့ သူမကို မျက်စိတစ်ဖက် မှိတ်ပြကာ သူမပန်းကန်ထဲသို့ အသည်းဟင်းတစ်ဖတ်ကို ခပ်ထည့်ပေးလိုက်လေသည်။



## အခန်း(၅)

ဒိုင်လူကြီးတွေ၊ လာရောက်ကြည့်ရှုတဲ့ ပရိသတ်တွေ အားလုံးရဲ့ အကြည့်က နမ်းမဝနှင့်အတူ နောက်ဆုံးဖိုင်နယ်အဖြစ် ကျန်နေသည့် မော်ဒယ်လ် ချစ်ချိုချိုဆီမှာ။ အစီအစဉ် တင်ဆက်သူရဲ့ လက်ထဲမှာက အရွေးခံရတဲ့သူရဲ့ နာမည်စာရွက်က ရောက်နေပြီ။ ဒါပေမယ့် အစီအစဉ်တင်ဆက်သူက အဲဒါကို မကြေညာသေးဘဲ ပိုပြီး စိတ်လှုပ်ရှားဖို့ကောင်းအောင် ပရိသတ်တွေကို ဘယ်သူရမယ်ထင်သလဲလို့ မေးနေသည်။

တချို့က နမ်းမဝလို့ အော်ကြသလို တချို့ကကျတော့လည်း ချစ်ချိုချိုဟု အော်ကြသည်။

ဘေးချင်းယှဉ်ရပ်နေရင်းကနေ ချစ်ချိုချိုက စိတ်လှုပ်ရှားနေသည့် ပုံဖြင့် နမ်းမဝလက်ကို လာရောက်ဆုပ်ကိုင်သည်။ ဒီတော့ နမ်းမဝကလည်း ချစ်ချိုချိုရဲ့ လက်ကို ပြန်လည် ဆုပ်ကိုင်တွဲဆက်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို winner ရတဲ့သူကို ကြေညာတော့မယ်နော်"

အစီအစဉ် တင်ဆက်သူရဲ့ စကားအဆုံး ခန်းမတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွား ၁ည်။ နမ်းမဝရဲ့ လက်ကို လာရောက်ဆုပ်ကိုင်သည့် ချစ်ချိုချိုရဲ့ လက်တို့က ပိုမိုတင်းကြပ်လာ၏။

"ဒီနှစ်အတွက် Miss People ရဲ့ winner ဆုရှင်ကတော့ ..."

အစီအစဉ် တင်ဆက်သူက စကားကို ခဏဖြတ်ထားလိုက်ပြန်သည်။ ပရိသတ်ဆီက မရိုးမရွဖြင့် အသံခပ်အုပ်အုပ် ထွက်လာ၏။ ဒါကိုကြည့်ကာ အစီအစဉ်တင်ဆက်သူက တစ်ချက်ပြုံးလိုက်ကာ ဆုရှင်ကို တစ်လုံးချင်း ကြေညာလာသည်က ...

"နမ်း မ ဝ ပဲ ဖြစ်ပါတယ်"

"ဟေး ..."

ရွှေရောင်စက္ကူများ၊ ရွှေမှုန်များက စတိတ်စင်ပေါ်ကို ခေါင်မိုးပေါ်မှ တဖွဲဖွဲ ဝဲဖြာကျလာသည်။ အခန်းတစ်ခုလုံးကလည်း မီးများမှိတ်သွားကာ နမ်းမဝ ရပ်နေသည့် တစ်နေရာတည်းကိုသာ စလိုက်မီးဖြင့် ကွက်လင်းနေအောင် ထိုးပေးထားလေ၏။

အော်ဟစ်သံတွေ၊ လက်ခေါက်မှုတ်သံတွေ၊ လက်ခုပ်သံတွေ ဆူညံသွားသလို နမ်းမဝကိုယ်တိုင်လည်း လူက မြောက်ခနဲ ဖြစ်သွားသလို ခံစားလိုက်ရလေတော့သည်။



## အခန်း (၆)

မေ့အဖောင်စီကို သူရောက်သွားတော့ မေ့ကို ရုံးခန်းထဲမှာ အေးအေးလူလူ ထိုင်နေတာကို တွေ့ရသည်။ သူက မေနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ရင်းမှ ...

"ဒီနေ့တော့ အေးအေးဆေးဆေးပေါ့ ဟုတ်လား"

"မအေးပါဘူး၊ နေ့လယ် နှစ်နာရီမှာ အင်တာဗျူးတစ်ခု ဖြစ်စရာရှိတယ်၊ အခုက မိုင်း လာမယ်ဆိုလို့ စောင့်နေတာလေ"

"အင်း ... ဘယ်မှာလဲ၊ ကိုယ့်ကိုပြမယ့် ဓာတ်ပုံတွေက"

"ဒီမှာ ... ဘယ်တစ်ယောက် အဆင်ပြေမယ်ဆိုတာကိုတော့ မိုင်းဘာသာ ရွေးတော့၊ ဒါနဲ့ အကြံတော့ ပေးရဦးမယ်၊ ချစ်ချိုချိုကို သုံးကြည့်ပါလား"

"Miss People မှာ First runner ရထားတဲ့ တစ်ယောက်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ … သူက မေ့အေဂျင်စီကပဲ"

"မကြိုက်ဘူး၊ မကြိုက်ဘူးဆိုတာထက် အသစ်ကို လိုချင်တာ၊ သူက သရဖူ မရပေမယ့်လို့ လူသိပြီးသားဖြစ်နေပြီလေ၊ ကြော်ငြာတွေတောင် ရိုက်နေပြီ မဟုတ်လား"

သူက အိမ်သုတ်ဆေး ကြော်ငြာတစ်ခုအတွက် Billboard တစ်ခု ရိုက်စရာရှိတာမှာ လုပ်ငန်းရှင်ဘက်က မျက်နှာသစ် မော်ဒယ်လ်တစ်ယောက်ကိုပဲ သုံးချင်တယ်ဆိုတာကြောင့် မေ့ အေဂျင်စီမှာ အဆင်ပြေမယ့် မော်ဒယ်လ်တစ်ယောက်လောက်ကို လာရှာတာ ဖြစ်သည်။

သူက မေပေးလာသည့် ဓာတ်ပုံ အယ်ဘမ်လ်ထဲက ဓာတ်ပုံတွေကို အထပ်ထပ်အခါခါ ကြည့်ပြီးနောက်မှာတော့ ဖြစ်နိုင်ခြေရှိမည်ထင်သည့် ဓာတ်ပုံတစ်ပုံကို ဆွဲထုတ်ယူလိုက်သည်။

"ဒီတစ်ယောက်က မဆိုးထင်တယ်၊ သူ့နာမည် ဘယ်လိုခေါ်လဲ"

မေက သူ ကမ်းပေးလိုက်သည့် ဓာတ်ပုံကို ကြည့်လိုက်ရင်းမှ …

"သြော် … စက်တင်ဘာ တဲ့၊ သူက တော်တော် စမတ်ကျတယ်၊ talent လည်း ရှိတယ်၊ မေ့အေဂျင်စီက လက်ရွေးစင်တွေထဲက တစ်ယောက်ပဲ၊ ပြီးတော့ မေတို့နဲ့လည်း စာချုပ်ထားတာ …"

"အင်း … ပုံထဲမှာတော့ မိုက်တယ်၊ အပြင်မှာရော ဘယ်လိုနေလဲ၊ အခု သူရှိလား …"

"အခုတော့ မရှိဘူး၊ အပြင်မှာလည်း လှပါတယ်၊ မှိုင်း စိတ်ဝင်စားရင် စမ်းကြည့်လေ၊ မေ ချိတ်ပေးမယ်"

"အိုခေ … အဲဒါဆို ကိုယ် သူ့ကို ကင်မရာ test လုပ်ကြည့်ချင်တယ်၊ ဒီတစ်ပတ်ထဲလောက်ပေါ့"





"အင်း … မေ သူနဲ့ ညှိလိုက်ဦးမယ်၊ ညှိပြီးရင် အဆင်ပြေမယ့် ရက်ကို မှိုင်းကို ပြန်ပြောမယ်လေ၊ ဒါနဲ့ ကြော်ငြာမယ့် ပစ္စည်းက ဘာတဲ့လဲ"

"အိမ်သုတ်ဆေး"

"သြော် … ဈေးကွက်ရှိပြီးသားလား"

"မဟုတ်ဘူး၊ အခုမှ ဈေးကွက်ထဲကို စဝင်တာ၊ အဲဒါ သူတို့က လည်း အသစ်၊ ကြော်ငြာမယ့် မော်ဒယ်လ်ကိုလည်း မြင်ဖူးနေကျ မော်ဒယ်လ်မျိုး မဟုတ်ဘဲ မျက်နှာသစ်ထဲက လိုချင်တယ်ဆိုလို့"

"သြော် … အသစ်ဆိုလို့ ပြောရဦးမယ်၊ တလောက Miss people ရသွားတဲ့ တစ်ယောက် မဆိုးဘူးနော်"

"နမ်းမဝကို ပြောတာလား"

"အင်း …"

"ဟုတ်တယ်၊ ကိုယ်က အစက ဒီကြော်ငြာကို သူနဲ့ချိတ်မလို့ စိတ်ကူးတာ၊ ဒါပေမယ့် လုပ်ငန်းရှင်က မကြိုက်ဘူး၊ နမ်းမဝက public ကို ချပြပြီးသားလူ ဖြစ်နေလို့တဲ့၊ သူတို့က public ရှေ့ လုံးဝမရောက်သေးတဲ့ အစိမ်းသက်သက်ကို လိုချင်တာဆိုလို့"

"အိုခေ … အိုခေ၊ ဒါဆို အဆင်ပြေမယ့် ရက်ကို မေ ပြန်ပြောမယ်လေ …"

"အင်း … ဒါဆို ကိုယ် ပြန်တော့မယ်၊ ဒါနဲ့ နေ့လယ်စာရော စားပြီးပြီလား"

"ပြီးသွားပြီ၊ မှိုင်း မစားရသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးပါပြီ ကိုယ်က၊ မေ မစားရသေးဘူးလားလို့၊ အစာအိမ်ဖြစ်မှာ စိုးလို့ မေးတာ"

သူက ပြောပြီး သူမကို မျက်စိတစ်ဖက် မှိတ်ပြလိုက်တော့ သူမက မချိုမချဉ် မျက်နှာပေးဖြင့် ပြုံးသည်။

"အိုခေ ... ဒါဆို ကိုယ်သွားပြီနော်၊ ကိုယ့်ကို ဖုန်းပြန်ဆက်ပေးဖို့ လည်း မမေ့နဲ့ဦး"

"အင်း ..."

သူက လှည့်ထွက်လာပြီးမှ တစ်ခုခု သတိရလာဟန်နဲ့ ပြန်လှည့်ကြည့်လိုက်ကာ ...

"ဩော် ... မေ့နေလို့၊ မေမေတို့ကလည်း အိမ်လာလည်ဦးတဲ့၊ မတွေ့ရတာ ကြာပြီမဟုတ်လား"

"အင်းပါ ... မေ မနက်ဖြန် လာခဲ့ပါ့မယ်"

"အိုခေ ... ဘိုင့်ဘိုင်နော်"

ပြောပြီး သူ လှည့်ထွက်လာခဲ့လိုက်သည်။ တကယ်ဆို သူက သူမနှင့် လက်ထပ်ကာ ဘဝတစ်ခုကို အတူတူ ထူထောင်ချင်နေပါပြီ။ မိဘတွေကလည်း သဘောတူကြည်ဖြူပြီးသား။ ဒါကိုပဲ သူမက ဟိုအကြောင်းပြ၊ ဒီအကြောင်းပြဖြင့် အချိန်တွေကို ဆွဲနေခဲ့တာကို သူ နားမလည်။

ဒါပေမယ့် ကိုယ်က ချစ်ရသူဆိုတော့လည်း စောင့်ဆိုင်းရမည် မဟုတ်ပါလား။

❋ ❋ ❋



နံနက်စာဝိုင်းကို သူရောက်တော့ ဖေဖေနဲ့ မေမေက ရောက်နှင့်နေပြီ။ သူက စားပွဲမှာ ဝင်ထိုင်လိုက်သည်ရှိဆိုရင်ပဲ မေမေ့ဆီက အသံထွက်လာသည်။

"ဒီနေ့ရော ဘယ်သွားဦးမှာလဲ သား၊ ဓာတ်ပုံတိုက်က ပိတ်တယ် မဟုတ်လား"

"ဟုတ် ... မေမေ၊ ဘယ်မှမသွားဘူး၊ ပြီးတော့ ဒီနေ့ အိမ်ကို မေ လာလိမ့်မယ်"

"ဟုတ်လား ... ကောင်းသားပဲ၊ မေမေလည်း သူနဲ့တောင်မတွေ့ရတာ ကြာပြီ၊ တွေ့ချင်နေတာ"

မေမေက သူ့ရှေ့က ကော်ဖီပန်းကန်ကို ဆွဲယူကာ ကော်ဖီငှဲ့ထည့်ပေးသည်။

"ရတုမေ လာမယ်ဆိုမှ ပြောရဦးမယ်၊ မင်းတို့တွေ ယူဖို့ စိတ်မကူးကြသေးဘူးလား၊ နှစ်ဖက်မိဘတွေကလည်း သဘောတူကြည်ဖြူပေးထားကြတာပဲဟာကို၊ နှစ်ယောက်စလုံးလည်း ဘယ်တော့ဘူး၊

www.burmeseclassic.com



ပြီးတော့ အလုပ်ကိုယ်စီနဲ့ ကိုယ့်နယ်ပယ် အသီးသီးမှာလည်း အောင်မြင်နေကြတဲ့ ဟာကွာ”

“အဲဒီလို အောင်မြင်နေလို့ပဲ လက်မထပ်သေးတာ ဖေဖေရဲ့ ...”

“ဟေ ... ဘယ်လိုကွ”

“ဟုတ်တယ် ... မေက အိမ်ထောင်ပြုလိုက်ရင် သူ့ရဲ့ အခုလက်ရှိ အလုပ်တွေကို အချိန်မပေးနိုင်တော့မှာ၊ ပြီးတော့ သူရဲ့ အောင်မြင်မှုတွေ လျော့ကျသွားမှာကို ကြောက်နေတာ၊ တချို့ အနုပညာရှင်တွေ ရှိတယ်မဟုတ်လား၊ အိမ်ထောင်ပြုလိုက်ပြီးတော့ ငုပ်သွားကြတာလေ”

“မဆိုင်ပါဘူးကွာ၊ တချို့ဆို အိမ်ထောင်ပြုပြီးတော့မှ ပိုပြီးအောင်မြင်လာကြတာပဲ မဟုတ်လား၊ မင်းက နားလည်အောင် ပြောပြလေကွာ”

“သူလည်း နားလည်ပါတယ် ဖေဖေရယ်၊ သားပြောပြစရာ မလိုပါဘူး၊ ဒါပေမယ့် သူကမှ စိတ်မပါသေးတာ၊ သား ဘယ်လိုပြောရမလဲ”

“မဟုတ်သေးပါဘူးကွာ၊ တစ်ခုခုတော့ လွဲနေပါပြီ၊ မင်းတို့အသက်တွေက သုံးဆယ့်သုံး၊ သုံးဆယ့်လေးနား ရောက်နေပြီ၊ အထိုက်အလျောက်လည်း အောင်မြင်နေကြပြီးသား၊ ဒီထက်အောင်မြင်စရာလည်း မရှိတော့ပါဘူး၊ အခုအချိန်က အလုပ်အတွက်ဆိုတာထက် ဘဝအတွက်ကို ပိုစဉ်းစားသင့်နေကြပြီ၊ မခင် ဒီနေ့ ရတုဆက်လာရင် နားလည်အောင် ပြောပြစမ်းပါဦး ...”





“အင်းပါ ... ကျွန်မလည်း စဉ်းစားထားပါတယ်၊ အဲဒါကြောင့် မနေ့က သူ့ကို အိမ်လာလည်ဖို့ သားနဲ့မှာလိုက်တာ၊ ဒီနှစ်ထဲ မဟုတ်တောင် ရှေ့နှစ်ဆန်းလောက်တော့ ယူဖြစ်အောင် ယူဖို့ တိုက်တွန်းရမယ်၊ တော်ကြာ ကျွန်မတို့ မြေးမချီရဘဲ နေဦးမယ်”

မေမေ့ စကားကြောင့် သူက ကျိတ်ပြုံးမိသည်။ လက်ထပ်ဖို့ကို သူက သူမဆီမှာ အကြိမ်ကြိမ် ပြောပြီးပါပြီ။ သူမကိုက မလှုပ်သဖြင့် သူကိုယ်တိုင်ကတော့ လက်မှိုင်ချနေရသည့် အဆင့်ကို ရောက်နေတာ ကြာချေပြီဖြစ်ပြီး ဘယ်အချိန်များ လူကြီးတွေက သူ့ဘက်ကနေ စစ်ကူဝင်လာမလဲဆိုတာကို စောင့်နေခဲ့တာ ဖြစ်သည်။

အခုတော့ တွေ့ကြပြီပေါ့။ မေမေတို့ကပဲ ပြောနိုင်မလား၊ သူမကပဲ ဆက်လက်ပြီး အချိန်ဆွဲထားနိုင်ဦးမလားဆိုတာကတော့ ပိတ်ကားဆေါ်မှာသာ ဆက်ကြည့်ရတော့ မည်ဖြစ်သည်။

“ရတုမေကိုပဲ ပြောမနေနဲ့ဦး၊ သူ့မိဘတွေဖြစ်တဲ့ ကိုဇေယျာတို့ ဒေါ်မေသစ်တို့ကိုပါ ပြော၊ သူတို့သမီးကို သူတို့ကိုပါ နားချခိုင်း၊ ငါက ယောကျ်ားဆိုတော့ ဒီလိုကိစ္စတွေကို ဝင်ပြောရတာ မကောင်းဘူး၊ မင်းက အမျိုးသမီးဆိုတော့ ဒေါ်မေသစ်ကို တိုးတိုးတိတ်တိတ် ပြောပြီး စီစဉ်တော့၊ ဟုတ်လား ...”

“ပြောတာတောင် နောက်ကျသေးတယ်၊ မမသစ်ကို ကျွန်မ ပြောထားပြီးပါပြီ၊ သူတို့လည်း သူတို့သမီးကို နားချပါလိမ့်မယ်”



www.burmeseclassic.com

“သမီး … သမီးနဲ့ မောင်မိုးလုံးမှိုင်းတို့ လက်ထပ်ဖို့ စိတ်မကူးကြ သေးဘူးလား”

မေမေ့စကားကြောင့် မုန့်ပွဲဆီ လက်လှမ်းလိုက်သည့် လက်က လေထဲမှာတင် ရပ်တန့်သွားရသည်။ ဖေဖေ့အကြည့်ကလည်း သူမဆီ ရောက်လာ၏။

“စဉ်းစားနေပါတယ် မေမေ၊ ဘာလို့လဲ”

“ဘာလို့ရမှာလဲ … မငယ်ကြတော့ဘူးလေ၊ နှစ်ယောက် စလုံး အသက်တွေက သုံးဆယ်သုံး ကျော်လာကြပြီ၊ အဓိကက သမီးပဲ၊ မိုးလုံးမှိုင်းက ယောကျာ်းလေး၊ ကိစ္စမရှိဘူး၊ သမီးကတော့ မိန်းကလေး တစ်ယောက်ဖြစ်တဲ့အတွက် အချိန်တောင် လင့်နေပြီလို့ ပြောလို့ရတယ် သမီး၊ အလုပ်ကိုပဲ ဖိလုပ်မနေနဲ့ဦး၊ ဘဝအတွက် လည်း စဉ်းစားဦးမှပေါ့”

“မေမေ့ကို မှိုင်းက ဘာတွေပြောထားပြန်ပြီလဲ”





“မိုးလုံးမှိုင်းကလား … ဘာမှမပြောပါဘူး၊ သူလား … အဲလိုတွေ ပြောမှာ၊ ဟိုက ပါးစပ်ထဲ လက်ထဲပေးထားရင်တောင် သမီးက ကိုက်ဆိုမှ ကိုက်မှာ၊ အရာရာ သမီးစိတ်တိုင်းကျ ဖြစ်နေစေတဲ့ ယောကျာ်း တစ်ယောက်ကို ဘာလို့များ အချိန်တွေ မလိုအပ်ဘဲ ဆွဲနေတာလဲ သမီးရယ်၊ မိုးလုံးမှိုင်းတော့ မသိဘူး၊ မေမေတော့ သမီးကို နားကို မလည်နိုင်ဘူး၊ ကြပ်ကြပ်အချိန်ဆွဲနေ၊ တော်ကြာ သူများနောက် ပါသွားဦးမယ်”

မျက်လုံးထဲမှာ မှိုင်းကို ပြေးမြင်လိုက်မိသည်။ မှိုင်းက အဲလို ယောကျာ်းမျိုးတော့ မဟုတ်ပါဘူး။ မှိုင်းက ကိုယ့်အပေါ် သိပ်ချစ် ဘယ်ဆိုတာ ကို ခံစားလို့ ရနေသလို ယုံလည်း ယုံသည်။ ဒါပေမယ့် တော်နေတာက သူမ စိတ်ပင်။

အိမ်ထောင်တစ်ခု ပြုလိုက်ပါက အဲဒီအိမ်ထောင်အတွက် ကိုယ့်အချိန်တွေထဲကနေ အချိန်တွေ အများကြီးကို ခွဲဝေပေးရတော့မှာ။ ပြီးတော့ ဒီအနုပညာအလုပ်က သူမ ဝါသနာဖြစ်သလို သူမရဲ့ အသက်သွေး ကြောဆိုလည်း ဟုတ်သည်။ အနုပညာလောကမှာ ဒီလို နာမည်တစ်လုံးနဲ့ ခေါင်းမော့ ရင်ကော့ကာ ရပ်တည်နိုင်ဖို့ သူမ အများကြီး ကြိုးစားရုန်းကန် ခဲ့ရတော့။

အိမ်ထောင်ပြုလိုက်တဲ့အတွက် ဒီအလုပ်ကို လာရောက် အချိန်တိုင်းမှာကိုတော့ သူမ ကြောက်သည်။ အဲဒီအတွက်ကိုပဲ စဉ်းစားနေရ တာ ဖြစ်သည်။

“အဲဒီလောက်မှ ခပ်လွယ်လွယ်နဲ့ စိတ်အပြောင်းအလဲ မြန်နေရင်

www.burmeseclassic.com



လည်း ပါသွားပါစေပေါ့ မေမေရယ်၊ လောကမှာ ယောကျ်ား မရှားပါဘူး"

"ယောကျ်ားမရှားတာတော့ ဟုတ်တာပေါ့၊ ကိုယ့်အပေါ် ကောင်းတဲ့ သူကတော့ ရှားမှာပဲလေ၊ ပြီးတော့ လက်သာ မထပ်ကြသေးတာ၊ သမီးတို့နှစ်ယောက်ကို နီးစပ်ရာ အနုပညာ အသိုက်အဝန်းက သက်ဆိုင်သူတွေအဖြစ် သိနေကြပြီးသား၊ တစ်ချိန်မှာ သေချာ ပေါက် လက်ထပ်ကြမယ့်သူတွေလို့ သိနေကြတာ၊ တကယ်လို့သာ အကြောင်းတစ်စုံတစ်ရာကြောင့် လွဲသွားကြည့် သမီးဘဝက အဲဒီ တော့မှ ပျက်မှာ သိလား"

မေမေ့စကား အဆုံး ဖေဖေက ခေါင်းတဆတ်ဆတ်ညိတ်ရင်းက ဝင်ပြောလာသည်။

"ဟုတ်တယ် သမီး၊ သမီး မေမေပြောတာ မှန်တယ်၊ ဖေဖေလည်း သမီးကို အချိန်တွေ သိပ်မဆွဲစေချင်တော့ဘူး၊ အိမ်ထောင်ပြုပြီး ဒီ့ထက်တည်ငြိမ်တဲ့ ဘဝတစ်ခုနဲ့ မြင်ချင်ပြီ၊ အဲဒီတော့ ယူမှာဆိုရင်လည်း မြန်မြန်သာယူကြတော့၊ အခုလို ယူတော့မလိုလို မယူ တော့မလိုလိုနဲ့ ဇာတ်မျောကြီးနဲ့ ရှိမနေစေချင်တော့ဘူး၊ နာမည် ပျက်စရာရှိရင် မိန်းကလေးဘက်ကပဲ ပိုနစ်နာတာ သမီး၊ ဖေဖေ ပြောတာကို နားလည်လား"

သက်ပြင်းတစ်ချက်ကို ကျိတ်ချရင်းမှ ခေါင်းညိတ်ပြလိုက်မိသည်။

"ဟုတ်ကဲ့ ... သမီး သူနဲ့ ညှိလိုက်ပါဦးမယ်"





ဒီနေ့တော့ အိမ်မှာ ကျောက်ကျောကျိုစားတာမို့ မှိုင်းတို့အိမ်ကို သွားပို့ရင်း သူ့မိဘတွေနှင့်လည်း မတွေ့ရတာကြာပြီမို့လို့ သွားတွေ့ဖို့ စီစဉ်ထားတာဖြစ်သည်။

မှိုင်းနဲ့ စကားပြောပြီး တစ်ခုခုကိုတော့ စီစဉ်ရပါတော့မည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"သားလား … ရှိတယ်၊ အိမ်နောက်ဘက်က သစ်ပင်အောက်မှာ စာဖတ်နေတယ် ထင်တယ်"

"ဟုတ် … သမီး လိုက်သွားလိုက်မယ်နော်"

"အေးအေး … သွားသွား … သမီး၊ ပြီးမှ နေ့လယ်စာ စားရင်း အန်တီနဲ့ စကားပြောရအောင် … နော"

ဘာစကား ပြောမယ်ဆိုတာကို သူမ သိပြီးသားရယ်ပါ။ အဲဒီအတွက် အန်တီနဲ့ မပြောခင်မှာ မှိုင်းနဲ့ အရင်ပြောဖို့လိုအပ်ပါသေး၏။



အိမ်ထဲဝင်လိုက်သည်နှင့် မှိုင်း မေမေကို ဧည့်ခန်းထဲမှာပင် အဆင်သင့် တွေ့ရသည်။ မှိုင်း ဖေဖေကတော့ အလုပ်ကိုသွားနေမည် ဆိုတာ ကြိုတင်တွက်ဆထားပြီးသား ဖြစ်ပါသည်။

"ဟော … ရောက်လာပြီလား သမီး၊ လာ … မတွေ့ရတာကြာလို့ လား မသိဘူး၊ ပိုပြီးတော့တောင် ချောလာသလိုပဲ"

အန်တီခင်ခင်မှိုင်းက သူမအနားထိ လျှောက်လာကာ သူမ လက်တစ်ဖက်ကို ဆွဲကိုင်ကာ သူနှင့်အတူ ဘေးချင်းကပ်ရပ် ထိုင်စေသည်။

"အဟင်း … အန်တီကလည်း အမြဲတမ်း နုနေတာပါပဲနော်၊ နုပျို စေတဲ့ ဆေးလေးဘာလေးရှိရင် ပေးပါဦး၊ သမီး အေဂျင်စီက ကောင်မလေးတွေကို တိုက်ရအောင်လို့ … အဟင်း"

"ပြောတော့မယ် … သမီးကတော့၊ ဒါနဲ့ ချိုင့်ကြီးက ဘာတွေတုန်း"

"ကျောက်ကျောတွေ အန်တီ၊ အိမ်မှာ ဒီနေ့ ကျိုတာနဲ့ အန်တီတို့ အတွက်ပါ ထည့်လာတာ၊ ဒါနဲ့ မှိုင်းရော အန်တီ"



www.burmeseclassic.com

www.burmeseclassic.com

အိမ်နောက်ဘက်ကို ရောက်တော့ အိမ်နောက်ဘက်ရှိ ပိတောက်ပင်အောက်မှာ မှိုင်းကို ပက်လက်ကုလားထိုင် တစ်လုံးဖြင့် စာဖတ်နေသည်ကို တွေ့ရသည်။ မှိုင်းက စာထဲမှာ စျာန်ဝင်စားနေတော့ သူမ လာတာကိုတောင် သတိမထားမိ။ သူမက မှိုင်း ... ဆိုမှ မော့ကြည့်လာသည်။

"ဟော ... ရောက်လာပြီလား၊ ဘယ်တုန်းက ရောက်နေတာလဲ"

ပြောပြီး သူက ပက်လက်အနေအထား ခပ်ပြေလျော့လျော့ ထိုင်နေရာကနေ ခပ်မတ်မတ် ပြန်ပြောင်းထိုင်သည်။

"အခုပဲ ရောက်တာပါ၊ မှိုင်း အိမ်နောက်ဘက်မှာဆိုလို့ လိုက်လာတာ"

"လာလေ ... ထိုင်"

သူမက သူ့ဘေးမှာ ရှိသည့် ပက်လက်ကုလားထိုင်မှာ ခပ်မတ်မတ်အနေအထားနှင့် ဝင်ထိုင်လိုက်သည်။

"မေမေတို့က ပြောနေပြီ"





"လက်ထပ်ဖို့ကိုလား ..."

"အင်း ..."

သူက ခေါင်းတစ်ချက် ညိတ်ကာ လက်ထဲက ဖတ်လက်စ စာအုပ်ကို ရောက်တဲ့နေရာမှာ ခေါက်ထားကာ ပိတ်လိုက်ရင်း ဆိုသည်။

"မေက ဘာပြန်ပြောလိုက်လဲ"

"မှိုင်းနဲ့ ညှိလိုက်ဦးမယ်လို့ ပြောခဲ့တာပေါ့၊ အန်တီကလည်း အဲဒီကိစ္စကိုပဲ ပြောချင်နေတာနဲ့ တူတယ်"

"ဟုတ်တယ်၊ ကိုယ့်ကိုလည်း မနက်က ဖေဖေနဲ့ မေမေက အဲဒီကိစ္စပဲ ပြောနေတာ၊ ကိုယ်ကတော့ မေ့ သဘောပါ"

အင်း ... မေလည်း အချိန်ထပ်မဆွဲချင်တော့ပါဘူး"

"တကယ် ..."

သူမ စကားတောင်မဆုံးသေး သူ့ပုံစံက ဆတ်ခနဲ ဖြစ်သွားကာ လန်းဖြာသွား၏။

"ဘယ်လိုဖြစ်ရတာလဲ၊ အလန့်တကြားနဲ့"

"ဩော ... အဟင်း ... ဝမ်းသာသွားလို့"

သူမက သူ့ကို ပိုရန်ကောဆိုသည့် အထာဖြင့် မျက်စောင်း တစ်ချက် ပိတ်ထိုးလိုက်မိသည်။ ပြီးမှ ...

"မေတို့ လက်ထပ်ရအောင်လေ၊ ဒါပေမယ့် ချက်ချင်းတော့မဟုတ်သေးဘူးနော်၊ မိဘတွေလည်း မပြောတော့အောင် ရှေ့လထဲလောက်ကို စေ့စပ်ထားမယ်လေ၊ လက်ထပ်ပွဲကတော့ ရှေ့နှစ်ဆန်းပိုင်းလောက်မှ လုပ်ချင်တယ်၊ မှိုင်း ဘယ်လိုသဘောရလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုသဘောရရမှာလဲ၊ မေ့သဘောပဲပေါ့၊ ခုမှ ဇွန်လဆိုတော့ ကြားထဲမှာ ပြင်ဆင်မှာနဲ့ ဘာနဲ့စို မေ ပြောသလို ရေ့နှစ်ဆန်း ပိုင်းလောက်ဆို အဆင်ပြေပါတယ်၊ ဒါပဲနော်၊ စိတ်ကူးထပ်ပြောင်း လို့ မရတော့ဘူး"

ပြောရင်း သူက အသည်းယားလာဟန်ဖြင့် သူမနဖူးကို လက်ညှိုးလေးဖြင့် ခေါင်းနောက်ဘက် လန်သွားသည်အထိ လာထိုး၏။

"ဒါဆို ကိုယ် မေမေတို့ကို အဲဒီလိုပဲ ပြောလိုက်တော့မယ်လေ၊ မေလည်း မေ့မိဘတွေကို ပြောလိုက်တော့ပေါ့၊ စီစဉ်စရာရှိတာက တော့ လူကြီးတွေ သူတို့ဘာသာ စီစဉ်ကြပါလိမ့်မယ်"

"အင်း ... အဲဒီလိုပဲ လုပ်ကြတာပေါ့"

"ဒါနဲ့ ကိုယ့်ကို စက်တင်ဘာနဲ့ ချိတ်ပေးမယ်ဆိုတာက"

"သြော် ... အင်း၊ သန်ဘက်ခါ အဆင်ပြေတယ်၊ မှိုင်းရဲ့ စတူဒီယို မှာပဲ ကင်မရာ test လုပ်မှာမဟုတ်လား၊ အဲဒီနေ့ မေပါလိုက်ခဲ့ မယ်၊ နေ့လယ်စာ စားပြီး အင်း ... နေ့လယ် တစ်နာရီလောက် ဆုံကြမယ်လေ၊ အဆင်ပြေလား"

"အိုခေလေ၊ အဲဒါဆို ကိုယ်တို့ အိမ်ထဲသွားရအောင် မေမေစောင့် နေလိမ့်မယ်"

နှစ်ယောက်သား ထိုင်ရာမှ ထကာ အိမ်ထဲဘက်ဆီသို့ ပြန် လည်လျှောက်လာခဲ့လိုက်ကြသည်။ သူက သူမ လက်ကလေးတစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်လာရင်းပေါ့။



## အခန်း (၇)

အိပ်ရာပေါ်မှာလှဲကာ စာဖတ်နေတုန်းမှာပဲ သူမရဲ့ ဟန်းဖုန်း က မြည်လာလေသည်။ ပေါ်နေသည့် နာမည်ကိုကြည့်လိုက်တော့ ဆောင်းရူပါ။

"ဟယ်လို ... အစ်မ"

"အင်း ... နမ်းမဝရေ အစ်မပြောထားတဲ့ ရေချိုးဆပ်ပြာကြော်ငြာ အတွက် Billboard ရိုက်ဖို့ဆိုတာလေ"

"ဟုတ် ... အစ်မ၊ သိတယ်လေ"

"အဲ့ဒါ ရိုက်မယ့်ရက်ကို သိရပြီလား၊ ရေ့အပတ် စနေနေ့ကို ရိုက်မယ်၊ in door ရော out door ပါ ရိုက်မယ်"

"ဓာတ်ပုံဆရာက ဘယ်သူလဲ အစ်မ"

"နာမည်ကြီး မိုးလုံးမှိုင်းလေ ... သိတယ်မဟုတ်လား၊ Miss People တုန်းကတောင် ဒိုင်အဖြစ် ပါသေးတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... သိပြီ ... သိပြီ အစ်မ၊ ဒါနဲ့ အဝတ်အစားတွေ ဘာတွေ ကရော ..."

"အဲဒါက မပူနဲ့၊ အစ်မဘာသာ ကြည့်စီစဉ်ထားလိုက်မယ်၊ အခု က ရက်အတိအကျသိရလို့ နမ်းမဝကို လှမ်းပြောတာ၊ အိုခေနော်"

"အိုကေ ... အစ်မ"

တစ်ဖက်က ဖုန်းချသွားတော့ သူမက ဖုန်းကို ခေါင်းအုံး ဘေးမှာ ချကာ ဓာတ်ပုံဆရာ မိုးလုံးမှိုင်းကို ပြန်မြင်ယောင်ကြည့်မိသည်။ သူက ဓာတ်ပုံဆရာ ဆိုပေမယ့် မင်းသားရုပ်းလောက်အောင် စမတ်ကျသည့် ယောကျာ်းတစ်ယောက်ပါပင်။ တစ်ခါမှ အလုပ်မလုပ်ဖူးသေးပေမယ့် သူ့သတင်းတွေကတော့ သူမနားထဲမှာ ခဏခဏ ကြားဖူးပြီးသားပါပဲ ဖြစ်ပါသည်။



စက်တင်ဘာကို ရှုထောင့်အမျိုးမျိုးမှ ဓာတ်ပုံစမ်းသပ်ရိုက် ကြည့်ကာ ကိုယ်လိုသလို ရမရ စမ်းသပ်စစ်ဆေးပြီးစဉ်မှာတော့ စက်တင်ဘာက တခြားအလုပ်ကိစ္စလေးတစ်ခု ရှိသေးလို့ဟုဆိုကာ ပြန်သွား သဖြင့် မိုးလုံးမှိုင်းနှင့် ရတုမေတို့က နီ့စပ်ရာ ကော်ဖီဆိုင်တစ်ခုကို ထွက်လာခဲ့လိုက်ကြသည်။

"အဆင်ပြေတယ် မဟုတ်လား"

"အင်း ... ပြေပါတယ်၊ သူနဲ့ပဲ ရိုက်မယ်လေ၊ ဟိုဘက်ကို ကိုယ် ပြောလိုက်တော့မယ်၊ မေက စက်တင်ဘာနဲ့ တိုင်ပင်ပြီးတော့ အနုပညာကြေးကို ညှိပြီး ကိုယ့်ကိုပြန်ပြောပေး"

"အင်း ..."

ထိုစဉ်မှာပဲ သူ့ဟန်းဖုန်းကမြည်လာ၏။ ဒါပေမယ့် သူက screen ပေါ်မှာ ပေါ်လာသည့် နာမည်ကိုကြည့်ကာ မကိုင်လိုက်ဘဲ ဖုန်း သံကိုသာ ပိတ်ထားလိုက်၏။

"ဘယ်ကဖုန်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကိစ္စပါ"

"အဲဒါဆို ကိုင်လိုက်လေ"

"ရပါတယ်၊ အရေးမကြီးပါဘူး၊ နောက်မှ ပြန်ဆက်လိုက်မယ်၊ နောက်ထပ် Billboard တစ်ခု ရိုက်ပေးရမယ့် ကိစ္စပါ၊ ကိုယ်တိုက် ဆပ်ပြာကြော်ငြာလေ၊ သူတို့လည်း တံဆိပ်အသစ်ပဲ၊ ဒါပေမယ့် သူတို့က လတ်တလော လူစိတ်ဝင်စားနေတဲ့ သူနဲ့ပဲ ရိုက်ချင်တာတဲ့၊ Miss People ရထားတဲ့ နမ်းမဝနဲ့ ရိုက်မှာ"

"ဩော ... အင်း"

"လူကြီးတွေကတော့ စေ့စပ်ဖို့ကို အားကြိုးမာန်တက်ကိုပဲ စီစဉ် နေပြီနော် သိပြီးပြီမဟုတ်လား၊ ရှေ့လ နှစ်ဆယ့်တစ်ရက်နေ့တဲ့"

"အင်း ... မနက်က မေမေ ပြောတယ်၊ မေမေတို့က ဟိုတယ် တစ်ခုခုမှာ ပွဲအကြီးကြီး လုပ်ချင်နေတာ၊ မေကတော့ မလုပ်ဘူး ပြောထားတယ်၊ မေ့အိမ်မှာပဲ ခင်မင်ရာ လူကြီးတချို့နဲ့ အကျဉ်းရုံး ပြီး လုပ်လိုက်မလားလို့၊ မှိုင်းသဘောကရော ..."

"ကောင်းပါတယ်၊ ကိုယ်လည်း စေ့စပ်ပွဲကိုတော့ အကျဉ်းရုံးလောက် ပဲ လုပ်မယ်တွေးနေတာ၊ ဒါပေမယ့် မေ့သဘောကို မမေးရသေး လို့၊ မေကလည်း ဒီလိုပဲ စီစဉ်ထားတယ်ဆိုတော့ အတော်ပဲ ဖြစ် သွားတာပေါ့"

"အကျဉ်းရုံးဆိုတာတောင်မှ မီဒီယာတွေကတော့ လာကြမှာဆိုတော့ လူက နည်းနည်းတော့ များမှာပါပဲ"

သူက ခေါင်းညိတ်ပြလိုက်ပြီးမှ တစ်ခုခုကို သတိရသွား လိုက်ရင်း ...





"ဒါနဲ့ မေ သိပြီးပြီလား၊ မေ့ကြော်ငြာအသစ်တစ်ခု တီဗီမှာ လွှင့် နေပြီ၊ Super ကော်ဖီမစ် ကြော်ငြာလေ"

ဆိုတော့ သူမက ကော်ဖီကို တစ်ငုံသောက်လိုက်ရင်းမှ ဘာမှ မထူးခြားသလို ပြန်ဖြေလာသည်။

"ဟုတ်လား ... မေမကြည့်ရသေးဘူး၊ နောက်ထပ် ရိုက်ပေးထား တာတွေ အများကြီးရှိသေးတယ်၊ မလွှင့်သေးတာ၊ ရှေ့လထဲမှာ လည်း အင်္ကျီကြော်ငြာတစ်ခု လက်ခံထားသေးတယ်"

"ဒါရိုက်တာကြီး ဦးကျော်ကြားတောင် တစ်နေ့က ပြောနေသေး တယ်၊ မေ့ကို ဇာတ်ကားတွေ မရိုက်လို့တဲ့၊ နှမြောတယ်တဲ့"

"မရိုက်ချင်ပါဘူး မှိုင်းရယ်၊ မေက မော်ဒယ်လ်သက်သက်ပဲ ရပ် တည်ပြီးတော့ အခုလို အေဂျင်စီလေး ဖွင့်ထားချင်တာ၊ မေ Miss ဖြစ်ခဲ့တဲ့ အချိန်ကတည်းက အဲဒီ ဦးကျော်ကြားကြီးက တဂျီဂျီနဲ့ ခဏခဏ ဇာတ်ကားရိုက်ဖို့ လာပြောတာ၊ မေမှ မရိုက်ချင်တဲ့ဟာ ကို၊ အခုလို ကြော်ငြာတွေ လက်ခံရိုက်ဖြစ်ခဲ့တယ်ဆိုတာကလည်း အားနာလို့ ရိုက်ပေးရင်းရိုက်ပေးရင်းကနေ များသွားတာ၊ နောက် ပိုင်းကျတော့လည်း စမိလက်စနဲ့ မထူးတော့ပါဘူးလေဆိုပြီး ဆက်ရိုက်ပေးဖြစ်နေတာ၊ ဇာတ်ကားတော့ မရိုက်ချင်ပါဘူး"

"ကောင်းတယ် ... မရိုက်နဲ့၊ မေ့ကို မင်းသားတွေနဲ့ အမြဲတစေ ပွေ့ဖက်ပြီး နေ့တစ်ရှူ အလုပ်လုပ်နေမှာကို ခံစားပေးကြည့်လို့ မရပါဘူး၊ အခုလို ကြော်ငြာတွေ ရိုက်နေတာတောင် တစ်ခါတလေ ပါလေ ဆိုပြီးတော့ အောင့်အည်းသည်းခံပေးထားတာ သိလား၊ ဖြစ်နိုင်ရင် မေ့ကို ဘယ်ယောကျ်ားမှတောင် မကြည့်စေချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံး မေက မျက်စောင်းထိုးကာ ပိုတယ်ဟု ဆို၏။ တကယ်တော့ ဒါက သူအပိုပြောတာ မဟုတ်ဘူးဆိုတာ သူသာ အသိဆုံးပင် ဖြစ်သည်။

အချစ်ကြီးလေလေ သဝန်တိုမှုမှာလည်း ပမာဏကြီးလေလေ ဆိုတာ ချစ်တတ်သော ယောကျ်ားသားတိုင်းရဲ့ မူပိုင်ခံစားချက်တစ်ခုပဲ မဟုတ်ပါလား။



## အခန်း(၈)

ဒီနေ့ကတော့ ကိုမိုးလုံးမှိုင်းရဲ့ စတူဒီယိုမှာပဲ in door ရိုက်ကြတာ ဖြစ်သည်။ ရေချိုးဆပ်ပြာကြော်ငြာ ဖြစ်သလို in door ရိုက်ရအောင်မို့ သူမ ဝတ်ရတာကလည်း အဖြူရောင် တဘက်တစ်ထည်သာ ဖြစ်သည်။ သူမခေါင်းကို ရေစိုအောင်စွတ်ကာ ခန္ဓာကိုယ်မှာ အဖြူရောင် တဘက်တစ်ထည်ကို ပတ်ထားရကာ ကိုမိုးလုံးမှိုင်း လိုချင်သည့် ပုံစံရသည်အထိ ကြိုးစားပမ်းစား ရိုက်ရလေသည်။ ခတ်ပုံတိုက်ထဲမှာက သူ့လက်ထောက် ကောင်လေးတစ်ယောက်ရယ်၊ ကိုမိုးလုံးမှိုင်းရယ်၊ ဆောင်းရှုပါရယ်၊ မိတ်ကပ်ပြင်သည့် မာမီချောနှင့် သူမတို့ ငါးယောက်သာ များဖြစ်သည်။

နေ့လယ် တစ်နာရီလောက်ကနေ စရိုက်လိုက်တာ ညနေ တစ်နာရီခွဲလောက်ကျမှ in door အတွက် ရိုက်ကူးခြင်းက ပြီးသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမမှ နာရီပေါင်း အတော်ကြာအောင် ခေါင်းရေစိုနှင့် နေခဲ့ရသဖြင့် ခေါင်းများတောင် ကိုက်ချင်လာသော်လည်း ထွက်လာသည့် ပုံများကို ကွန်ပျူတာတွင် ကြည့်အပြီးမှာတော့ ပင်ပန်းရကျိုး နပ်သည်ဟု ထင်မိလေသည်။

မိုးလုံးမှိုင်းက ဓာတ်ပုံတွေကိုကြည့်ကာ သဘောတကျ ပြုံးလိုက်ရင်းမှ ...

"in door ကတော့ အဆင်ပြေသွားပြီ၊ out door ကို မနက်ဖြန် ကန်တော်ကြီးထဲမှာ ရိုက်မယ်နော်၊ မနက် ကိုးနာရီလောက် ဆုံကြရအောင်၊ အဆင်ပြေမလား မသိဘူး"

သူမက ခေါင်းက ဆံပင်တွေကို မာမီချောက hair dryer ဖြင့် မှုတ်ပေးနေသည်ကို ခံယူနေသဖြင့် ဘာမှပြန်မပြောမိသော်လည်း မဆင်းရူပါကပဲ ပြန်ပြောလိုက်၏။

"ဟုတ် ... ပြေပါတယ်၊ ဒါနဲ့ ညတောင် ရောက်နေပြီဆိုတော့လေ ကျွန်မတို့နဲ့ တစ်ခုခု လိုက်စားပါလား"

ကိုမိုးလုံးမှိုင်း အကြည့်က နမ်းမဝထံ ဖျတ်ခနဲ ရောက်လာသည်။ ပြီးနောက် သူ့အကြည့်က လက်ကနာရီကို တစ်ချက်ကြည့်ကာ မဆင်းရူပါကိုပါ ပြန်ကြည့်လိုက်ပြန်ရင်း ...

"အိုခေလေ ... ကောင်းသားပဲ၊ သွားကြတာပေါ့"

ဒီလိုနှင့် ပစ္စည်းပစ္စယများ သိမ်းဆည်းယူငင်ပြီးသောအခါ မှာတော့ သူမ ၊ မဆင်းရူပါနှင့် သူတို့သုံးယောက်က အနီးစပ်ဆုံးရှိသည့် စားသောက်ဆိုင်တစ်ခုသို့ ချီတက်လာခဲ့လိုက်ကြသည်။ သူမကို မိတ်ကပ်





ပြင်ပေးသည့် မာမီချောက ကိစ္စလေးတစ်ခု ရှိသဖြင့် မလိုက်တော့ဘဲ သူ့ဘာသာ ခွဲပြန်သွားသလို သူ့လက်ထောက်ကောင်လေးကလည်း မဂ္ဂဇင်းတစ်ခုအတွက် ညရှစ်နာရီမှာ ကာဘာရိုက်ဖို့ ချိန်းထားတာရှိသေးသည်မို့ ပြင်ဆင်စရာရှိတာ ပြင်ဆင်ရင်း ကျန်နေခဲ့လေသည်။

သူမတို့ကတော့ စားသောက်ဆိုင်မှာ စားရင်း သောက်ရင်းက စကားပြောဖြစ်ကြသည်။

"ဟို ... ကိုမိုးလုံးမှိုင်း"

နမ်းမဝရဲ့ ခေါ်သံကြောင့် သူက တစ်ချက်ပြုံးလိုက်ကာ ...

"အဟင်း ... မောနေပါ့မယ်ဗျာ၊ အဆင်ပြေသလိုပဲ ဖြတ်ခေါ်ပါ၊ ရပါတယ်"

"ဟုတ် ... ကျေးဇူး၊ အဲဒါဆို ကိုမှိုင်းလို့ပဲ ခေါ်မယ်နော်၊ ရတယ် မဟုတ်လား"

"ရပါတယ်ဗျာ၊ မရစရာ မရှိပါဘူး"

"ဟုတ် ... ဒီနေ့ ရိုက်ရတာလေ အဆင်ပြေရဲ့လား မသိဘူး"

"ပြေပါတယ်၊ နမ်းမဝက ထင်ထားတာထက်တောင် ပိုလုပ်နိုင်တာပဲ၊ အဓိက သဘောကျတာက နမ်းမဝရဲ့ မျက်လုံးတွေပဲ၊ သူများနဲ့ မတူဘူး၊ ညို့ဓာတ်ပါတယ်"

"အဟင်း ... ကျေးဇူး"

"ကဲ ... နမ်းမဝရေ ဓာတ်ပုံဆရာကြီးကတော့ နမ်းမဝရဲ့ မျက်လုံးကို ညို့ဓာတ်ပါတယ်လို့ ပြောနေပြီ၊ ဒီတော့ ဓာတ်ပုံဆရာကြီးကို ကြိုတင်ပြီး ညို့ခဲ့ပါလား၊ ဒါမှ နောက် အလုပ်တွေရှိရင် နမ်းကို ခေါ်သုံးမှာ"



www.burmeseclassic.com

www.burmeseclassic.com



အရှန်းဝင်ဖောက်သည့် မဆင်းရှုပါရဲ့ စကားကြောင့် သုံးယောက်သား ပွဲကျသွားကြကာ ရယ်လိုက်မိကြသည်။

"ညို့စရာ မလိုပါဘူးဗျာ၊ နမ်းမဝနဲ့ အဆင်ပြေမယ့် ကုန်ပစ္စည်းမျိုး ကျွန်တော့်လက်ထဲ ရောက်လာရင် ခေါ်သုံးပါ့မယ်၊ ဟိုဟာ နမ်းမဝရဲ့ ဖုန်းနံပါတ် ကျွန်တော့ကို ပေးထားလေ၊ ကျွန်တော့် ဖုန်းနံပါတ်တော့ သိတယ်မဟုတ်လား"

သူ့စကားကြောင့် သူမက ခေါင်းတစ်ချက် ညိတ်လိုက်ရင်းက ...

"ဟုတ် ... သိတယ်၊ နမ်း အခုခေါ်လိုက်မယ်နော်၊ မှတ်ထားလိုက်ပေါ့"

ပြောရင်း သူမက မဆင်းရှုပါဆီက ရထားပြီး တစ်ခါမှ မခေါ်ရသေးသည့် သူ့ဖုန်းနံပါတ်ကို contacts ထဲမှ ပြန်ရှာကာ နှိပ်လိုက်တော့ westlife အဖွဲ့၏ I have a dream သီချင်းက သူ့ဖုန်းဆီမှ သာယာနာပျော်ဖွယ်ကောင်းစွာ ထွက်ပေါ်လာလေသည်။ ဒါကို သူက ဖုန်းကို ချလိုက်ပြီးနောက် သူ့ဖုန်းထဲမှာ သူမနံပါတ်ကို မှတ်လိုက်တာကို တွေ့ရ၏။

ခဏအကြာ စားသောက်လို့ပြီးမှာတော့ သူ့မှာက မဂ္ဂဇင်းကာဘာ ရိုက်ပေးစရာ ရှိသေးသည်မို့ နှုတ်ဆက်ကာ လမ်းခွဲပြန်ကြလေသည်။

ဒါပေမယ့် မနက်ဖြန်ကျလျှင် ပြန်တွေ့ကြရဦးမည် မဟုတ်ပါလား ...။



သူမ အိမ်ပြန်ရောက်တော့ အိမ်မှာ မေမီ ရောက်နေတာကို တွေ့ရသည်။ မေမီနဲ့ ဒေါ်လေးက ဧည့်ခန်းထဲမှာ ထိုင်စကားပြောနေကြတာ ဖြစ်သည်။

"ဟဲ့ ... ညကြီးမိုးချုပ် ဘာလာလုပ်တာလဲ"

"ဘာမှမဟုတ်ပါဘူး၊ မေမေက ဒီလမ်းထဲက သူ့အသိတစ်ယောက် အိမ်ကို လာတာ၊ အဲဒါ ငါပါလိုက်လာပြီးတော့ ဒီမှာဝင်နေတာ၊ ပြီးမှ မေမေက ငါ့ကို ဒီမှာပြန်ဝင်ခေါ်လိမ့်မယ်"

"အခန်းထဲ လိုက်ခဲ့ဟယ်၊ ငါ အဝတ်အစား လဲချင်နေပြီ"

သူမက ပြောလည်းပြော၊ ရှေ့ကနေလည်း အခန်းရှိရာဆီကို တက်လာခဲ့တော့ မေမီက နောက်ကနေ တောက်လျှောက်ပါလာသည်။

"ဘယ်လိုလဲ ... ဒီနေ့ဓာတ်ပုံရိုက်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"ကိုမိုးလုံးမှိုင်းကရော ဘယ်လိုနေလဲ"

"ဘာကိုမေးတာလဲ ... နင့်ဟာက"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... လုပ်ရည်ကိုင်ရည်၊ ပေါင်းသင်းဆက်ဆံရေး၊ အစစ အရာရာပေါ့"

"မိုက်ပါတယ်၊ မိုက်လို့ပဲ နာမည်ကြီးနေတာပေါ့ဟာ"

မေမီက ခေါင်းတညိတ်ညိတ်ဖြင့် သူမ ခုတင်အစွန်းမှာ ဝင်ထိုင်သည်။ သူမကတော့ အဝတ်ဗီရိုဆီသို့ သွားကာ အဝတ်အစားလဲဖို့ လုပ်ရသည်။

"ဒါနဲ့ နင် သိလား၊ အဲဒီ ကိုမိုးလုံးမှိုင်းနဲ့ မရတုမေတို့က တွဲနေကြတယ်ဆိုတာလေ"

မေမှီစကားကြောင့် အဝတ်ဗီရိုကို ပြန်ပိတ်တော့မည့် လက်က လေထဲမှတင် ရပ်တန့်သွားရကာ မေမီရှိရာဆီသို့ ပြန်လှည့်ကြည့်မိလိုက်ရင်း ...

"ဟုတ်လို့လား၊ နင် ဘယ်က ကြားလာတာလဲ"

"ဒီလိုပဲ သတင်းသဲ့သဲ့ ကြားမိတာပဲ၊ နင် မကြားမိဘူးလား"

"ဟင့်အင်း ... မကြားပါဘူး"

အ,ရန်ကောဆိုသည့် အကြည့်မျိုးဖြင့် မေမီက တစ်ချက် ကြည့်လာပြန်၏။

"နင်ကလည်း အနုပညာလောကထဲမှာ နေပြီး ညံ့လိုက်တာ၊ ငါ့ အသိတစ်ယောက်က အဲဒီ ကိုမိုးလုံးမှိုင်းတို့ နေတဲ့လမ်းထဲမှာပဲနေတာ၊ ကိုမိုးလုံးမှိုင်းတို့ အိမ်မှာ မရတုမေက အဝင်အထွက် ရှိတယ်တဲ့၊ တွဲနေကြတာဆိုပဲ၊ ဒါပေမယ့် အနေအထိုင်တော့ ပိရိကြတယ်နော်၊ ရင်းနှီးတဲ့ လူအချို့လောက်သာ သိပြီးတော့ အပြင်ကို သတင်းက သိပ်တော့မထွက်ဘူး"





မျက်လုံးထဲမှာ မရတုမေ၏ မျက်နှာက ဖျတ်ခနဲပြေးဝင် ထင်ဟပ်လာသည်။ ပြီးတော့ ကိုမိုးလုံးမှိုင်းရဲ့ မျက်နှာ။ ပြီးတော့ အဲ့ဒီ မျက်နှာ ဂ်ခုကို အတွေးထဲမှာ ပူးယှဉ်ကြည့်မိလိုက်ပြန်သည်။

"ဒါနဲ့ ဓာတ်ပုံရိုက်တာက ဒီနေ့ တစ်နေ့တည်း အပြီးရိုက်တာလား"

"မဟုတ်ဘူး၊ မနက်ဖြန် တစ်ရက် ကျန်သေးတယ်၊ ကန်တော်ကြီး ထဲမှာ ရိုက်မှာ"

"ဪ ... ပြီးတော့ ပြောဖို့ မေ့နေသေးတယ်၊ ရန့်ဖြူလေ ... ဓာတ်ကားတွေ ထွက်နေပြီ၊ အောင်သီရိက သူ့ကားတွေချည်း ဆက်တိုက်ထုတ်ပေးနေတာ"

"အင်း ... တွေ့တော့ တွေ့လိုက်တယ်၊ ဒါပေမယ့် မကြည့်ဖြစ်သေးဘူး၊ နင် ကြည့်ပြီးပြီလား၊ ဘယ်လိုနေလဲ"

"မိုက်တယ်ဆရာ၊ လုံးဝအမိုက်စားပဲ၊ ပြီးတော့ သူ့ပုံစံက နေ့ချင်းညချင်းကိုပဲ မင်းသမီးရုပ် ပေါက်သွားတယ်၊ အရင် မော်ဒယ်လ်လုပ်နေတုန်းကနဲ့ သိပ်မတူတော့ဘဲနဲ့ ပိုမိုက်လာတယ်၊ ပြောရရင် သူ့ကိုယ်သူ ယုံကြည်မှုရှိသွားတဲ့ သဘောပဲ၊ ငါတောင် သူ့ကားတွေကြည့်ရင်း တွေးနေတာ၊ အဲဒီနေရာမှာ နင်သာဆိုရင် ဘယ်လောက် ကောင်းမလဲလို့"

မေမှီစကားကြောင့် နမ်းမဝက မေမှီကို တစ်ချက်ပြုံးပြလိုက်မိသည်။ ဒါပေမယ့် သူမရဲ့အပြုံးမှာ ပေါင်းစပ်ပါဝင်နေသည့် နာကြည်းမှုတွေကိုတော့ မေမီ တွေ့မိရဲ့လား မသိချေ။



www.burmeseclassic.com

www.burmeseclassic.com

ကန်တော်ကြီးထဲမှာ ခာတ်ပုံရိုက်နေကြရင်း နေ့လယ် ထမင်းစားကြဖို့ အချိန်ရောက်လာစဉ်မှာတော့ သူမတို့ခာတ်ပုံရိုက်နေတဲ့ နေရာကို သူမရဲ့ရန်သူတော်ကြီး မရတုမေက ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကိုပဲ ရောက်လာတော့တာ ဖြစ်ပါသည်။ မဆင်းရှုပါက အရေးတကြီး အလုပ်ကိစ္စပေါ်လာသဖြင့် ဒီနေ့ ရှုတင်ကို မလာဖြစ်။ သူမနှင့် မိတ်ကပ်ပြင်သည့် မာမီချောသာ လာကြတာဖြစ်သည်။

မရတုမေ ရောက်လာတာကိုလည်း တွေ့ရော ကိုမိုးလုံးမှိုင်းရဲ့ မျက်နှာက သိသိသာသာကြီးကိုပဲ ဝင်းပသွားကာ ...

"ဟာ ... မေ ဘယ်ကိုလာတာလဲ"

"ဘယ်ကိုလာရမှာလဲ၊ မှိုင်းဆီကိုပဲ လာတာပေါ့၊ နေ့လယ်စာ အတူစားချင်လို့ ကန်တော်ကြီးထဲမှာဆိုတာနဲ့ လိုက်လာတာ"

"ဟား ... မိုးတွေတော့ ရွာတော့မှာပဲကွာ၊ ဪ ... ဒါနဲ့ မိတ်ဆက်ပေးမယ်၊ လာ ..."

ပြောရင်း သူတို့နှစ်ယောက်က နမ်းမဝနဲ့ နီးတဲ့အထိ ကပ်





လာကြကာ ကိုမိုးလုံးမှိုင်းက သူမနဲ့ မရတုမေကို တစ်လှည့်စီ ကြည့်လိုက်ရင်း ...

"တစ်ယောက်နဲ့ တစ်ယောက်တော့ သိပြီးသား ဖြစ်မှာပါ၊ ဟုတ်တယ် မဟုတ်လား"

ကိုမိုးလုံးမှိုင်းရဲ့ စကားအဆုံး နမ်းမဝက မရတုမေကို ပြုံးစဖြင့် အမိပ္ပာယ်ပါပါ ကြည့်ပေးလိုက်ရင်းက ...

"သိတာပေါ့၊ ကောင်းကောင်းကြီးကိုပဲ သိဖူးကြပါတယ်"

ဆိုတော့ မရတုမေရဲ့ မျက်လုံးတွေထဲမှာလည်း အရိပ်တချို့ ခြတ်ပြေးသွားတာကို တွေ့လိုက်ရသည်။ ဒါပေမယ့် အဲဒီအရိပ်က တကယ့်ကို ပါးပါးလေးနဲ့ ခဏလေးရယ်ပါ။ အေးပေါ့လေ ... သူလည်း နာမည်ကြီး မော်ဒယ်လ်တစ်ယောက်ပဲဟာ၊ ဒီလောက်ဟန်ဆောင်မှုကတော့ သူ့အတွက် အေးဆေးပဲနေမှာပါ။

"ဘာပဲဖြစ်ဖြစ် မိတ်ဆက်တာတော့ အခုမှမဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်မ နမ်းမဝပါ၊ ပြန်လည်ဆုံရတာ ဝမ်းသာပါတယ်ရှင်"

သူမ စကားအဆုံး မရတုမေကလည်း သူမကို ပြုံးပြလာရင်းက ...

"me too ... အရမ်းနာမည်တက်လာတယ်နော်၊ ကြိုးစားပေါ့၊ ကြိုးစားတဲ့သူတိုင်းအတွက် နေရာတစ်ခုက အမြဲတမ်း ရှိပြီးသားပါ"

ဟု ဆိုသည်။ တဆိတ်တော့ မရတုမေရဲ့ အပြုံးက ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သလို အဖြူဆန်နေ၏။ ရှင် တော်တော် ဟန်ဆောင်ကောင်းတာပဲ မရတုမေရယ်။

"ဟုတ်ကဲ့ ... မရတုမေ ပြောတဲ့ စကားအတိုင်း အဲဒီနေရာကို ကျွန်မ ရောက်အောင် သွားမှာပါ"

"အိုခေ ... နေ့လယ်စာ သွားစားကြရအောင်လေ၊ ပြီးမှ ဆက်ရိုက်ကြတာပေါ့၊ အကုန်လုံး အတူတူသွားကြရအောင်လေ"

"ဟို ... အားတော့နာတယ် ကိုမှိုင်းရဲ့၊ နမ်းက နေ့လယ်စာ စားဖို့ကို အပြင်မှာ မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားသေးလို့၊ အဲဒါ ကိုမှိုင်းတို့ဘာသာပဲ သွားလိုက်တော့နော်၊ နမ်း မလိုက်တော့ဘူး။ နမ်းတို့ဘာသာပဲ သက်သက် သွားလိုက်တော့မယ်၊ ဆောရီးပါနော်"

တကယ်တော့ သူမမှာ ဘာချိန်းထားတာမှ မရှိပါ။ သူမစိတ်ကိုက မရတုမေနှင့် တစ်ဝိုင်းတည်းမှာ ထမင်းအတူစားရမှာကို စိတ်မပါတာ ဖြစ်သည်။ ကြောက်လို့တော့ မဟုတ်။ ဖီးလ်ငုတ်လို့သာ ဖြစ်သည်။

"ဪ ... ဟုတ်လား၊ အိုခေလေ၊ ဒါဆိုလည်း နေ့လယ် တစ်နာရီခွဲလောက်တော့မှ ပြန်ဆုံကြတာပေါ့"

သူက သူမကိုလည်း ပြော၊ သူ့လက်ထောက် ကောင်လေး ဖိုးတုကိုလည်း တစ်ခါတည်း လှမ်းပြောသည်။

ဖိုးတုရေ ... ပစ္စည်းတွေ သိမ်းကွာ၊ ထမင်းသွားစားကြရအောင်"

"အစ်ကိုတို့ သွားနှင့်လိုက်လေ၊ ကျွန်တော် ပစ္စည်းတွေသိမ်းပြီးမှ ဒီထဲက တစ်ဆိုင်ဆိုင်မှာပဲ ကိုယ့်ဘာသာ ဆွဲလိုက်တော့မယ်။ တော်ကြာ ကျွန်တော် ဝဋ်လည်နေမှာစိုးလို့ ... ဟဲဟဲ"





"ဟင်း ... မင်းကတော့ ပြောတော့မယ်၊ အိုခေ ... အိုခေ၊ ဒါဆို ကိုယ်သွားတော့မယ်၊ ပစ္စည်းတွေလည်း သေချာသိမ်းဦး"

"ဟုတ်ကဲ့ အစ်ကို"

သူတို့နှစ်ယောက်က အရင်ထွက်သွားကြတော့ ဓာတ်ပုံရိုက်သည့်နေရာမှာ နမ်းမဝရယ်၊ မာမီချောနှင့် ဖိုးတုတို့သာ ကျန်နေခဲ့သည်။ ဖိုးတုက ပစ္စည်းပစ္စယတွေကို ကားထဲမှာ သွားထည့်သိမ်းဆည်းနေပြီး မာမီချောကတော့ ထွက်ခွာသွားသည့် နှစ်ယောက်ကို လှမ်းမျှော်ကြည့်ရင်း သူမအနား ကပ်လာကာ ...

"အဲဒီနှစ်ယောက်က လိုက်တယ်နော် ... နမ်း"

ဟုဆို၏။ မာမီချော စကားကြောင့် သူမက သူမမျက်နှာကို မှန်ထဲမှာ ပြန်ကြည့်နေရင်းက စိတ်မဝင်စားသည့်ပုံဖြင့် ...

"ဟုတ်လား ... လိုက်လား"

ဟု ပြန်ဆိုဖြစ်သည်။

"အင်းလေ ... ဒီလောက် ရှေ့သွားနောက်လိုက် ညီနေတာကို၊ နှစ်ယောက်စလုံးကလည်း အောင်မြင်နေတဲ့ လူတွေ၊ ပြီးတော့ နဂိုကတည်းက ပိုက်ဆံကလည်း ရှိပြီးသားလူတွေဆိုတော့ ရွှေပေါ်ရွှေဆင့်ပဲ၊ အားကျလိုက်တာ၊ တို့များကျတော့လည်း ... ဟင်း ..."

မာမီချောက နမ်းကိုပြောသလိုလို သူ့ဘာသာပဲ ရေရွတ်သလိုလိုနှင့် သူ့ကိုသူ အားမလို အားမရတွေ ဖြစ်နေ၏။ မှန်ထဲမှာ ပေါ်နေသည့် နမ်းမဝကတော့ အဓိပ္ပာယ်ပါပါ ပြုံးနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"နမ်းမဝက မေ့ကို သိပ်မကြည်သလိုပဲ"

မေ့စကားကြောင့် သူက ထမင်းစားနေရာကနေ မေ့ကို တစ်ချက် မျက်လုံးလှန်ကြည့်လိုက်မိသည်။

"ဟင် … ဟုတ်လို့လား၊ သူက မေ့ကို ဘာလို့မကြည်ရမှာလဲ"

သူ့စကားအဆုံး မေက စားလက်စ ထမင်းပန်းကန်ထဲမှာ ဇွန်းတွေကို ခဏပြန်ချထားလိုက်ရင်း …

"အောင်သိဒ္ဓိ သရုပ်ဆောင်ရွေးပွဲကို မကျေနပ်လို့ ထင်တာပဲ၊ အဲဒီတုန်းက နောက်ဆုံး စကာတင် နှစ်ယောက်က နမ်းမဝနဲ့ ရန့်ဖြူလေ၊ ဖြစ်ချင်တော့ ဒိုင်က ငါးယောက်၊ သူတို့ကို မဲပေးတော့ ရှေ့က ဒိုင်လေးယောက်က တစ်ယောက်ကို နှစ်မဲဆီ ပေးထားလိုက်ကြတော့ မေက နောက်ဆုံး အဆုံးအဖြတ်အဖြစ် ပေးရတယ်၊ မေက ရန့်ဖြူကို ရွေးလိုက်တယ်လေ၊ အဲဒါကို မကျေနပ်တာထင်တာပဲ၊ အဲဒီတုန်းက မှိုင်းက စင်ကာပူ သွားနေတာလေ"

သူက ခေါင်းညိတ်ပြလိုက်ရင်း …





"ဒါ ဘာမကျေနပ်စရာ ရှိလဲ၊ သူမတော်လို့ သူမရတာပဲဟာကို"

မေက ပြုံးကာ ရေဖန်ခွက်ထဲမှ ရေကို အနည်းငယ်သောက်လိုက်သည်။ ပြီးမှ သူ့ကိုကြည့်လာကာ စကားကိုဆက်သည်။

"သူကတော့ အဲဒီလို တွေးချင်မှ တွေးမှာလေ၊ ရန့်ဖြူက မေ့ အေဂျင်စီက ထွက်တာဆိုတော့ မေ့ကို မျက်နှာလိုက်ပြီး ရွေးလိုက်တယ်ပဲ ထင်မှာ သေချာတယ်၊ မေ ကျိန်ပြောရဲတယ် သိလား၊ အဲဒီရွေးချယ်မှုမှာ မျက်နှာလိုက်မှု လုံးဝ မပါဘူး၊ အဲဒီအချိန်တုန်းက သူက အစိမ်းသက်သက်၊ သူ့ကို ဘယ်သူမှ မသိဘူး၊ ရန့်ဖြူဆိုတာက မော်ဒယ်လ်လောကမှာ နာမည်ရပြီးသား၊ ပရိသတ်လည်း သိနေပြီးသား၊ သူ့ကို ပရိသတ် တော်တော် များများကလည်း ဇာတ်ကားတွေ ရိုက်ဖို့ တောင်းဆိုနေတဲ့အချိန်လေ၊ အဲဒီမှာ မေက သူတို့နှစ်ယောက်ကို ချိန်ထိုးကြည့်တယ်၊ ပြီးတော့ ပရိသတ်တွေနေရာကနေ နေကြည့်တယ်၊ မေ့အတွေးက ပရိသတ်တွေ အနေနဲ့ဆိုရင် အစိမ်းသက်သက် နမ်းမဝထက်စာရင် ရန့်ဖြူကိုပဲ ပိုပြီးတော့ စိတ်ဝင်စားကြမယ်လို့ ထင်တဲ့အတွက် ရန့်ဖြူကိုပဲ ရွေးလိုက်တာပါ၊ အဲဒီမှာ ဘာမျက်နှာလိုက်မှု ဘာရင်းနှီးမှုမှ မပါဘူး၊ နမ်းမဝ မတော်ဘူး မဟုတ်ပါဘူး၊ တော်တယ် … ဒါပေမယ့် နမ်းမဝထက် ရန့်ဖြူက ပရိသတ် စိတ်ဝင်စားမှု ပိုနေတဲ့အတွက် ရန့်ဖြူကိုပဲ ရွေးလိုက်တာပါ၊ အခုဆို ရန့်ဖြူ ဇာတ်ကားတွေ ထွက်လာပြီး သူ့ကားတွေ ပေါက်တယ်၊ ပရိသတ်တွေ ကြိုက်ကြတယ်၊ အောင်သိဒ္ဓိ ထုတ်လုပ်ရေး အနေနဲ့လည်း မင်းသမီးသစ် တင်တာ လူ



www.burmeseclassic.com

www.burmeseclassic.com



ရွေးမှန်တယ်ဆိုတဲ့ သတင်းတွေ ထွက်တယ်၊ အဲဒီတော့ မေက တော့ မေ့ ရွေးချယ်မှုက မမှားဘူးလို့ တွေးတယ်၊ နမ်းမဝကတော့ အဲဒီလို မတွေးနိုင်ဘူးလေ၊ သူက သူ့အိပ်မက်ကို ရိုက်ချိုးခံလိုက် ရတာကိုး၊ မေ သူ့ကို နားလည်ပါတယ်၊ သူ့နေရာကနေဆိုရင်လည်း မေ့ကို မုန်းသင့်ပါတယ်လေ"

"မေ တွေးသလို သူ မေ့ကို မုန်းချင်မှလည်း မုန်းမှာပါ မေရာ၊ မေ့စိတ်က ထင်တာလည်း ဖြစ်ချင်ဖြစ်မှာပါ"

"မဟုတ်ဘူး၊ မေ သူ့မျက်လုံးတွေ သူ့အပြုံးတွေကို ဖတ်မိပါတယ်၊ မှိုင်းက သေးလူဆိုတော့ သိမှာမဟုတ်ဘူးလေ၊ တခါတလေကျတော့ သေးလူက ပိုမြင်တယ်ဆိုပေမယ့် တချို့ကိစ္စတွေကြတော့ ကာယကံ ရှင်တွေ အချင်ချင်းပဲ ခံစားမိကြတာပါ"

မေ့ စကားကြောင့် သူက စောစောက (မေနဲ့ နမ်းမဝ ဆုံစဉ်က) တွေ့ခဲ့ရသည့် နမ်းမဝရဲ့ စကားတွေ၊ အကြည့်တွေ၊ အပြုံးတွေကို ပြန်ပုံဖော် မြင်ယောင်ကြည့်မိသည်။ အဲဒီလို ပြန်တွေးကြည့်မိတော့လည်း နမ်းမဝပုံစံက မေ ပြောသလို တစ်မျိုးတော့ ထင်ချင်စရာပေမယ့် ခံစားချက်အခံနှင့် ထည့်တွေးနေလို့လည်း တစ်မျိုးဖြစ်ချင်သလို ဖြစ်နေတာလည်း ဖြစ်နိုင်တာပဲ မဟုတ်လား။

သူကတော့ မေ စိတ်ထင်နေတာပဲ ဖြစ်မှာပါဟုသာ တွေး လိုက်မိသည်။



## အခန်း(၈)

BURMESE CLASSIC

မိုးလုံးမှိုင်းနှင့် ရတုမေတို့က ရတုမေအိမ်မှာပဲ ဆွေမျိုးနီးစပ် မိတ်ဆွေတချို့နှင့် လူကြီးစုံရာရှေ့မှာ လက်မှတ်ရေးထိုးကာ စေ့စပ်လိုက် ကြလေသည်။ အကျဉ်းရုံးကာ လုပ်သည်ဆိုသော်လည်း နှစ်ယောက်စလုံး က အနုပညာသမားတွေမို့ သတင်းမီဒီယာသမားတွေပါ ရောက်လာကြ သောရာ အနည်းငယ်တော့ လူများသွားလေသည်။

လူကြီးတွေကလည်း အခုမှပဲ အနည်းငယ် ကျေနပ်သွားကြ သော်ဖြစ်သော်လည်း တစ်ခါတည်း လက်မထပ်ကြသည့်အတွက် သိပ်တော့ ကျေနပ်ပုံ မပေါ်ကြချေ။

ကာယကံရှင် နှစ်ယောက်စလုံးက အကြေအလဲ ငြင်းဆန် ကြတာဖြစ်သည့်အတွက် လူကြီးတွေမှာ အားမတန်လို့ မာန်လျှော့ကာ လျှော့ခဲ့လောက်သာ လုပ်လိုက်ကြရတာ ဖြစ်ပါသည်။ ဒါတောင် အတော်



www.burmeseclassic.com

www.burmeseclassic.com



လိုသေးသည့် လက်ထပ်ပွဲကို မှန်းမျှော်ကာ ဘယ်ဟိုတယ်မှာ လုပ်မယ်၊ သတို့သမီးဝတ်စုံက ဘယ်မှာအပ်မယ်၊ လူဘယ်လောက် ဖိတ်မယ်၊ ဘာကျွေးမယ် … စသဖြင့် လက်တွေ့ အကောင်အထည် မဖော်လိုက်ရသေးသည့် လက်ထပ်ပွဲကို ပါးစပ်နှင့်တော့ ရအောင် ကျင်းပလိုက်ကြသေးတာ ဖြစ်သည်။



စေ့စပ်ကြောင်းလမ်း ပြီးစီးခြင်း …

ဆိုသည့် ကြော်ငြာပါ သတင်းစာကို ဖတ်အပြီးမှာတော့ နှမ်းမဝက သဘောတကျ ပြုံးလိုက်မိစဉ်မှာပဲ ဒေါ်လေးကလည်း ဒီသတင်းကို ဖတ်ပြီးဟန်ဖြင့် ပြောလာသည်။

"ဟဲ့ … ရတုမေလေ ဓာတ်ပုံဆရာ မိုးလုံးမှိုင်းနဲ့ စေ့စပ်သွားပြီ၊ အဲဒီထဲမှာ သတင်းပါလာတယ် … တွေ့လား၊ မနက်က ဈေးသွားတော့လည်း ဂျာနယ်မျက်နှာဖုံးတိုင်းလိုလိုမှာ သူတို့ပုံတွေချည်းပဲ တွေ့လာတယ်၊ မိုလုံးမှိုင်းနဲ့ ညည်းနဲ့ ခင်တယ်မဟုတ်လား၊ စေ့စပ်ပွဲတုန်းက မဖိတ်ဘူးလား"

"မဖိတ်ပါဘူး ဒေါ်လေးရယ်၊ အကျဉ်းရုံးပြီး လုပ်တာနေမှာပါ"

"အင်း … သူတို့ နှစ်ယောက် လိုက်တယ်နော်၊ နေနဲ့လ ရွှေနဲ့မြ ဆိုတာ ဒီလို အတွဲမျိုးကို ခေါ်တာ"

နှမ်းမဝက သတင်းစာကြော်ငြာကို နောက်တစ်ခေါက် ငုံ့ဖတ်နေရင်းကနေ ဒေါ်လေးကို မကြည့်ဘဲ ဒီအတိုင်း မေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး ... မရတုမေ သိပ်ပျော်နေမှာပဲနော်"

"ပျော်မှာပေါ့ဟဲ့၊ သူတို့က နှစ်ယောက်သား ကြိုက်လို့ယူကြတာ ပဲဟာ၊ ဘယ်သူမဆို ကိုယ်ချစ်တဲ့သူနဲ့လက်တွဲခွင့်ရတဲ့ဟာ မပျော် ဘဲနေပါ့မလား"

ဟုတ်ပါတယ်လေ ... ပျော်မှာပါ။ မရတုမေ သိပ်ကိုပျော်နေ မှာပါ။ ပျော်နေမှုလည်း ဖြစ်မယ်လေ။ ဟင်းဟင်း ... ဒါမှ ပွဲက နည်း နည်းလေး လှသွားမှာ ...။



မော်ဒယ်လ်တစ်ယောက်ကဲကို ဓာတ်ပုံရိုက်ပေးနေတုန်းမှာပဲ ဖုန်းက မြည်လာတာမို့ သူက ဖုန်းမှာပေါ်နေသည့် နာမည်ကိုကြည့်လိုက် ခဲ့သည်။ ဖုန်းမှာပေါ်နေတာက နမ်းမဝတဲ့။ သူမနှင့် ကြော်ငြာရိုက်ပြီး ကတည်းကပင် မဆုံဖြစ်ကြတော့တာ ဖြစ်သည်။ ခုမှ ဖုန်းဆက်တယ်ဆို တော့ ဘာကိစ္စများပါလိမ့်ဆိုသည့် အတွေးဖြင့် မော်ဒယ်လ်ကို အဝတ် အစား နောက်တစ်စုံ လဲခိုင်းလိုက်ကာ ဖုန်းကို ထူးဖြစ်သည်။

"ဟယ်လို ..."

"ကိုမှိုင်းလား ... နမ်းမဝပါ"

"ဟုတ်ကဲ့ ... သိတယ်လေ၊ မတွေ့တာတောင် ကြာပြီနော်"

"ဟုတ် ... မဆုံဖြစ်ကြဘူးနော်၊ ဒီနေ့ ကိုမှိုင်းနဲ့ ရိုက်ထားတဲ့ Billboard တွေ ရန်ကုန်မှာ စထောင်ထားပြီလေ"

"ဟုတ်လား ... ကိုယ် မကြည့်ရသေးဘူး"

"နမ်း ကြည့်ပြီးသွားပြီ ... မိုက်တယ် သိလား၊ ဒါကြောင့်[illegible] တင်တဲ့အနေနဲ့ ထမင်းလိုက်ကျွေးချင်လို့၊ မငြင်းနဲ့နော်"

www.burmeseclassic.com



"ဪ ... မလိုပါဘူးဗျာ၊ အားနာစရာကြီး၊ ပြီးတော့ ဒါက ကိုယ့်အလုပ်ပဲဟာ"

"အာ ... မရပါဘူး၊ ငြင်းရင်သာ အားနာစရာ ဖြစ်သွားမှာ၊ လာပေးပါနော်၊ နမ်းကိုခင်ရင် လက်ခံပေးပါနော်"

သူက စိတ်အိုက်စွာဖြင့် နာသယ်စပ်ကို လက်ညှိုးတစ်ချောင်းတည်းဖြင့် ကုတ်လိုက်မိသည်။ ပြီးနောက် သက်ပြင်းမောတစ်ခုကို ချလိုက်ရင်း ...

"ကောင်းပါပြီဗျာ၊ ဒီလောက် သဒ္ဓါတရား ထက်သန်နေမှတော့ လိုက်စားပေးပါ့မယ်၊ ဘယ်နေ့လဲ"

"မနက်ဖြန် ညပိုင်းလောက် ကိုမှိုင်းအားလား မသိဘူး၊ ညစာ လိုက်ကျွေးမယ်လေ၊ နေ့ဘက်တွေက နမ်း မအားလို့ပါ၊ My Garden မှာ တွေ့ကြမယ်လေ"

"မနက်ဖြန် ... အင်း ... အိုခေလေ၊ အားပါတယ်"

"ဟား ...ကျေးဇူး"

ပြီးမှ သူက စိတ်ထဲမှာ မေ့ကို ပြေးသတိရလိုက်မိရင်း မေ့ကိုပါ ခေါ်သွားရရင် ကောင်းမည်ဆိုသည့် အတွေးဖြင့် ...

"ဒါနဲ့ ကိုယ်တို့နှစ်ယောက်တည်းပဲလား"

"မဟုတ်ဘူး၊ နမ်း သူငယ်ချင်းတစ်ယောက် ပါမယ်၊ ဘာလဲ ... နမ်းက ကိုမှိုင်းကို ကိုက်စားမှာစိုးလို့လား"

ပြောပြီး သူမက တခစ်ခစ် ရယ်နေသေး၏။ သူမရယ်သံက တစ်မျိုးတော့ တစ်မျိုးတော့ပါပင်။ အနည်းငယ်များ ရွဲ့တဲ့တဲ့လုပ်ယူထားသလားလို့။





ဒါပေမယ့် ကြာကြာ တွေးမနေအားပါ။ အလုပ်လုပ်ရဦးမယ်ဆိုတော့ သူမနှင့် မြန်မြန်ပြောကာ မြန်မြန် စကားစဖြတ်ဖို့ လိုပါသည်။

"အာ ...မဟုတ်ပါဘူး၊ ကိုယ်ဆိုလိုချင်တာက ကိုယ့်ဘက်က နောက်တစ်ယောက်လောက်များ ခေါ်လာခဲ့လို့ ရမလားလို့ပါ"

"ဪ ... ရပါတယ်၊ ကိုမှိုင်းလည်း ခေါ်ချင်တဲ့သူရှိရင် ခေါ်လာခဲ့လေ၊ တစ်မျိုးလုံး ခေါ်လာလည်း နမ်းက ကျွေးမှာပါနော်"

"အဟား ... ဟုတ်ပါပြီဗျာ၊ ကျေးဇူးနော် ... အခုလို လက်ခံပေးလို့၊ ဒါဆို မနက်ဖြန်မှ တွေ့မယ် ..."

"ဟုတ်ပါပြီဗျာ"

"ဘိုင့် ဘိုင် ..."

တစ်ဖက်က ဖုန်းချသွားသည်။ ဒီတော့မှ သူက ဖုန်းကို အနီးစပ်ရာ စားပွဲတစ်ခုပေါ်မှာ တင်ထားလိုက်ပြီးနောက် မော်ဒယ်လ်လည်း အဝတ်အစား လဲပြီးသွားပြီမို့ ဓာတ်ပုံပြန်ရိုက်ဖို့ လုပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

နမ်းမဝက ဖုန်းကိုချလိုက်ပြီးနောက် အခိပ္ပာယ်ပါပါ တစ်ချက် ပြုံးလိုက်မိလေသည်။ ကိုမိုးလုံးမှိုင်းရယ် ... ရှင် ခေါ်လာမယ့် တစ်ယောက်ဆိုတာ မရတုမေကို ပြောတာမှ ဟုတ်ရဲ့လား။ ဟင်း ... ဟင်း ... စိတ်ချ။ ရှင်ခေါ်ချင်တဲ့သူက မနက်ဖြန် ရှင်ခေါ်ရာနောက်ကို လုံးဝလိုက်လာနိုင်မှာ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ မရတုမေက မနက်ဖြန် ဘီဒိုးနားမှာ သူ့အဂျင်စီက တာဝန်ယူထားတဲ့ ရှိုးပွဲတစ်ခု ရှိနေတယ်လေ။

ဟင်း ... ဟင်း ... စိတ်တော့မကောင်းပါဘူးရှင်။

မော်ဒယ်လ်တွေကို try ပေးနေတုန်းမှာပဲ သူ့မ ဖုန်းက မြည်လာသည်။ ကြည့်လိုက်တော့ မှိုင်းဆီက။

"ပြော ... မှိုင်း"

"အင်း ... ကိုယ်ပြောစရာရှိလို့၊ မနက်ဖြန်ည မေ အားလား၊ ကိုယ်နဲ့ ဒင်နာတစ်ခုကို လိုက်ခဲ့ပေးလို့ရမလား"

"မနက်ဖြန် ... အာ ... မအားဘူး မှိုင်းရဲ့၊ မနက်ဖြန် ဆီဒိုးနားမှာ ပွဲရှိတယ်လေ၊ မေ့အေဂျင်စီကပဲ၊ အဲဒီပွဲအတွက်ပဲ အခု လေ့ကျင့်နေကြတာ"

သူ့မ စကားအဆုံး တစ်ဖက်က သက်ပြင်းချသံ သဲ့သဲ့ကို ကြားလိုက်ရရင်း ...

"သြော် ... အဲလိုလား"

"အင်း ... ဒင်နာက ဘာအထိမ်းအမှတ်လဲ"

"သြော် ... ဒီလိုပဲ လုပ်ဖော်ကိုင်ဖက်ပါ၊ အရေးမကြီးပါဘူး၊ ကိုယ်က မေ အားမယ်ထင်လို့ အတူတက်ချင်တာနဲ့ လှမ်းပြောတာ၊ မေ

www.burmeseclassic.com



မအားရင်လည်း နေပါ၊ ကိုယ့်ဘာသာပဲ တစ်ယောက်တည်း သွားလိုက်ပါ့မယ်”

“ဆောရီး မှိုင်းရယ် နော်၊ ဘာပြောဦးမလဲ”

“အင်း … မပြောတော့ပါဘူး၊ မေ မအားရင်လည်း ဒါပဲလေ၊ လုပ်စရာရှိတာ လုပ်ပါ”

“အင်း … ဒါဆို မေ ဖုန်းချပြီနော်၊ ဘိုင့်ဘိုင်”

အလုပ်လုပ်နေတာမို့ ပြောလျှင်ပြောပြီးခြင်း သူမက ဖုန်းချလိုက်မိသည်။ သူ့အတွက် စိတ်တော့မကောင်း။ ဒါပေမယ့် သူမရဲ့ အလုပ်နဲ့ တိုက်နေတော့လည်း ဘာမှ မတတ်နိုင်ပါချေ။



## အခန်း (၁၀)

ဒင်နာမှာတော့ နမ်းမဝ ကြိုတင်တွက်ဆထားသလိုပဲ သူက တစ်ယောက်တည်းသာ ရောက်လာခဲ့တာဖြစ်ပါသည်။ သူမကလည်း သူငယ်ချင်းတစ်ယောက် ခေါ်လာမယ်လို့သာ စကားလုအောင် ပြောထားတာဖြစ်ပြီး အစကတည်းက ဘယ်သူ့ကိုမှ ခေါ်လာခဲ့ဖို့ အစီအစဉ် မရှိခဲ့တာဖြစ်လေရာ ဒင်နာဝိုင်းမှာတော့ သူမနှင့် သူ နှစ်ယောက်တည်းသာ စားကြတာ ဖြစ်လေသည်။

“အတူလိုက်လာမယ့် သူငယ်ချင်းက လာခါနီးမှ အရေးတကြီးကိစ္စပေါ်လာလို့ဆိုပြီး ကျန်နေခဲ့တာပါ၊ ဒါနဲ့ ကိုမှိုင်းပြောတော့ အသိ တစ်ယောက်ပါ ပါဦးမယ်ဆို၊ သူကရော …”

“သြော် … သူလည်း အလုပ်မအားတာနဲ့ ပါမလာဖြစ်တာပါ”

သူမက ပြုံးရယ်ပစ်လိုက်ချင်စိတ်ကို မနည်း ထိန်းထားလိုက်ရကာ …



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဟုတ်၊ စားနော် ကိုမှိုင်း၊ စားချင်တာရှိရင်လည်း ထပ်မှာ၊ ဘာမှအားမနာနဲ့"

ဆိုတော့ သူက ပြုံးသည်။ သူမက ငါးချဉ်စပ်ဟင်းကို တစ်ဇွန်း ကောက်ယူလိုက်ရင်းမှ ...

"Billboard တွေ့ပြီးပြီလား၊ မိုက်တယ်နော်၊ ဓာတ်ပုံဆရာ တော်တော့ ပုံထဲမှာ ကိုယ့်ကိုယ်ကိုယ်တောင် မမှတ်မိဘူး"

"တွေ့ပြီးပြီ၊ ကိုယ်တော်လို့ မဟုတ်ပါဘူးကွာ၊ မော်ဒယ်လ်က မိုက်လို့ ဓာတ်ပုံကပါ မိုက်သွားတာပါ"

"အဟင်း ... ကပ်မြှောက်နေပြန်ပြီ၊ ဘာပဲပြောပြော ကျေးဇူးတင်ပါတယ်နော်၊ အဲဒီ Billboard ကောင်းကျိုးနဲ့ မနေ့ကတောင် ကြော်ငြာတစ်ခု လာကမ်းလှမ်းတယ်၊ မြို့ထဲက Billboard ကို တွေ့လို့တဲ့၊ ကြော်ငြာရော Billboard ရော ရိုက်ချင်တယ် ပြောတယ်၊ ကိုမှိုင်းနဲ့ပဲ ထပ်ရိုက်ရရင် ကောင်းမယ်"

"အဟား ... ကိုယ့်ထက်တော်တဲ့ ဓာတ်ပုံဆရာတွေ အများကြီးပါကွာ၊ ကိုယ်ရိုက်လို့ဆိုတာထက် နမ်းမဝရဲ့ စန်းကြောင့်လည်း ပါမှာပါ"

"သြော် ... ဒါနဲ့ စေ့စပ်လိုက်တဲ့ သတင်း ကြားပါတယ်နော်၊ ဖိတ်တောင် မဖိတ်ဘူး၊ ကွန်ကရက်ကျူလေးရှင်းပါရှင်"

"ကျေးဇူး ... စေ့စပ်ပွဲ မဖိတ်ဘူးဆိုတာက အကျဉ်းရုံးလောက်ပဲ လုပ်တာမို့လို့ပါ၊ မင်္ဂလာဆောင်ကျရင်တော့ ဆက်ဆက် ဖိတ်ပါ့မယ်၊ ကတိ ပေးခဲ့ပါဦး"





သူမက ခေါင်းတစ်ချက်ညိတ်ကာ ကိုက်လန်ကြော် ပန်းကန်ဆီကို လက်အလှမ်းမှာ သူကလည်း လက်အလှမ်းနှင့် လက်ချင်း ဆုံသွားကြသည်။

"သြော ... ဆောရီး"

"အဟင်း ... လက်တောင် ရှက်သွားတယ်"

ပြောပြီး နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ရယ်လိုက်မိကြသည်။ နောက်တော့ သူမက ကိုက်လန်ကြော် တစ်ဇွန်းကို သူ့ပန်းကန်ထဲ ခပ်ထည့်ပေးလိုက်တော့ သူက သူမကို ပြုံးပြလာကာ ...

"ကျေးဇူး ..."

ဟု ဆိုသည်။

သူမက ထမင်းကို ငုံ့စားရင်းကနေ သူမသိအောင် အသာပြုံးလိုက်မိသည်။

ဘာတဲ့ ...။ လက်ထပ်ပွဲကျရင်တော့ ဆက်ဆက် ဖိတ်ပါ့မယ်တဲ့။ အဟား ... ရယ်စရာတော့ ကောင်းနေပြီ ကိုမိုးလုံးမှိုင်းရယ်။ ရှင်တို့နှစ်ယောက်ရဲ့ လက်ထပ်ပွဲ ဖိတ်စာက ကျွန်မဆီကို ဒီတစ်သက် ရောက်လာနိုင်ပါ့မလား ... ကျွန်မတော့ အရမ်းကို စိတ်ဝင်စားတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

♥ ♥ ♥

အိပ်ရာပေါ်မှာ စာဖတ်နေရင်းကနေ သူမက လက်ကနာရီကို တစ်ချက်ကြည့်လိုက်မိတော့ ည ဆယ့်နှစ်နာရီ ထိုးနေပြီဖြစ်သည်။ နှမ်းမဝက ဖတ်လက်စ စာအုပ်ကို ရောက်သည့်နေရာမှာ ခေါက်ပြီး ဘေးမှာချထားလိုက်ကာ ဟန်းဖုန်းကို ကောက်ကိုင်လိုက်မိသည်။ ပြီးနောက် ဖုန်းထဲက နာမည်တစ်ခုကို ရှာလိုက်ကာ ခပ်တိုးတိုး ရေရွတ်ကြည့်လိုက်မိသည်။

"မိုးလုံးမှိုင်း ..."

နောက်တော့ သူမက အဲဒီနာမည်ကို တစ်ချက်ထောက်ကာ ဖုန်းခေါ်လိုက်တော့သည်။



အိပ်ပျော်လုပျော်ခင်မှာပဲ နားထဲကို တိုးဝင်လာသည့် ဖုန်းသံကြောင့် မျက်လုံးတွေက ပြန်ပွင့်လာရကာ ခေါင်းအုံးဘေးက ဖုန်းကို ယူကာ နားမှာကပ်လိုက်ရင်း ထူးမလိုပြင်ကာရှိသေးသည်။ တစ်ဖက်က အသံက သူထူးတာကိုပင် မစောင့်တော့ဘဲ တန်းထွက်လာတော့၏။

"ဟဲ့ ... မေမီ အိပ်နေပြီလား၊ မနက်ဖြန် ဈေးဝယ်ထွက်မှာကို နင် စောစောလာခဲ့နော်၊ ငါက ညနေကျရင် ရှုတင်ရှိသေးတယ်ဟဲ့"

ရုတ်တရက် ထွက်လာသည့် စကားတွေကြောင့် သူက ကြောင်သွားရကာ ဖုန်းကနာမည်ကို ကြည့်ရသည်။ ပေါ်နေတာက နှမ်းမဝ နာမည်ပါ။ အသံကလည်း နှမ်းမဝရဲ့ အသံ။ ဒါပေမယ့် သူ့ကို ခေါ်လိုက်တာက မေမီတဲ့။ ဖုန်းများ မှားနေလား။ တွေးရင်း သူက ဖုန်းကို နားမှာပြန်ကပ်ကာ ...

"ဟဲလို ..."

ဆိုတော့မှ တစ်ဖက်က အဆက်မပြတ်ပြောနေသည့် အသံက ရပ်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... မေမီ မဟုတ်ဘူးလား၊ အာ ... ဖုန်းမှာနေပြီ၊ ဟို ... ဟာ ... ကိုမျိုး ... ကိုမျိုးလား"

"... ... ..."

"အာ ... ဆောရီး ... ဆောရီး ကိုမျိုးရယ်၊ ဟို ... နမ်းပါ၊ ဖုန်းမှား ခေါ်လိုက်မိသွားတာ"

"သြော ..."

"ဟို ... နမ်းက နမ်းသူငယ်ချင်း မေမီဆီကို ဖုန်းဆက်တာ၊ အဲဒါ ကိုမျိုးနာမည်နဲ့ မေမီနာမည်အစတွေက 'မ'တွေဆိုတော့ contacts မှာ အထက်အောက်ဖြစ်ပြီး လွဲနှိပ်မိသွားတာ၊ ဆော ... ဆောရီး ပါနော်"

"သြော ... အင်း ... ရတယ် ... ရတယ်"

"အိပ်နေပြီထင်တယ်၊ နမ်းကြောင့် အိပ်ရေးပျက်သွားကာ တောင်းပန်ပါတယ်နော်၊ တကယ် တောင်းပန်ပါတယ်"

"ရပါတယ်၊ အဲလောက် တောင်းပန်စရာ မလိုပါဘူးကွာ၊ ကိုယ်လည်း မအိပ်သေးပါဘူး၊ အခုမှ အိပ်မလို့လုပ်တုန်းပါ၊ ဓာတ်ပုံရိုက်တာက ဆယ့်တစ်နာရီခွဲလောက်မှ ပြီးသွားတာလေ၊ အဲဒါနဲ့ အိမ်တောင်မပြန်တော့ဘဲ စတူဒီယိုမှာပဲ အိပ်နေတာ"

"ရှင် ... စတူဒီယိုမှာပဲ အိပ်နေတာလား"

"အင်း ... ဟုတ်တယ်၊ ဒီလိုပဲ ညဘက် ဓာတ်ပုံရိုက်တာ နောက်ကျမှပြီးတဲ့ ညတွေဆိုရင် ဒီလိုပဲ စတူဒီယိုမှာပဲ အိပ်နေကျလေ၊ အဲဒါကြောင့် ဒီမှာလည်း အိပ်ခန်းသပ်သပ် တစ်ခန်း လုပ်ထားလိုက်တာ"





"သြော် ... ဟုတ်၊ ပင်ပန်းနေမှာပေါ့၊ ဒါဆို နမ်း ဆက်မနှောင့်ယှက်တော့ဘူးနော်၊ ဆက်အိပ်ပါ၊ နမ်း ဖုန်းချလိုက်တော့မယ်"

"အိုခေ ... အိုခေ၊ ဆီးယူ ..."

"ဟုတ် ... ဘိုင့်ဘိုင်၊ ဂွက်နိုက်ပါ ကိုမျိုး"

တစ်ဖက်က ဖုန်းချသွားသည်နှင့် သူက ခေါင်းအုံးဘေးမှာ ဖုန်းကို ပါဝါပိတ်ပစ်လိုက်ပြီး ဖြစ်သလို ပြန်ပစ်ချထားလိုက်ကာ တစ်ဖက်လှည့်၍ ပြန်အိပ်ပျော်ဖို့ ကြိုးစားရသည်။

သိပ်မကြာခင်မှာတော့ သူ ပြန်အိပ်ပျော်သွားရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဖုန်းကို ချလိုက်ပြီးနောက်မှာတော့ နမ်းမဝက အားရပါးရ ပြုံးလိုက်မိလေသည်။ ကိုမိုးလုံးမှိုင်းရေ...ရှင့်ကို ကျွန်မ စညို့နေပြီ သိလား။ ကျွန်မအတွက် သိပ်ကို တန်ဖိုးကြီးတဲ့ အိပ်မက်တစ်ခုကို မရတုမေက ဖျက်ဆီးယူဆောင်သွားတဲ့အတွက် မရတုမေဆီကလည်း ကျွန်မ တစ်ခုခု ပြန်ယူမှ ကျေနပ်နိုင်မှာမို့လို့ပါ။ ရှင့်မှာတော့ ဘာအပြစ်မှ မရှိပါဘူးလေ။

ဒါပေမယ့် ရှင် ကံဆိုးသွားတာက ရှင်ဟာ မရတုမေအတွက် သိပ်ကို တန်ဖိုးကြီးတဲ့ အရာတစ်ခု ဖြစ်နေခဲ့တာပဲ။



အဲဒီလိုဖြစ်နေတဲ့အချိန်နဲ့ တိုက်ဆိုင်စွာပဲ မိုးလုံးမှိုင်းဆီကို ဖုန်းကစ်နေမိတာက ရတုမေပင် ဖြစ်သည်။ သူမက ဧည့်ခံပွဲတစ်ခုမှ နောက်ကျပြီး ပြန်ရောက်တာမို့ မှိုင်းဆီကို ဆယ့်နှစ်နာရီလောက်မှ ဖုန်းခေါ်ဖြစ်သည်။

အစကတော့ ဖုန်းက မအားဘူးဟု ဖြေနေသေးသည်။ ဒါနဲ့ သူမက အားတဲ့အခါ ဝင်သွားအောင်ဆိုပြီး သူ့ဖုန်းကို အဆက်မပြတ် ခေါ်နေရာကနေ ခဏနေတော့ ဖုန်းက စက်ပိတ်ထားပါတယ်ရှင်ဟု ပြောင်းဖြေလာတော့တာ ဖြစ်ပါသည်။ ဒီအချိန်ကြီးကျမှ ဖုန်းက ဘာလို့ မအားရတာတဲ့လဲ။ အလုပ်ကိစ္စ ပြောရအောင်ကလည်း ဒီအချိန်က အလုပ်ကိစ္စ ပြောရမည့်အချိန် မဟုတ်။ မပြောမဖြစ်လို့ ဒီအချိန်ကြီးကျမှ အလုပ်ကိစ္စ ပြောဖို့ ဖုန်းမအားရတာပဲ ထားပါဦး။ ဖုန်းပြောနေရင်းကနေ ပြီးလျှင်ပြီးခြင်း ဖုန်းကို တန်းပိတ်ပစ်လိုက်တာကိုတော့ သူမ နားမလည်ချေ။

မှိုင်း ဘာတွေများ ဖြစ်နေလဲ။ မနက်ကျရင်တော့ မေးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ပြန်မေးရမည်ဟု တေးထားလိုက်မိသည်။ မှိုင်းရဲ့ ကိုကျင့်တရားကိုတော့ သူမ ယုံပါသည်။ ဒါပေမယ့် ယုံတာက ယုံတာတစ်ပိုင်း၊ သူဖြစ်နေသည့်ကိစ္စကို သိချင်နေတာက တစ်ပိုင်းပဲ ဖြစ်ပါတော့သည်။

မှိုင်းဆိုတာက သူမ အသည်းပေး၍ ချစ်ရသော လူသားတစ်ယောက်ပင် မဟုတ်ပါလားလေ။



## အခန်း(၁၂)

မနက် အိပ်ရာနိုးလို့ ဖုန်းကိုကောက်ဖွင့်လိုက်စဉ်မှာပင် သူ့ဖုန်းက တန်းမြည်လာတာမို့ လန့်တောင်သွားရလေသည်။ ကြည့်လိုက်တော့ မေ့ဆီက ဖုန်း။

"ဟယ်လို ... မေ စောစောစီးစီးပါလား၊ ပြောလေ"

"ညက ဖုန်းခေါ်သေးတယ်၊ ဖုန်းပိတ်ထားတယ် ပြောနေလို့"

"ဩော် ... ဟုတ်တယ်၊ မနေ့က ပင်ပန်းသွားတာနဲ့ ဖုန်းပိတ်ပြီး စောစောအိပ်လိုက်တာ"

"မဟုတ်ပါဘူး၊ အစပိုင်း ဖုန်းခေါ်တော့ ဖုန်းက မအားဘူးလို့ ပြေနေတာ၊ အဲဒါ ဆက်ခေါ်နေရင်းကနေ ခဏနေတော့ ဖုန်းက စက်ပါပိတ်သွားရော"

မေ့စကားကြောင့် သူ့မျက်ခုံးတွေက အပေါ်ကို မင့်တက်သွားကြရသည်။ တိုက်ဆိုင်ပုံများ ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သြော ... အဲဒါလား၊ ဟုတ်တယ် ... အဲဒါ အိပ်နေတုန်းကို အသိတစ်ယောက်ဆီက ဖုန်းမှားဝင်လာလို့ သူနဲ့ ဘာရယ်မဟုတ် စကားပြောနေရင်းကနေ ဖုန်းပြောပြီးတာနဲ့ ဖုန်းကိုပိတ်ပြီး ပြန်အိပ်ပစ်လိုက်တာ၊ ညက ပင်ပန်းလို့ အိမ်တောင်မပြန်ဘူး၊ စတူဒီယိုမှာပဲ အိပ်နေတာ၊ ဘာလဲ ... ကိုယ့်ကို ကလပ်တွေဘာတွေ သွားနေတယ် ထင်လို့လား ..."

သူက အစတော့ နမ်းမဝဆီက ဖုန်းမှားဝင်လာတာလို့ ပြောဦးမလို့ပင်။ ဒါပေမယ့် မေက နမ်းမဝအပေါ်မှာ အမြင်သိပ်မကြည်သလို ဖြစ်နေတတ်တာမို့ ဘာမှမဟုတ်ဘဲ ပေရှုပ်မနေရအောင် သူက အသိတစ်ယောက်ဆီကဟုသာ ပြောလိုက်တော့တာ ဖြစ်ပါသည်။ ကိုယ်နဲ့ နမ်းမဝက ဘာမှဖြစ်တာလည်း မဟုတ်။ အလကားနေရင်း မေ သံသယဝင်ကာ စစ်လား မေးလားလုပ်မှာကိုတော့ မလိုလားပါချေ။

"မပြောမိပါဘူးနော်၊ ဟင်း ... အိုးမလုံ အုံပွင့်မနေနဲ့"

"အဟား ... မပွင့်ရပါလားကွာ၊ တကယ် ပြောတာပါ၊ ဒါနဲ့ ဖုန်းဆက်တာက အဲဒါပြောဖို့ပဲလား၊ ညက ဖုန်းဆက်တယ်ဆိုတာက ဘာပြောစရာရှိလို့လဲ"

"ပြောစရာရှိမှ ဆက်ရမှာလား"

သူမဆီက ဘုတောစကားကြောင့် သူက အသံထွက်အောင်ပင် တစ်ချက် ရယ်လိုက်မိကာ ...

"အဟား ... မဟုတ်ပါဘူးဗျာ၊ ကိုယ့်ရဲ့ miss busy လေးက ဖုန်းဆက်တယ်ဆိုတော့ ဘာများအကြောင်းထူး ရှိလဲလို့ပါ၊ ဒီက ဖုန်း





ဆက်ရုံတင်မကဘူး၊ အိမ်မှာတောင် မြန်မြန်ခေါ်ထားချင်နေတဲ့ကောင်ပါနော်"

"ဟင်း ... စကားတွေ သိပ်တတ်နေတယ်၊ ရိုးကိုမရိုးဘူး"

"သြော် ... တကယ်ပြောတာပါကွာ"

"ထားပါ ... ထားပါ၊ ဖုန်းဆက်တဲ့ကိစ္စကို ပြောမလို့၊ ဒီနေ့ မေ အားတယ်လေ၊ အဲဒါ shopping ထွက်မလားလို့၊ မိုင်းအားရင် လိုက်ခဲ့ပေး၊ ဈေးလျှောက်ဝယ်ရအောင်"

"အိုခေ ... ကိုယ့်ချစ်သူအတွက်ပဲ အားရမှာပေါ့၊ လောကကြီးမှာ ကိုယ့်ချစ်သူရဲ့ ကိစ္စကလွဲရင် ဘယ်ကိစ္စမှ အရေးမကြီးဘူး၊ ကိုယ့်ကားနဲ့ပဲ လာခေါ်မယ်လေ၊ ပြော ... ဘယ်နှနာရီ ထွက်လာရမလဲ"

"နေ့လယ် တစ်နာရီလောက်ပေါ့၊ အာ ... မဟုတ်ဘူး၊ ဆယ့်တစ်နာရီလောက် ထွက်လာခဲ့လေ၊ အိမ်မှာပဲ နေ့လယ်စာ စားလိုက်ပြီးမှ သွားကြတာပေါ့"

"ရက်စ်ဆား ..."

သူမ ဖုန်းချသွားတော့မှ သူလည်း အိပ်ရာပေါ်က ဆင်းကာ မျက်နှာသစ်ဖို့ လုပ်ရသည်။ ပြီးလျှင် လမ်းမှာ တစ်ခုခု ဝင်စားပြီးမှ အိမ်ပြန်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

Ocean မှာ ဈေးလျှောက်ဝယ်နေရင်းကနေ အင်္ကျီဆိုင်တစ်ဆိုင် အရောက်မှာတော့ သူတို့နှစ်ယောက်နှင့် နမ်းမဝတို့ သူငယ်ချင်းနှစ်ယောက်က ထိပ်တိုက်လာတိုးတော့လေသည်။ ဆုံနိုင်လွန်းသည့် တိုက်ဆိုင်မှုကိုလည်း သူ့မှာ အံ့သြရလေသည်။

"ဟာ ... ကိုမှိုင်း ဈေးလာဝယ်တာလား၊ မရတုမေလည်း ပါလာတာပဲ"

သူတင် အံ့သြရတာလားဆိုတော့လည်း မဟုတ်။ နမ်းမဝသည်လည်း အံ့သြသွားရတယ်ဆိုတာကို သူမရဲ့ အမူအရာကိုကြည့်ကာ သိရလေသည်။ မေက ပြုံးပြလိုက်သလို သူကလည်း အပြုံးတစ်ခုဖြင့်သာ ပြန်နှုတ်ဆက်ရသည်။

"ဟုတ်တယ်၊ ဈေးလာဝယ်ကြတာ"

"သြော် ... နမ်းတို့လည်း ဈေးလာဝယ်ကြတာ၊ မိတ်ဆက်ပေးရဦးမယ်၊ ဒါက နမ်းသူငယ်ချင်းလေ၊ မေမီကျော်တဲ့၊ ညက ပြောတဲ့တစ်ယောက်လေ၊ ကိုမှိုင်းနဲ့ အရှေ့စာလုံးတွေ တူလို့ ဖုန်းမှားသွားတယ်ဆိုတာ"





မေ့အကြည့်က သူ့ထံ ဖျတ်ခနဲ ရောက်လာသည်။ ဒါဟာ မေတစ်ခုခုကို ရှာဖွေတွေ့ရှိသွားပြီးဆိုသည့် အထာပဲ ဖြစ်သည်။ သူကတော့ ခဏနေရင် ရှင်းပြရတော့မည့် ကိစ္စအတွက် စိတ်ပျက်သွားရသော်လည်း အပြင်ကတော့ အပြုံးမပျက်သာ နေနေရတော့သည်။

"သြော် ... ဟုတ်၊ တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ"

"ဟုတ်ကဲ့ရှင့်၊ မေမီလည်း တွေ့ရတာ ဝမ်းသာပါတယ်၊ မရတုမေကလည်း ကြာလေ ချောလေပဲနော်၊ အရမ်းမိုက်တယ်၊ အစ်မစတိုင်လ်တွေက"

"အဟော ... ကျေးဇူးတတ်ပါတယ်၊ ညီမလေးလည်း ချောတာပါပဲ"

"အဟင်း ... ကျေးဇူးပါ အစ်မ"

"သွားလိုက်ဦးမယ်နော်၊ ကိုမှိုင်းတို့လည်း ဈေးလျှောက်ဝယ်နေတာမလား၊ မေမီတို့လည်း လျှောက်ပတ်လိုက်ပါဦးမယ်၊ သွားပါဦးမယ်နော် မရတုမေ"

မေကပြုံးပြီး ခေါင်းတစ်ချက်သာ ညိတ်ပြလိုက်၏။ နောက်တော့ နမ်းမဝတို့နှစ်ယောက် သူတို့ကို ရှောင်ကွင်းထွက်သွားသလို မေနှင့် သူကလည်း လမ်းဆက်လျှောက်ခဲ့ကြပြီး နှစ်လှမ်းသုံးလှမ်းသောက်လျှောက်အပြီးမှာတော့ သူမျှော်လင့်ထားသလိုပင် မေ့ဆီက စစ်ဆေးမေးမြန်းချက်များက ထွက်လာလေတော့သည်။

"ပြော ... ညကကိစ္စ၊ ညက ဖုန်းပြောတာဟာ နမ်းမဝနဲ့ မဟုတ်လား"

"အင်း ... ဟုတ်တယ်၊ ဖုန်းမှားတာပါကွာ၊ သူ့စကားထဲမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းများတယ်ဆိုတဲ့အကြောင်းက ပါတာပဲဟာ၊ မေ ကြားရဲ့သားနဲ့”

“ကြားတယ်လေ၊ အဲဒါကို မေးနေတာ မဟုတ်ဘူး၊ အဲလို ဖုန်းများတယ်ပဲထားဦး၊ အဲဒီဖုန်းများတဲ့သူဟာ နမ်းမဝပါဆိုတာကို မပြောရတဲ့အကြောင်းရင်းကို မေးတာ”

“မပြောဆို မလိုဘူးထင်လို့ပါကွာ၊ ပြီးတော့ မေ့စိတ်ထဲမှာ နမ်းမဝက မေ့ကိုမကြည်ဘူးလို့ ထင်နေတာမဟုတ်လား၊ အဲဒါကို ကိုယ်က နမ်းမဝဆီက ဖုန်းများဝင်လာတာကို ပြောလိုက်ရင် အလကားနေရင်း မေ သံသယကြီးနေမှာစိုးလို့ မပြောဘဲ ထားလိုက်တာ၊ ဘာအကြောင်းမှမဟုတ်ဘူး၊ ပြီးတော့ ပြောလက်စနဲ့ တစ်ခါတည်းပဲ ပြောလိုက်တော့မယ်၊ တစ်နေ့က အဲ ... မေတို့ ဆီဒိုးနားမှာ ရှိုးရှိတဲ့ ညက ကိုယ် မေ့ကိုပြောတယ်လေ၊ ကိုယ်နဲ့အတူ ဒင်နာတစ်ခုကို လိုက်ခဲ့ပေးပါလား ဆိုတာကို”

သူက အဲဒီလောက်သာ ပြောရသေးသော်လည်း ချက်ဆိုနားခွက်က မီးထတောက်သော မေက သူ့စကားတောင် မဆုံးသေးခင်မှာပင် အကြောင်းရင်းကို သိနေပြီဖြစ်သည်။

“ဘာလဲ ... အဲဒီညက ဒင်နာဆိုတာ နမ်းမဝက ထမင်းဖိတ်ကျွေးတာလား”

“အင်း ... ဟုတ်တယ်၊ မြို့ထဲမှာ ကိုယ်နဲ့ ရိုက်ထားတဲ့ ဘောလ်ဘုတ်က လူကြိုက်များနေလို့ အဲဒါ ကျေးဇူးတင်လို့ဆိုပြီးတော့ ညစာလိုက်ကျွေးတာ”

“ဟင်း ... တဖြည်းဖြည်းနဲ့ ပေါ်လာပြီ၊ ပြောစမ်းပါဦး ... နောက်ရော ဘယ်တွေမှာ ဘယ်လိုတွေ ချိန်းကြသေးလဲ”





“ဘယ်မှာမှ မတွေ့ရပါဘူးကွာ၊ အဲဒါ အကုန်ပါပဲ၊ အဲဒီညကလည်း ကိုယ် မေ့ကိုခေါ်တယ်လေ၊ မေမှ မလိုက်တာ”

“ခေါ်တယ်ဆိုပေမယ့် အဲဒီဒင်နာဟာ နမ်းမဝရဲ့ ဒင်နာပါလို့ မပြောပါဘူး”

“ကိုယ် ပြောပြီးပါပြီးရော၊ မေ သံသယဝင်နေမှာစိုးလို့ပါလို့ ဆိုနေ၊ ကိုယ့်ဘာသာ သွားရင်လည်း ရတာပဲ၊ နှစ်ဦးနှစ်ဖက် ရိုးရိုးသားသားနဲ့ ညစာ စားကြတာ၊ ကိုယ် တစ်ယောက်တည်း သွားရင်တောင် မေ မကြိုက်မှာစိုးလို့ မေ့ကို ခေါ်တယ်လေ၊ မေက မလိုက်နိုင်ဘူးဆိုတော့ ကိုယ်လည်း မပြောတော့ပါဘူး၊ ပြီး ... ပြီးသွားမယ့်ကိစ္စကို ပေတွေရှည်နေမှာစိုးလို့ ...”

“နှစ်ဦးနှစ်ဖက် ရိုးရိုးသားသား ... ဟုတ်လား၊ ဟင်း ... ရယ်ရတယ် အပြောကတော့၊ လျှို့ဝှက်ထားတယ် ဆိုတာကတည်းက တစ်ခုခုကို မရိုးသားလို့ပဲ၊ မိုင်းစိတ်မှာသာ တကယ် ရိုးသားရိုးမှန်ရင် မေ့ဘာသာ သူ့အပေါ် သံသယ ဝင်တာဟာ ဝင်တာပဲ၊ အဲဒါက တစ်ပိုင်းပဲ၊ သံသယဝင်ကာမှ ဝင်ရော မေ့ကို မိုင်းဘက်က ပွင့်ပွင့်လင်းလင်း ပြောပြသင့်တယ်၊ အဲဒီလို ပြောပြလိုက်ရင် မေ့ဘက်က နမ်းမဝကိုသာ သံသယဝင်မိမှာ၊ အခုတော့ မေ သံသယဝင်ရမှာက သူတင်မဟုတ်ဘူး၊ မိုင်းပါ ပါလာပြီ”

မေ့ စကားကြောင့် လှမ်းလက်စ ခြေလှမ်းက ရပ်တန့်သွားရသည်။

“မေ ... မေ ကိုယ့်ကို မယုံဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"ယုံထားပါတယ်၊ မနေ့ကအထိတုန်းကပေါ့၊ ဒါပေမယ့် ဒီနေ့တော့ ယုံသင့်ရဲ့လား ... မယုံသင့်ဘူးကားဆိုတာ ပြန်စဉ်းစားရဦးမယ်"

"မေ ..."

"တော်ပြီ ... လူတွေကြားထဲမှာ မေ ရန်မဖြစ်ချင်ဘူး၊ ဆက်ပြော နေရင် မေ့ဒေါသတွေ ထွက်လာလိမ့်မယ်"

ပြောပြီးနောက် မေက ရှေ့ကနေ ခြေလှမ်းကျဲများဖြင့် ကားရပ်ထားရာဆီသို့သာ လျှောက်သွားလေတော့သည်။ သဘော ဘာမှ ဆက်မဝယ်ချင်တော့ဘူးဆိုသည့် သဘောပင်။ တစ်လမ်းလုံးလည်း ကားပေါ်မှာ ဘာစကားမှ မပြော။ သူ့ဘက်ကိုလည်း မကြည့်ဘဲ မှန်မှတစ်ဆင့် အကြည့်ကို ကားလမ်းမဘက်သို့သာ ပို့ထားလေတော့ ဖြစ်သည်။

သူမတို့ အိမ်ရောက်တော့လည်း သူ့ကို ဘာစကားမှ ထပ် မပြောဘဲ ကားပေါ်ကဆင်းကာ ကားတံခါးကို ဝုန်းခနဲ အသံမြည်အောင် ပိတ်လေ၏။ ပြီးနောက် သူမ အခန်းဆီသို့ တက်သွားသည်မှာ လုံး ပြန်ဆင်းမလာတော့။ ဒီတော့ သူလည်း ဧည့်ခန်းထဲမှာ ခဏသာ ထိုင် မိပြီးနောက် ပြန်လာခဲ့လိုက်တော့သည်။



ညဘက်ရောက်တော့ သူက ဖုန်းခေါ်မိသည်။ မေက မကိုင်။ သူက အဆက်မပြတ် ခေါ်သည်။ မကိုင်မချင်းလည်း ခေါ်ဖို့ ဆုံး ဖြတ်ထားတာ ဖြစ်သည့်အတွက် ဆက်ကာ ဆက်ကာ ခေါ်မိလေ သည်။ ဒါပေမယ့် သူမက လုံးဝ မကိုင်သည့်အပြင် ခဏအကြာ မှာတော့ ဖုန်းကို စက်ပိတ်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

♥ ♥ ♥

"မေ ...မေ ဓာတ်ကားရိုက်တော့မလို့ဆို"

မျက်နှာ မသာမယာဖြင့် ရောက်လာကာ ပြောလာသည့် မှိုင်းစကားကို သူမက ဘာမှမဖြစ်သလိုပင် ကော်ဖီကို တစ်ကျိုက်သောက် လိုက်ပြီးမှ ပြန်ဖြေလိုက်မိသည်။

"ဟုတ်တယ်လေ၊ သိလာပြီလား"

"အင်း ... ဦးကျော်ကြားနဲ့ စောစောက တွေ့လာတာ၊ ဘယ်လိုဖြစ် ရတာလဲ"

"ဘာကို ဘယ်လိုဖြစ်ရမှာလဲ၊ ဓာတ်ကားရိုက်မှာပါဆိုမှ ဓာတ်ကား ရိုက်မှာပဲပေါ့"

"မဟုတ်ဘူးလေကွာ၊ ကိုယ်မေးတာက တစ်ချိန်လုံး မရိုက်ခဲ့ဘဲ နေလာခဲ့ပြီးမှ အခုမှ ကောက်ရိုက်မယ်ဆိုတာကို ပြောတာ"

"အဲဒါ ဘာဖြစ်နေလို့လဲ၊ အရင်တုန်းက မရိုက်ချင်ဘူး၊ အခု ရိုက် ချင်လို့ ရိုက်တယ်၊ ဒါပဲလေ"





"မေက ရုပ်ရှင်လောကထဲကိုပါ ဝင်တော့မလို့လား"

"စိတ်ပါရင် ဝင်မယ်၊ စိတ်မပါရင် ဒီတစ်ကားပဲ ရိုက်မယ်၊ မေ့ စိတ်အပေါ်မှာပဲ မူတည်တယ်၊ အဲဒါ ဘာဖြစ်လို့လဲ"

"မရိုက်ပါနဲ့လား မေရာ"

"ဘာဖြစ်လို့လဲ၊ ပြောစမ်းပါဦး"

"ကိုယ့်စိတ်ထဲမှာ မေ ရုပ်ရှင်ရိုက်မှာကို ခံစားပေးကြည့်လို့ မရ ဘူး၊ ပြီးတော့ မေ့အသက်အရွယ် အပိုင်းအခြားနဲ့ ရုပ်ရှင်လောက မှာ ဓာတ်ရုပ်အစုံလည်း လုပ်နိုင်တော့မှာမှ မဟုတ်တာ၊ တစ်ကား နှစ်ကားနဲ့ ဘာလုပ်မှာလဲ မေရာ"

"မေ့ဘာသာ တစ်ကားပဲ ရိုက်ရိုက်၊ နှစ်ကားပဲ ရိုက်ရိုက်ပေါ့၊ ဒါက မေ့ ကိစ္စပါ"

"မေ့ ကိစ္စ ...ဟုတ်လား၊ မေ့ကိစ္စကလည်း ကိုယ့်ကိစ္စပဲ မဟုတ်ဘူး လား"

သူ့စကားကြောင့် သူမက သရော်တော်တော်ဟန်ဖြင့် တစ် ချက် ဟက်ခနဲ ရယ်ပေးလိုက်သည်။

"ဟုတ်လား၊ စိတ်ထဲမှာ အဲဒီလို ခံစားပေးထားသေးတယ်လား၊ ကျေးဇူးတင်ပါတယ်တဲ့ရှင်"

"မေ ... မေ ကိုယ့်ကို မလှောင်ပါနဲ့"

"မလှောင်ပါဘူး၊ စိတ်ထဲရှိတဲ့အတိုင်း ပြောတာပါ၊ တကယ် ကျေးဇူးတင်တယ်"

"မေ ... မေ အခုထိ ကိုယ့်ကို နမ်းမဝနဲ့ ကိစ္စကို အစားကြသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား၊ ကိုယ့်ကို မယုံဘူးလား၊ မေ့စိတ်ထဲမှာ ကိုယ်က အဲဒီ လောက်တောင် သိက္ခာမရှိဖြစ်နေလို့လား၊ ဟုတ်လား"

"ဒါတော့ လူဆိုတာက ကိုယ့်တန်ဖိုးကို ကိုယ် သတ်မှတ်တာပဲ၊ မေလည်း မေ့တန်ဖိုးကို မေ့ဘာသာ သတ်မှတ်တယ်၊ အဲဒီ တန်ဖိုး ကိုလည်း မြင့်အောင် ကြိုးစားတယ်၊ အဲဒီအတွက် အခု ရုပ်ရှင် ရိုက်မယ်ဆိုတာ ဖြစ်လာတာပဲ၊ ရတုမေဆိုတာ ဘက်စုံ ရတယ် ဆိုတာလောက်တော့ မေ ပြချင်တယ်"

"ကိုယ်နဲ့ မေနဲ့ မကြာခင် လက်ထပ်တော့မှာလေ၊ ကိုယ် မေ့ကို မင်းသားတွေနဲ့ ဖက်လဲတကင်း မြင်နေရမှာကို ခံစားကြည့်ပေး လို့ မရဘူး"

"ဟား ... အတွေးကလည်း သိမ်လိုက်တာ"

"ဒါ အတွေးသိမ်တာ မဟုတ်ဘူး မေ၊ ချစ်တာ၊ သဝန်တိုတာလို့ ခေါ်တယ်၊ ကိုယ် မေ့ကို သိပ်ချစ်လို့ သဝန်တိုတာ"

"သဝန်တိုတယ်ပြောရအောင် မေက လူမမြင်ကွယ်ရာမှာ အဲဒီ မင်းသားတွေနဲ့ နေနေတာမှ မဟုတ်တာ၊ လူမြင်ကွင်းမှာလေ၊ ပြီး တော့ အလုပ်လုပ်တာ၊ မှိုင်းလည်း ဒီလောကထဲက လူတစ်ယောက် ပဲ၊ အပြင်လောကက လူတစ်ယောက်မှ မဟုတ်တာ၊ နားလည်မှု ရှိစမ်းပါ၊ သူများတွေလို မမြင်ကွယ်ရာမှာ အားအားယားယား တွေ့နေတာလည်း မဟုတ်ဘူး၊ ကိုယ့်လိပ်ပြာ ကိုယ်လုံတယ်"

"မေ ... ကိုယ့်သိက္ခာကို မစော်ကားနဲ့လို့ ပြောထားတယ်နော်"

"အပြောမခံချင်ရင် မှန်အောင်နေလေ"





"ဟား ... မှန်အောင်ပြောနေရအောင် ကိုယ်က ဘာတွေများ လုပ် နေလို့လဲ ပြောစမ်းပါဦး၊ နမ်းမဝနဲ့ကိစ္စမှာ ကိုယ့်ဘက်က ရိုးသား လို့လည်း မေ့ကို အားလုံး ဖွင့်ပြောပြခဲ့တာ မဟုတ်ဘူးလား"

"မေ ပြောချင်တာကလည်း အဲဒါပဲ၊ ရိုးသားပါတယ်၊ အားလုံး ပြောပါတယ်နဲ့ လုပ်ချင်တာလုပ်ပြီးမှ လာလာပြောတာကိုပဲ မကြိုက် တာ၊ အမှန်တကယ်သာဆိုရင် မလုပ်ခင်ကတည်းက ပြောရမှာ မဟုတ်ဘူးလား"

"ကျွတ် ... ပြောပြန်ရင်လည်း မေပဲ သံသယကြီးနေဦးမှာ မဟုတ် ဘူးလား"

"ကြီးကြီးလေ ... ကြီးတာ မကြီးတာ မေ့အလုပ်၊ ပြောပြဖို့ တာဝန်ရှိတာက မှိုင်းအလုပ် မဟုတ်ဘူးလား၊ တော်ပြီ ... မှိုင်း စကားတွေက ဒီနေရာမှာတင် လည်နေပြီ၊ မေ အလုပ်ရှိသေးတယ်၊ မှိုင်းကို ညှိမခံနိုင်တော့ဘူး၊ မှိုင်းလည်း ပြန်တော့၊ လောလော ဆယ် မေ့စိတ်တွေ အရမ်းရှုပ်နေတယ်၊ မေ စိတ်ပြေတဲ့အခါကျမှ ဖုန်းဆက်လိုက်မယ်၊ မှိုင်း ပြန်တော့"

သူမ စကားအဆုံး သူက ထိုင်ရာကနေ ဝုန်းခနဲ ထရပ်ကာ သူမ ရုံးခန်းအတွင်းထဲကနေ ခြေလှမ်းကျဲကြီးတွေနှင့် ထွက်ခွာသွားလေ တော့သည်။ သူမကတော့ သက်ပြင်းမောတစ်ခုနှင့်သာ ကျန်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာကနိုးလာတော့ ခေါင်းထဲမှာ မူးနောက်ကာ ချာချာလည်နေသည်။

ညက စိတ်ညစ်ညစ်နှင့် စတူဒီယိုထဲမှာပဲ တစ်ယောက်တည်း မှောက်အောင် သောက်ပစ်လိုက်မိတာ ဖြစ်သည်။

မေ့ရဲ့စိတ်ဓာတ်ကို သူ နားမလည်နိုင်။ အဆိုးဆုံးက ကိုယ့်ကို မေ့ဘက်က ယုံကြည်မှု မရှိတာပဲဖြစ်သည်။

မိမိလောက် မေ့ အပေါ် ချစ်ပြထားနိုင်တာ မိမိပဲရှိသလို မေ့အပေါ်မှာလည်း သစ္စာတရား စောင့်သိနိုင်ခဲ့မှုမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်သည်။ အဲဒီလိုပဲ မေ့ကိုလည်း ယုံကြည်စေချင်သည်။ ဒါပေမယ့် မျှော်လင့်ထားတာတွေက တစ်ခုမှ ဖြစ်မလာခဲ့။ ဒီတော့ စိတ်ညစ်ညစ်နှင့် အမှောက်သောက်ပစ်လိုက်မိသည်။

သူက နားထင်နှစ်ဖက်ကို လက်ညှိုး လက်မဖြင့် သုံးလေးချက်ခန့် ဖိနှိပ်လိုက်မိပြီးမှ အိပ်ရာပေါ်မှာ ငုတ်တုတ် ထိုင်လိုက်မိသည်။

ဒီအချိန်မှာပဲ သူ့မြင်ကွင်းထဲကို အရာဝတ္ထုတစ်ခုက ဝင်





ရောက်လာတာ ဖြစ်သည်။ သူက ခုတင်ခြေရင်းအစွန်းမှာ တင်နေသည့် အရာဝတ္ထုတစ်ခုကို လှမ်းကောက်ယူကာ ကြည့်လိုက်မိသည်။

ဆံပင်ညှပ်သည့် ကလစ်လေးတစ်ခု။

သူက မျက်မှောင်ကုတ်လိုက်မိသည်။ ဒီကလစ်က ဘယ်လိုလုပ်ပြီး သူ့ခုတင်ပေါ် ရောက်နေရတာလဲ မသိ။

ဒီအချိန်မှာပဲ သူ့အာရုံထဲကို အရိပ်တချို့က ဖျပ်ခနဲ ဝင်ရောက်လာတော့တာ ဖြစ်သည်။ ညက သူ တအားမူးနေသည်။ ပြီးတော့ နှင်းမြည်သံတစ်ခု။ နောက် ...နမ်းမဝရဲ့ မျက်နှာ။

သူ ခုတင်ပေါ်ကနေ ဝုန်းခနဲ ခုန်ဆင်းလိုက်မိသည်။ နောက်တော့ အိပ်ခန်းထဲကနေ ဓာတ်ပုံရိုက်သည့် စတူဒီယိုထဲကို ထွက်လာခဲ့လိုက်မိစဉ်မှာတော့ သူ့ခေါင်းတွေ ချာချာလည်သွားရတော့သည်။

စတူဒီယိုထဲက ဆိုဖာတစ်လုံးပေါ်တွင် ငူငူငိုင်ငိုင်ဖြင့် ထိုင်နေသည်က နမ်းမဝ။

သူမက သူ့ကို ဖျတ်ခနဲ မော့ကြည့်လာသည်။

သူမ မျက်နှာတစ်ခုလုံးက ငိုထားသည့်ပုံဖြင့် မို့အစ်ကာ မျက်လုံးတွေကလည်း နီရဲနေ၏။

"နမ်းမဝ ...!"

သူ့ခေါ်သံအဆုံး သူမခေါင်းက ပြန်ငုံ့ကျသွားရကာ အစ်ခနဲ ငိုသံတစ်ချက် ထွက်လာ၏။

သူကတော့ နီးစပ်ရာ ဆိုဖာတစ်လုံးပေါ်ကို ခြေပစ် လက်ပစ် ပြုတ်ကျသွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညက ... ညက ... ...။

အတွေးထဲမှာ ညက ဖြစ်ပျက်မှုတွေက တစ်ကွက်ချင်း ပြန်လည် ပီပြင်စွာ ထွက်ပေါ်လာတော့သည်။



ညက စိတ်ညစ်ညစ်ဖြင့် စတူဒီယိုထဲမှာပဲ အမှောက်သောက် နေမိတာ ဖြစ်သည်။ အဲဒီ သောက်နေရင်းကနေ ခပ်ထွေထွေ ဖြစ်လာချိန် မှာပဲ နမ်းမဝဆီက ဖုန်းက ဝင်လာခဲ့တာ ဖြစ်သည်။

"ဟယ်လို ..."

"ကိုမှိုင်းလား ... နမ်းပါ"

"ဩော ... အင်း"

"ကိုမှိုင်း ဘာလုပ်နေတာလဲဟင်၊ စတူဒီယိုမှာပဲလား၊ နမ်းအခု ကိုမှိုင်း စတူဒီယိုနားမှာ ရောက်နေလို့"

"အင်း ... ဟုတ်တယ်၊ စတူဒီယိုမှာပဲ၊ လာမလို့လား၊ ဝင်လာခဲ့ လေ"

သူမကို ဘယ်လိုစိတ်အခြေအနေဖြင့် သူ ခေါ်လိုက်မိလဲဆို တာ သူကိုယ်တိုင်တောင် မသိ။ မူးနေသည့် ယောကျ်ားတစ်ယောက်တည်း ရှိသည့် အခန်းထဲကို သူမကို ဘယ်လိုစိတ်နဲ့များ ခေါ်လိုက်မိပါလဲ။ သူမကြောင့် ကိုယ့်ချစ်သူနဲ့ အဆင်မပြေတာကို ရင်ဖွင့်ဖို့လား။ အကူအညီ

www.burmeseclassic.com



တောင်းဖို့အတွက်လား။ ဒါမှမဟုတ် မူးနေသည့်အချိန်မှာ ခပ်တွေတွေနှင့်ပဲ လုပ်မိလုပ်ရာကို စိတ်အသိအမှတ်ဖြင့် လုပ်လိုက်မိတာလား ...။

သူ မသိ ...။

ပြန်စဉ်းစား၍လည်း မရ ...။

သေချာတာကတော့ သူမကို သူ ခေါ်လိုက်မိတယ်ဆိုတာပဲ ဖြစ်ပါသည်။

"အင်း ...ဒါဆို နမ်းမ၀ လာခဲ့လိုက်မယ်နော်၊ နမ်း အကင်တွေ ၀ယ်လာတယ် သိလား၊ အကင်လေးစားရင်း စကားလေး ဘာလေး ပြောကြတာပေါ့၊ နမ်းလည်းစိတ်တွေ ရှုပ်နေလို့ တစ်ယောက်ယောက်နဲ့ စကားပြောချင်နေတာ"

"အိုခေ ...ကိုယ် စောင့်နေမယ်၊ လာခဲ့ ..."

ခဏကြာတော့ သူမ ရောက်လာသည်။ သူမကို တံခါးသွားဖွင့်ပေးရင်း လူက ယိုင်နဲ့နေတာကိုလည်း မှတ်မိသေးသည်။ အဲဒီအထိတော့ လူက နည်းနည်း အသိစိတ်ရှိနေသေး၏။

"ဟာ ...ကိုမှိုင်း ...သောက်နေတာလား၊ ဟင် ...လဲ ...လဲဦးမယ်၊ လာ လာ ...နမ်း တွဲပေးမယ်"

သူမက သူ့ကို လာတွဲကာ သူထိုင်နေသည့် နေရာကို ပြန်လိုက်တွဲပို့ပေး၏။ ပြီးနောက် သူမက သူနှင့် မျက်နှာချင်းဆိုင်က ခုံမှာ ၀င်ထိုင်လိုက်တာကိုလည်း မှတ်မိနေသေးသည်။

"ဘာလို့ သောက်နေတာလဲ၊ တစ်ယောက်တည်း သောက်နေတာလား"





"အင်း ...တစ်ယောက်တည်း၊ အဟင်း ...တစ်ယောက်တည်းပါပဲ၊ အဟက် ...နှစ်ယောက်တွဲလို့မှ အဆင်မပြေတာ၊ တစ်ယောက်တည်းပဲပေါ့ ...အဟက်ဟက် ..."

"ကိုမှိုင်း ...အသည်းကွဲနေတာလား၊ မရတုမေနဲ့ အဆင်မပြေဘူးလား ...ဟုတ်လား"

"အသည်းလား ...အဟင်း ...မကွဲပါဘူး၊ ဒါပေမယ့် နာနေတယ်၊ ဟော့ဒီ ရင်ဘတ်ကြီးက နာနေတာကွ၊ ငါချစ်သလောက် သူက ငါ့ကို မချစ်ဘူး၊ နားလည်မှုမရှိဘူး ...သိလား၊ ငါက သူ့ကို သိပ်ချစ်တာ၊ ဒါပေမယ့် ...ဒါပေမယ့် သူက မချစ်ဘူး ငါ့ကို"

"ဘယ်လိုဖြစ်လို့လဲ၊ နမ်း ဘာကူညီပေးရမလဲ၊ နမ်း တတ်နိုင်တာဆိုရင် နမ်း ကူညီပေးမယ်လေ"

"ရတယ် ...ရတယ်၊ ကူညီရင် ပိုဆိုးနေဦးမယ်၊ သူက ငါနဲ့ မင်းကို အထင်လွဲနေတာ၊ ငါတို့နှစ်ယောက် ရိုးသားပါတယ်ဆိုတာကို သူက မယုံဘူးလေ၊ မင်းနဲ့ ငါ ရိုးသားမှုကို မင်းနဲ့ ငါပဲ သိတယ်၊ သူ မသိဘူး၊ အဲဒါကို အသည်းနာတာ သိလား၊ နားလည်မှု မရှိတဲ့ မိန်းမ၊ အဟင်း ...အရက်ပဲ ကောင်းတယ်"

သူ တစ်ခွက်ပြီးတစ်ခွက် စကားတွေပြောရင်း သောက်မိသည်။ သူမက သူ့ခွက်ကို လှမ်းလုယူကာ တားသေးတာကိုလည်း မှတ်မိသည်။

"ကိုမှိုင်း ...များနေပြီထင်တယ်၊ ထပ်မသောက်တော့နဲ့လေ ..."

"ရတယ် ...ရတယ် ...ရတယ် ...ရပါသေးတယ်၊ မရူးတော့တဲ့အထိ သောက်ချင်တာ၊ အဲဒါမှ ညစ်နေတာတွေ ပျောက်သွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



"နမ်းကြောင့်လား …ဟုတ်လား၊ နမ်း တောင်းပန်ပါတယ် ကိုမှိုင်းရယ်၊ နမ်းတို့က ရိုးရိုးသားသား ဆိုတာကို မရတုမေဆီမှာ နမ်း သွားရှင်းပြပေးပါ့မယ်"

သူက ခေါင်းကို ချာချာလည်အောင် ရမ်းလိုက်မိသည်။

"မလိုဘူး …မလိုဘူး၊ ရတယ် …ရှင်းပြစရာမလိုဘူး၊ သူက ရှင်းပြလည်း ရမှာမဟုတ်ဘူး၊ သူသိပါတယ်၊ ကိုယ်တို့ ဖြူစင်တယ် ဆိုတာကို သူသိပါတယ်၊ သိရက်နဲ့ကို အသိခေါက်ခက် အဝင်နက် နေတာ၊ ထားလိုက် …ထားလိုက်၊ အာ …ဆောရီး၊ ကိုယ် အရက် သောက်နေရင်းက နမ်းကို ဘယ်လိုလုပ်ပြီး ခေါ်လိုက်မိတယ်မသိဘူး၊ ဆောရီး …ကိုယ် ရူးနေလို့ သိလား၊ တောင်းပန်တယ် သိလား …နော်၊ နမ်း ပြန်လိုက်တော့၊ သွား …သွား …ပြန်လိုက်တော့၊ တံခါးဝအထိ ကိုယ်လိုက်ပို့ပေးမယ် …သွား …သွား"

အဲဒီလိုပြောပြီး သူထိုင်နေရာကနေ ထရပ်လိုက်မိသလား၊ ဒါမှမဟုတ် မှောက်သွားတာလားဆိုတာကိုတော့ သူ မသိတော့ဘူး။ မမှတ်မိတော့ဘူး။ အဲဒီနောက်ပိုင်း အချိန်တွေကို သူ ဘာမှ မမှတ်မိတော့ဘူး။

သူ ခုတင်ပေါ်ကို ဘယ်လိုရောက်နေတာလဲ။ နမ်းကရော အခုထိ ဘာလို့ရှိနေသေးတာလဲ။ ပြီးတော့ ခုတင်ပေါ်က ကလစ်ကရော ဟား …။



သူက ခေါင်းက ဆံပင်တွေထဲ လက်ဆယ်ချောင်းလုံး ထိုးသွင်းကာ ဖွလိုက်မိသည်။ ပြီးမှ သူမကို မရဲတရဲ ကြည့်လိုက်မိရင်းက

"ည …ညက …"

ဆိုတော့ သူက ခေါင်းကိုမော့လှန်လာကာ အငိုမျက်လုံးများဖြင့် သူ့ကိုကြည့်လာရင်း …

"အဟင့် …နမ်း …နမ်း အမှားပါ ကိုမှိုင်းရယ်၊ နမ်း အမှားပါ"

သူမ စကားကြောင့် လူက အားအင်တွေ ပိုလျော့သွားကာ ဆိုဖာနောက်မှီပေါ် ပက်လက်လန်သွားရပြန်သည်။ ဒီအချိန်မှာပဲ ငိုသံတစ်ဝက်ဖြင့် သူမအသံက ဆက်ထွက်လာတော့၏။

"ကိုမှိုင်း ပြန်ခိုင်းတုန်းက နမ်း ပြန်လိုက်ရမှာ၊ ဒါ …ဒါပေမယ့် ကိုမှိုင်းက တအားမူးနေပြီး ခုံပေါ်မှာ မှောက်နေတော့ တစ်ညလုံး ဒီအတိုင်းကြီးဆိုရင် တစ်ခုခုဖြစ်သွားမှာစိုးတာနဲ့ နမ်းက ကိုမှိုင်း ကိုတွဲပြီး အိပ်ရာဆီကို လိုက်ပို့မိတာ၊ ဒါ …ဒါပေမယ့် ကိုမှိုင်းက အဟင့် …ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ...ကိုယ် ...ဟာကွာ ...ဟာကွာ ...ဟား"

စကားလုံးတွေက လည်ချောင်းထဲမှာတင် တစ်ဆို့နေကာ သူက ဆိုဖာနောက်မှီနှင့် ခေါင်းကို ဆက်ကာဆက်ကာ ဆောင့်ပစ်လိုက်မိသည်။ ဒီအချိန်မှာပဲ သူမက ဗလုံးဗထွေးအသံနှင့်အတူ ...

"နမ်း ...နမ်း ...နမ်း သွားတော့မယ်"

ပြောကာ ထိုင်ရာမှ ထကာ အပြေးတစ်ပိုင်းဖြင့် စတူဒီယို ထဲမှ ထွက်သွားလေတော့သည်။

"နမ်း ...နေဦးလေ ...နမ်း ..."

သူက သူမကို လှမ်းခေါ်မိသော်လည်း သူမက မရပ်ချေ။ စတူဒီယိုထဲမှ နောက်ကို လှည့်မကြည့်စတမ်း ပြေးထွက်သွားတော့တာ ဖြစ်သည်။ သူကတော့ ဆိုဖာပေါ်မှာ အရုပ်ကြိုးပြတ်ပုံဖြင့် ကျန်ခဲ့ရတော့သည်။

❖ ❖ ❖



အိမ်ပြန်ရောက်တော့လည်း အခန်းထဲမှာပဲ တံခါးပိတ်ကာ ခုတင်ပေါ်မှာ လူးလှိမ့်နေမိသည်။

သူ ဘာလုပ်ရမလဲ ...။

သူ ဘာဆက်လုပ်ရမလဲ ...။

ဒါပေမယ့် အဖြေကတော့ ရှင်းရှင်းလေးသာ ဖြစ်သည်။ နမ်းရဲ့ အရှက်သိက္ခာအတွက် သူ ကာကွယ်ပေးရမည်သာ ဖြစ်သည်။ ကိုယ် လုပ်ခဲ့သည့် အမှားတစ်ခုအတွက် နမ်းကို တာဝန်ယူပေးရမည်သာ ဖြစ် သည်။

အဲဒီလို တွေးလိုက်မိတော့ အတွေးထဲကို မေ့မျက်နှာက ဝင်ရောက်လာတော့သည်။ ကိုယ့်ကို ခွင့်မလွှတ်ပါနဲ့ မေရယ်။ ကိုယ့်လို လူမိုက်ကောင်ကို မေ တစ်သက် ခွင့်မလွှတ်ပါနဲ့တော့ ...။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

❤ ❤ ❤

"နမ်းကို ကိုယ် လက်ထပ်ပါရစေ . . ."

သူ့ စကားအဆုံး သူမ မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက် သွားကြကာ . . .

"ကိုမိုင်း . . . ကိုမိုင်း . . . ဘာပြောလိုက်တာလဲ၊ နမ်းကို လက်ထပ် မယ် . . . ဟုတ်လား"

သူက ခေါင်းညိတ်လိုက်ကာ . . .

"ဟုတ်တယ် . . . ကိုယ် နမ်းကို လက်ထပ်ပါရစေ"

ဆိုတော့ သူမက ခေါင်းကို ခပ်သွက်သွက်ခါရမ်းကာ အကြောက်အကန် ငြင်းဆန်သည်။

"အာ . . . မဟုတ်တာ၊ မဖြစ်နိုင်တာ . . . မဖြစ်နိုင်တာ၊ လုံးဝ မဖြစ် နိုင်ပါဘူး၊ ကိုမိုင်းနဲ့ မရတုမေတို့က လူသိရှင်ကြား တစ်နိုင်ငံလုံး





သိအောင် စေ့စပ်ထားကြတာလေ၊ နမ်းကို လက်ထပ်လို့ ဘယ်ရ မလဲ . . ."

"ကိုယ်နဲ့ သူက စေ့စပ်ထားတယ်ဆိုပေမယ့် အခုထိ ဖြူဖြူစင်စင်ပဲ ရှိပါသေးတယ်၊ ဒါပေမယ့် ကိုယ်နဲ့ နမ်းနဲ့က . . ."

သူမက သူနှင့် မျက်နှာချင်းဆိုင် ရပ်နေရင်းကနေ နောက် ဘက်ကို ခြေသုံးလှမ်းခန့် ဆုတ်သွားသည်။

"ဟင့်အင်း . . . ရတယ် . . . ရတယ်၊ နမ်းကို ထည့်မတွက်ပါနဲ့၊ ဒီကိစ္စ ဖြစ်လာတာကလည်း ကိုမိုင်းတစ်ယောက်တည်းရဲ့ အမှား မှမဟုတ်တာ၊ နမ်းလည်း အနေအထိုင် မတတ်လို့ ဖြစ်ခဲ့ရတာပဲ၊ ထားလိုက်ပါ၊ နမ်းအပြစ်နဲ့ နမ်းပဲ ထားလိုက်ပါတော့ . . ."

"ဘယ်ဖြစ်မလဲ၊ မရဘူးလေ . . . ဒီကိစ္စမျိုးက အဲလိုထားလိုက်ပါ ဆိုတဲ့ စကားတစ်ခွန်းနဲ့ ထားခဲ့လိုက်ရမယ့် ကိစ္စမျိုးမှ မဟုတ်တာ ပဲ"

"ဒါပေမယ့် . . . ဒါပေမယ့် နမ်းကို လူတွေက ပြောကြမှာပေါ့၊ ပြီးတော့ မရတုမေကိုလည်း နမ်း အားနာတယ်၊ မရတုမေကို နမ်း ဘယ်လိုမျက်နှာမျိုးနဲ့ ရင်ဆိုင်ရမှာလဲ"

"ကိုယ့်တာဝန် ထားပါ၊ ကိုယ့်တာဝန်ပဲ ထားလိုက်ပါကွာ၊ နော် ကိုယ် နမ်းကို လက်ထပ်ပါရစေ"

"နမ်းက . . . နမ်းက"

သူမက ဘာပြောရမှန်း မသိစွာနဲ့ မတ်တတ်ရပ်နေရာက နေ ငုတ်တုတ် ထိုင်ကျသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ သူက သူမကို ပခုံးနှစ်ဖက်ကနေ ညင်သာစွာ ဖေးမပြန်ထစေလိုက်ရင်း သူမကို မျက်လုံးချင်းဆိုင် ကြည့်ကာ ...

"အားလုံးကို ကိုယ် တာဝန်ယူပေးပါ့မယ် နှမ်းရယ်၊ ကိုယ် ယောကျာ်းတစ်ယောက်ပါ၊ ကိုယ်လုပ်ခဲ့တဲ့ ကိစ္စတစ်ခုအတွက် ကိုယ် ယောကျာ်းကောင်း ပီသပေးရမှာပေါ့၊ နှမ်းက ခွင့်မပြုရင် တောင်မှ ကိုယ်ကတော့ ဖြစ်အောင်လုပ်ရမှာပဲ၊ ဘာလို့လဲဆိုတော့ အဲဒီလိုလုပ်မှသာ ကိုယ့်ကိုယ်ကိုယ်လည်း ခွင့်လွှတ်နိုင်မှာမို့ပါ နှမ်းရယ် ..."

"နှမ်း ... နှမ်းကို မရတုမေက အရမ်း မုန်းသွားတော့မှာပေါ့နော်"

"နှမ်းကို မမုန်းပါဘူး၊ သူက ကိုယ့်ကိုပဲ မုန်းမှာပါ နှမ်းရယ်။ ကိုယ့်ကိုပဲ သူ နာနာကြည်ကြည်းနဲ့ မုန်းသွားမှာပါ"

နှမ်းက တစ်ချက်ရှိုက်လိုက်ကာ သူ့ရင်ခွင်ထဲ တိုးဝင်လာတော့ သူက သူမကို အလိုက်သင့် ပြန်လည်ထွေးဖက်ပေးထားလိုက်မိသည်။ နှလုံးသားဆီက နာကျင်မှုက တဆစ်ဆစ်။

မျက်လုံးထဲမှာက မြင်ယောင်လာသည်က နာနာကြည်းကြည်းဖြင့် သူ့အားကြည့်နေမည့် မေ့အကြည့်များ။ ပြီးတော့ မိဘအသိုက်အဝန်းရဲ့ အထင်သေးသည့် အကြည့်များ။ တဒင်္ဂဆိုသည့် အမှားလေးတစ်ခုအတွက် သူ ပေးလိုက်ရတော့မည့် အရာတွေက အတော့်ကိုပဲ များပြားနေပါ၏။ ဒါပေမယ့် အဲဒါတွေ အားလုံးထက် သူ ပိုမိုကြည့်ပေးရမည်က နှမ်းမဝရဲ့ အရှက်သိက္ခာကိုပဲ ဖြစ်ပါသည်။

သို့သော်လည်း သူ့ရင်ခွင်ထဲမှာ မျက်နှာဝှက်ကာ မျက်ရည်





တွေကြားထဲကနေ ပြုံးနေသည့် နှမ်းမဝရဲ့ အားရကျေနပ်သော အပြုံး တစ်ခုကိုတော့ နှမ်းမဝရဲ့ မျက်နှာတစ်ခုတည်းကိုသာ ကြည့်တော့မည်ဟု ဆုံးဖြတ်ထားသည့် သူက လုံးဝကိုပဲ မမြင်ခဲ့တာ ဖြစ်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အလွတ်ရနေသည့် မေ့ဖုန်းနံပါတ်တွေကို ခဏခဏ နှိပ်ကြည့်ကာ နောက်ဆုံးတစ်လုံးကျန်မှ ပြန်ပြန်ဖျက်ပစ်ရတာလည်း ခဏခဏ။ ပြီးတော့ ဘယ်ကစပြီး ပြောရမှန်းမသိ။ ဘယ်လိုမျက်နှာမျိုးဖြင့် ရင်ဆိုင်ရမည်မှန်းလည်း မသိ။

အဲဒီလိုနဲ့ပဲ ရက်တွေ တစ်ရက်ပြီးတစ်ရက် ကုန်သွားကာ တစ်ပတ်လောက်ကြာသွားပြီးနောက်မှာတော့ မေ့ဆီက သူ့ထံကို ဖုန်းဝင်လာပါတော့သည်။

သူ့မှာ မေ့ဖုန်းကို မဆက်ရဲခဲ့သလို မေ့ ဖုန်းဝင်လာတော့လည်း ချွေးများပင် ပြန်ချင်သွားရလေသည်။ ဖုန်းကိုလည်း တန်းမကိုင်ရဲ၊ အတန်ကြာမြည်ပြီးတော့မှ ကိုင်မိတာ ဖြစ်သည်။

"ဟယ်လို ..."

"ဘာလဲ ...မတွေ့ချင်တော့ဘူးလား၊ ကိုယ်က ကောက်ရမလား မှတ်တယ်၊ သူကတောင် တပြန်တလဲ ကောက်နေသလိုပါလား"

မေ့အသံကတော့ အရင်အတိုင်း ကြည်လင်နေ၏။ ဒါကို





ကြည့်ခြင်းအားဖြင့် မေ စိတ်ပြေသွားပြီဆိုတာကို မှန်းဆလို့ ရလေသည်။ သူ့မှာတော့ အသံထွက်ဖို့တောင် မနည်းအားယူရလေသည်။

"မဟုတ် ...မဟုတ်ပါဘူး၊ ကိုယ် အလုပ်နည်းနည်းများနေလို့ပါ"

"ညနေရော အားလား"

"ညနေ အားပါတယ်"

"အဲဒါဆို အိမ်လာခဲ့လေ၊ စကားလေး ဘာလေး ပြောကြရအောင်"

"အင်း ...လာခဲ့မယ်လေ၊ ကိုယ်လည်း မေ့ကို ပြောစရာစကား ရှိတယ်"

"အိုခေ ...ဒါဆို မေ စောင့်နေမယ်နော်"

"အင်း ..."

မေ ဖုန်းချသွားတော့မှ သက်ပြင်းကိုချရလေသည်။ အသက်ရှူရတာလည်း မဝချင်။ ညနေကျရင်လည်း ဘယ်လိုမျက်နှာထားမျိုးဖြင့် သူ ရင်ဆိုင်ရပါဦးမည်နည်း။


www.burmeseclassic.com

www.burmeseclassic.com

"မေ ဇာတ်ကား မရိုက်တော့ဘူး၊ ငြင်းလိုက်တယ်"

မေ့စကားကြောင့် သူက ဒန်းစင်ပေါ်မှာ ယှဉ်ထိုင်နေရာက နေ မေ့ဘက်ကို လှည့်ကြည့်လိုက်ရင်း ...

"ဘာ ... ဘာလို့လဲ"

"ဘာလို့ရမှာလဲ၊ ရှင်ကြီးပဲ မကြိုက်ဘူးဆို၊ အဲဒီတော့ ငြင်းလွှတ်လိုက်တော့တာပေါ့၊ ဦးကျော်ကြားကြီးကတောင် မေ့ကို ရိုက်မယ် ပြောပြီးမှ ပြင်လို့တဲ့ ပွစိပွစိနဲ့ ပြောနေသေးတယ်"

မေ့စကားကြောင့် သူက သက်ပြင်းမောတစ်ခုကို မေ မသိအောင် ကျိတ်ချလိုက်မိသည်။

"ဟို ... မေ ရိုက်ချင်ရင်လည်း ရိုက်ပါလား"

မေက ဆုံးဖြတ်ချက် တစ်ခုကို ယတိပြတ် ချပြီးထားဟန်နှင့် ခေါင်းရမ်းသည်။

"မရိုက်တော့ပါဘူး၊ မှိုင်းမှ မရိုက်စေချင်တာ၊ မေ ငြင်းပြီးသွားပြီ"

မေက ကြည်ကြည်လင်လင် ဖြစ်နေသလောက် သူကတော့ နာမည်နဲ့ လိုက်အောင်ကိုပဲ မှုန်မှုန်မှိုင်းမှိုင်း ဖြစ်နေရသည်။





"ပြီးတော့ မေ တောင်းပန်တယ် သိလား ..."

"ဘာကိုလဲ ..."

"ဩော် ... နမ်းမဝနဲ့ ပတ်သက်ပြီး သံသယထားမိတာကိုပေါ့၊ မေက မှိုင်းကိုမယုံတာမဟုတ်ပါဘူး၊ သဝန်တိုတာပါ၊ ပြီးတော့ လုပ်ပြီးမှ ပြန်ပြန်ပြောတာကို စိတ်တိုတာ၊ မှိုင်းကို မေ ယုံပါတယ်၊ အခုလိုဖြစ်သွားတယ်ဆိုတာကလည်း မှိုင်းကို မေ သိပ်ချစ်လို့ပါ၊ မေ့ကို နားလည်ပေးပါနော်"

သူ ခေါင်းညိတ်လိုက်မိသည်။

ဟင့်အင်း ... မဟုတ်သေးဘူး။ ခေါင်းညိတ်တာ မဟုတ်ဘူး။ ခေါင်းငိုက်စိုက်ကျသွားတာပဲ ဖြစ်မှာပါ။

"ဒါနဲ့ မေ့ကို ပြောစရာရှိတယ်ဆို၊ ဘာပြောမလို့လဲ ... ပြောလေ"

မေ့စကားက သူ့ရင်ထဲမှာ ဒုန်းခနဲ မြည်ဟည်းသွားစေသည်။ သူ ဘယ်ကနေ စပြောရပါ့မလဲ။ မေ့အတွက် ဘယ်လိုစကားမျိုးက အနည်းငယ် သက်သာစေမလဲ။

"မှိုင်း ... မေ မေးနေတယ်လေ၊ ဘာပြောစရာ ရှိလို့လဲလို့"

သူကက ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက်သွားတော့ မေ့ဆီက အသံဆက်ထွက်လာသည်။

"ဩော ... ဟိုဟာ ..."

"ဘာဖြစ်နေတာလဲ၊ မလှုပ်တလှုပ်နဲ့၊ မှန်း ... နေရောကောင်းရဲ့လား"

ပြောပြောဆိုဆို မေ့လက်တစ်ဖက်က သူ့နဖူးဆီ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ မေ့လက်နဲ့ နဖူးနဲ့အတွေ့မှာ လူတစ်ကိုယ်လုံးက ကျင်စက်နဲ့ အတို့ခံလိုက်ရသလို တုန်တက်သွားရသည်။

သူက မေ့လက်တွေကို နဖူးပေါ်မှ အသာအယာ ဖယ်ရှားလလိုက်ရင်းက ...

"ကောင်း ... ကောင်းပါတယ်"

"ဒါဆို ဘာဖြစ်နေတာလဲ ... ပြော"

"ဘာမှမဖြစ်ပါဘူး၊ ဟိုဟာ ... ဒီနေ့ နည်းနည်း ပင်ပန်းထားလို့"

"သြော် ... အင်း၊ ဒါနဲ့ ... ပြောလေ၊ ဘာပြောမလို့လဲ၊ ပြောစရာ ရှိတယ်ဆို"

"အင်း ... ဟိုဟာ ... ဘာ ... ဘာမှ မဟုတ်တော့ပါဘူး၊ စောစောက မေမ ပြောပြီးသွားပြီလေ၊ မေ ရုပ်ရှင်ရိုက်မယ့်ကိစ္စကိုပဲ ပြောမလို့ပါ၊ မေ ရိုက်ချင်စိတ် တအားပြင်းပြနေရင်လည်း ရိုက်ပါလို့ ပြောမလို့၊ မေက မရိုက်တော့ဘူးဆိုတော့လည်း ပြီးတာပါပဲ"

စကားတွေက တခြား အကြောင်းအရာဖြစ်သွားရတော့သည်။ လမ်းခွဲရအောင် ဆိုတဲ့ စကားကို ဘယ်လိုပုံစံမျိုးနဲ့ ကိုယ်ပြောရမလဲ မေ။

မေက တစ်ချက် ပြုံးလိုက်ကာ သူ့ပခုံးပေါ်ကို ခေါင်းမှီလာသည်။ ဒါပေမယ့် မေ့ပခုံးကို သူ့ဘက်က အလိုက်သင့် ပြန်လည်ထွေးဖက်ဖို့ မရဲတော့ချေ။

"မှိုင်း မရိုက်စေချင်ဘူးဆိုကတည်းက မေက မရိုက်တော့ ဖို့ ဆုံးဖြတ်ထားပြီးသားပါ၊ ဒါပေမယ့် အဲဒီတုန်းက စိတ်ဆိုးနေတာဆိုတော့ လျှောက်ပြောလိုက်တာ၊ မေ ချစ်တဲ့သူက မလုပ်စေချင်တဲ့





ဟာကို မေ မလုပ်ပါဘူး မှိုင်းရယ်၊ မှိုင်းကို မေ သိပ်ချစ်ပါတယ်၊ ဒါပေမယ့် အချစ်ကို ပေါ်လွင်အောင် သူများတွေလို မေ မပြတတ်ဘူး မှိုင်းရယ်၊ အဲဒါကိုတော့ နားလည်ပေးပါနော်"

သူက သက်ပြင်းမော တစ်ခုကိုသာ မှုတ်ထုတ်လိုက်မိပြန်သည်။ မေက အဲဒီလိုမျိုး သူ့ကိုချစ်ပြလေလေ သူက လမ်းခွဲဖို့ကို ပြောရခက်လေလေ။ ကိုယ့်ကိုယ်ကိုယ်လည်း ရှက်လေလေပင် ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

♥ ♥ ♥

"ကိုယ်ပြောမထွက်ဘူး နမ်း၊ ကိုယ် ဘယ်ကစပြောရမှန်း မသိဘူး မေ့အပေါ်မှာ ကိုယ် တော်တော် သစ္စာမဲ့ရာ ကျသွားမှာ၊ ကိုယ့်ကို အချိန်တစ်ခုတော့ စောင့်ခွင့်ပေးပါနော်၊ ကိုယ့်ကို နည်းနည်း ဖြေ ဆင်ခွင့် ပေးပါ"

သူက ကော်ဖီခွက်ထဲကို အကြောင်းမဲ့ ငုံ့စိုက်ကြည့်နေရင်း နေ ဆိုတော့ သူမက နားလည်သလိုဖြင့် ခုံပေါ်မှာ တင်ထားသည့် သူ့ လက်တစ်ဖက်ကို အုပ်မိုးဆုပ်ကိုင်လာရင်းက ...

"နမ်း နားလည်ပါတယ်၊ ပြီးတော့ ကိုမှိုင်းကိုရော မရတုမေကိုရော အားနာတယ်၊ သူသာ ဒီအကြောင်းတွေကို သိသွားရင် တော်တော် သွေးပျက်သွားမှာ၊ နမ်းက မကောင်းဆိုးဝါးတစ်ကောင်များ ဖြစ် နေပြီလားဟင် ..."





ဟု ဆိုလာတော့ သူက သူ့လက်ကို လာရောက်ဆုပ်ကိုင် လာသည့် သူမ လက်တစ်ဖက်ကို သူ့ကျန်လက်တစ်ဖက်ဖြင့် ဆုပ်ကိုင် လိုက်ပြန်ကာ ဆိုမိသည်။

"ဘာမှ လျှောက်တွေးမနေပါနဲ့ကွာ၊ အားလုံးကို ကိုယ်ဖြေရှင်းပေး ပါ့မယ်၊ အားလုံး ကိုယ် တာဝန်ယူပါတယ်"

သူနှင့် သူမအကြည့်ချင်း ဆုံသွားကြသည်။ သူမ မျက်ဝန်း ထဲမှာ ဝမ်းနည်းအားငယ်မှုတွေကို သူတွေ့နေရ၏။ သူက သူမကို နှစ် သိမ့်သလို ပြုံးပြလိုက်ရင်းမှ ...

"ကိုယ်တို့ ပြန်ရအောင်နော်၊ နမ်း ရှုတင်ရှိသေးတယ် မဟုတ်လား"

"အင်း ..."

နောက်တော့ သူတို့ ထိုင်ရာမှထက ပြန်လာခဲ့ကြသည်။ လမ်းလျှောက်လာရင်းမှ သူမက သူ့လက်မောင်းတစ်ဖက်ကို လာရောက် တွဲ၏။

ရုတ်တရက်တော့ စိတ်ထဲမှာ တစ်မျိုးဖြစ်သွားလိုက်သေးပေ မယ့် နောက်တော့လည်း စိတ်တွေကိုလျှော့ချလိုက်ပြီး ဒီအတိုင်းသာ ဆက်လျှောက်လာခဲ့လိုက်ကြသည်။

အဲဒီလို သူတို့နှစ်ယောက် လက်ချင်းချိတ်ကာ လမ်းလျှောက် ထွက်ခွာသွားသည်ကို ခပ်လှမ်းလှမ်းမှ မြင်လိုက်ရသည်က ဒေါ်မေသစ် ရယ်ပါ။

ဒေါ်မေသစ်က အစတော့ သူတို့နှစ်ယောက်ကို အမြင်မှား တာများလားလို့ပင်။ ဒါပေမယ့် သေချာကြည့်မိတော့ အမြင်မှားတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ တကယ့်ကိုပဲ ကိုယ့်ရဲ့ သမက်လောင်းက မော်ဒယ်လ်ကောင်မလေး တစ် ယောက်နှင့် လက်ချိတ်ကာ လျှောက်သွားတာဖြစ်သည်။ စိတ်ထဲမှာ မသိုးမသန့်ကြီး ခံစားလိုက်ရကာ အိမ်ရောက်လျှင် သမီးဖြစ်သူကိုတော့ ပြန်ပြောပြဖို့ ဆုံးဖြတ်ထားလိုက်မိသည်။



အလုပ်က မောမောနှင့် ပြန်လာကာ ရေချိုးပြီး ရေချိုးခန်းထဲကအထွက်မှာတော့ မေမေ့ကို အခန်းထဲမှာ တွေ့လိုက်ရသည်။ မေမေက သူမ ခုတင်စွန်းမှာ ဝင်ထိုင်ကာ သူမကို စောင့်နေဟန်မို့ သူမက ဆံပင်ရေစိုတွေကို တဘက်ဖြင့် သုတ်နေရင်းကနေ မေမေ့ကို ကြည့်လိုက်ကာ ...

"တစ်ခုခုပြောစရာ ရှိလို့လား မေမေ"

"အင်း ... ရှိတယ်၊ သမီးနဲ့ မောင်မိုးလုံးမှိုင်းတို့ အဆင်ရောပြေရဲ့လား ..."

မေမေ့စကားကြောင့် သူမက စိတ်ထဲမှာ ထင့်ခနဲ ဖြစ်သွားရသည်။ မေမေ ဘာတွေကြားကာ ဘာတွေမြင်လာပြီလဲ မသိချေ။

"ပြေပါတယ် မေမေရဲ့၊ ဘာလို့လဲ"

"နေ့လယ်က မောင်မိုးလုံးမှိုင်းကို မော်ဒယ်လ်ကောင်မလေး တစ်ယောက်နဲ့ shopping center တစ်ခုမှာ လက်ချင်းချိတ်ပြီး လျှောက်သွားတာ တွေ့လိုက်ရလို့၊ ရှိးမှရှိးရဲ့လားလို့ မေးကြည့်တာ။

www.burmeseclassic.com



မော်ဒယ်လ်မလေးက အခုတလော နာမည်ရလာတဲ့ တစ်ယောက်လေ၊ နာမည်ကာ ...ဘာတဲ့ ...ဟိုဟာလေ ..."

မေမေက နာမည်ကို ရုတ်တရက် စဉ်းစားလို့ မရဟန်ဖြင့် အကျပ်ရိုက်နေဟန်ရှိလေသည်။ ဒီတော့ သူမက စိတ်ထဲမှာ ထင်နေသည့် တစ်ယောက်ကို ထုတ်ပြောလိုက်မိသည်။

"နမ်းမဝလား မေမေ ..."

"သြော် ...အင်း၊ ဟုတ်တယ် ...သူ ...သူ၊ သမီးက သိနေပြီးသားလား၊ ဘယ်လိုလုပ် သိနေတာလဲ"

မေမေ့ဆီက ဟုတ်မှန်ကြောင်းကို ကြားလိုက်ရသည့်အခိုက်မှာတော့ စိတ်ထဲမှာ မေ့ပျောက်ထားသည့် သံသယ အစိုင်အခဲက အနည်ထိုင်နေရာကနေ ပြန်လည် နှောက်ကျလာရတော့ပြန်သည်။ ဒါပေမယ့် မေမေ့ကိုတော့ စိတ်မရှုပ်စေချင်တာမို့ ...

"သူတို့ အခုတစ်ပတ်ထဲမှာ ကြော်ငြာဘုတ်တစ်ခု ရိုက်နေကြတယ်လေ"

ဟုသာ ပြောလိုက်မိသည်။

"သြော် ...ဟုတ်လား၊ သမီးသိပြီးသား ဆိုရင်လည်း ပြီးတာပါပဲ၊ မေမေက ရုတ်တရက်ဆိုတော့ တောင်တွေး မြောက်တွေး လျှောက်တွေးနေမိတာ၊ ကောင်မလေးက သူ့လက်ကိုတောင် ချိတ်ထားတာဆိုတော့ ..."

"ဘာမှ လျှောက်တွေးမနေပါနဲ့ မေမေရယ်၊ ဒီလောကက အဲဒီလိုပါပဲ၊ မော်ဒယ်လ် ကောင်မလေးတွေကလည်း ခပ်ကဲကဲရယ်မဟုတ်





လား၊ ဒါပေမယ့် အားလုံးက မောင်နှမစိတ်နဲ့ ဒီလိုပဲ တွဲသွားတွဲလာ လုပ်နေကြတာပါပဲ၊ အခုလည်း အလုပ်ကိစ္စနဲ့ တွဲသွားတွဲလာ လုပ်တာနေမှာပါ၊ မဟုတ်တာ လုပ်ချင်မှတော့ အခုလို လူတောထဲမှာ တွဲပြပါ့မလား မေမေရဲ့ ..."

ပြောရင်း သူမက မေမေ့ကို စိတ်ပေါ့သွားစေရန် ရယ်ပြလိုက်မိသည်။

"အင်း ...အဲဒါလည်း ဟုတ်တာပါပဲ၊ အေးပါလေ ...မေမေကသာ လျှောက်တွေးနေမိတာပါ၊ မောင်မိုးလုံးမှိုင်းကလည်း အဲလို လူစားမျိုးတော့ မဟုတ်ပါဘူး၊ သမီးတို့ချင်းလည်း အဆင်ပြေတယ် မဟုတ်လား"

"ဟုတ် ...ပြေပါတယ် မေမေ"

"အင်း ...အင်း ...ဒါဆို မေမေ သွားတော့မယ်၊ သမီးလည်း ဆံပင်တွေ ခြောက်အောင်လုပ်ပြီးမှ အိပ်ရာဝင်နော်၊ တော်ကြာ ဆံပင်စိုကြီးနဲ့ အိပ်ရင် ဖျားနေဦးမယ်"

"ဟုတ် ..."

မေမေ ထွက်သွားစဉ်မှာတော့ သူမက ခုတင်ပေါ်မှာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်မိသလို ဟန်ဆောင်ပြုံးပြထားရသည့် မျက်နှာကလည်း ပြုံတော့မယ့်မိုးလို မှောင်မည်း ပျက်ယွင်းသွားရလေသည်။ လက်ချင်းတွဲပြီးတောင် လျှောက်သွားတယ် ဆိုပါလား။

ဘာတွေလဲ ...။

သူတို့တွေက ဘာတွေလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



အခုတလော သူတို့နှစ်ယောက် တွဲဖက်လုပ်နေသည့် အလုပ်လည်း မရှိပါဘူး။

ဒါဟာ တမင်တကာ ချိန်းပြီးတော့မှသာ ဆုံကြတာမျိုး ဖြစ်မှာပါ။

ဘာတွေလဲ ... ဘယ်လိုတွေ ရှုပ်နေကြတာလဲ။

မှိုင်း ... မေ မှိုင်းကို ယုံကြည်ထားလို့ ရပါရဲ့လား ...။



နောက်တစ်ရက် အရောက်မှာတော့ သူမ သံသယက ပိုမို အရောင်တောက်လာရလေသည်။ အဲဒါကတော့ မှိုင်းနဲ့ နမ်းမဝတို့ကို ကားတစ်စီးတည်းပေါ်မှာ တွေ့လိုက်ရတာပဲ ဖြစ်သည်။ ကားက မှိုင်းကား ဖြစ်ကာ နမ်းမဝက မှိုင်းရဲ့ဘေးမှာ ထိုင်နေတာဖြစ်သည်။ ကားချင်းက ကပ်ရှောင်လာတာ ဖြစ်သော်လည်း မှိုင်းဟာ ဘာတွေကို ဘယ်လိုမွှန်နေသလဲတော့ မသိ။ သူမကားကိုတောင် မမှတ်မိချေ။ သူမကသာ မှိုင်းကားကို မှတ်မိလိုက်သဖြင့် သေချာကြည့်မိရင်းက ကားပေါ်က နမ်းမဝကိုပါ မြင်လိုက်ရတာ ဖြစ်ပါသည်။

ဒါနဲ့ သူမက ကားရှင်းသည့် တစ်နေရာရောက်တော့မှ ကားကို လမ်းဘေးတစ်နေရာမှာ ကပ်ရပ်လိုက်ကာ မှိုင်းဆီကို ဖုန်းခေါ်လိုက်မိလေတော့သည်။

ဖုန်းက တန်းဝင်သွားသော်လည်း မကိုင်။ ဒါနဲ့ သူမက နောက်တစ်ခါ ထပ်ခေါ်လိုက်ပြန်သည်။ ဒီတော့မှ သူက ဖုန်းကိုပြန်ထူးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... မေ ... ပြောလေ"

သူ့အသံက လုံးဝကို ပုံမှန်ပင် ဖြစ်သည်။ သူမကလည်း လှုပ်ရှားယိမ်းထိုးနေသည့် စိတ်ကို ထိန်းကာ ပြောရ၏။

"မှိုင်း အခု ဘယ်မှာလဲဟင်၊ အားရင် တစ်နေရာရာမှာ တွေ့ရအောင်လေ"

သူမ စကားအဆုံး တုံ့ပြန်မှုက တန်းမလာ။ လေးငါးစက္ကန့်လောက် ခြားသွားပြီးမှ ...

"ဩော ... ဟို ... ဟိုဟာ ... ဆောရီး မေရယ်၊ ကိုယ် အခု လုပ်ငန်းရှင် တစ်ယောက်နဲ့ အလုပ်ကိစ္စ ဆွေးနွေးနေလို့ အဲ့ဒါ ..."

သူမ ခန္ဓာကိုယ်တစ်ခုလုံး လေထဲမှာ လွင့်စင်မျောပါသွားသလို ခံစားလိုက်ရသည်။

သူ လိမ်တယ် ...။

သူ မိမိကို လိမ်တယ်ဆိုသော အသိစိတ်က သူမတစ်ကိုယ်လုံးကို နုံးချိသွားစေတော့၏။ သူမ ဖုန်းလည်းဆက်ပြီး ပြောချင်စိတ် မရှိတော့။

"အိုခေ ... အိုခေ ... ဒါဆို မေ နောက်မှ ပြန်ဆက်လိုက်မယ်နော်၊ ဘိုင့်ဘိုင်"

"အင်း ... ဘိုင့်ဘိုင်"

သူ ဖုန်းချသွားပြီး တော်တော်ကြာသည်အထိ သူမ ကားကို ဆက်မမောင်းမိသေးဘဲ ရပ်ထားသည့် နေရာမှာပင် ရှိသေးကာ ကိုယ့်ကိုယ်ကိုယ် မနည်းပြန်ထူမတ်နေရလေသည်။ ဘာ့ကြောင့် လိမ်ရတာလဲ၊





ဘာ့ကြောင့်လဲ။ သူတို့နှစ်ယောက်သာ အမှန်တကယ် ရိုးသားရိုးမှန်ခဲ့ရင် ဘာမှလိမ်စရာ မလိုချေ။ အခုလို လိမ်တယ်ဆိုကတည်းက သူတို့ မရိုးသားမှုကို ဖော်ပြလိုက်တာပဲ ဖြစ်သည်။

"တောက် ..."

သူမက တောက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်ကာ လက်ထဲမှာ ခပ်တင်းတင်း ကိုင်ထားမိသည့် ဖုန်းကို ဘေးက ခုံပေါ် ပစ်တင်လိုက်ရင်း ကားကို ပြန်လည်မောင်းထွက်လိုက်သည်။

သူမ တစ်ခုခုကိုတော့ ပြတ်ပြတ်သားသား သိဖို့ လုပ်ဖို့လိုအပ်လာပြီ ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

❤ ❤ ❤

ဝယ်နေကျ အင်္ကျီဆိုင်တစ်ခုမှာ အင်္ကျီအသစ်တွေ ရောက်တာမို့ ဆိုင်ရှင် အစ်မကလည်း အဲလို အင်္ကျီအသစ်တွေ ရောက်တိုင်း သူမကို လှမ်းအကြောင်းကြားကာ အရင်ဆုံး လာရွေးစေတတ်သည့် ထုံးစံအတိုင်း ဒီနေ့မှာလည်း ရတုမေက ဒီဆိုင်ကလေးမှာ အင်္ကျီလာရွေးနေခဲ့တာ ဖြစ်သည်။ ဒါပေမယ့် ဒီနေ့မှာတော့ သူမ စိတ်ကြိုက်ဖြစ်မည့် အင်္ကျီက သိပ်မပါချေ။ လေးထည်သာ စိတ်ကြိုက်တွေ့တာမို့ အဲဒီလေးထည်ကိုပဲ သူမက ကိုယ်နှင့်တော်မတော် စမ်းဝတ်ကြည့်လိုက်၊ အပြင်ထွက်ကာ မှန်ရှေ့မှာ ကြည့်လိုက်နှင့် လုပ်နေခဲ့တာဖြစ်သည်။ အဲဒီလိုလုပ်နေရင်းကနေ ဒုတိယမြောက် အင်္ကျီကို ဝတ်ကာ အဝတ်လဲခန်းထဲက ပြန်ထွက်အလာမှာတော့ နှမ်းမဝကို တွေ့လိုက်ရတာ ဖြစ်သည်။

ပြီးတော့ နှမ်းမဝ လက်ထဲမှာ ကိုင်ကာ ကိုယ်မှာကပ်ကြည့်နေသည်က ရတုမေ ရွေးပြီး တန်းတစ်ခုပေါ် တင်ထားသည့် အင်္ကျီ။





ရတုမေက တအံ့တသြဖြင့် ကြည့်နေမိတုန်းမှာပဲ ဆိုင်ရှင်ကလည်း အခုမှ အဖြစ်သနစ်ကို တွေ့မြင်သွားဟန်နှင့် နှမ်းမဝဆီကို လျှောက်သွားလေတော့သည်။

"ဟို ...ညီမ ...အဲဒါကလေ ဟိုက ညီမ ယူထားပြီးသားကွယ့်"

နှမ်းမဝ အကြည့်က သူမဆီကို ရောက်လာသည်။ ဒီတော့မှ နှမ်းမဝက သူမကို မြင်သွားဟန်ရှိသည်။

"ဪ ..."

ဆိုပြီး တစ်ချက်တော့ ကသိကအောက် ဖြစ်သွားဟန် ရှိသည်။ ရတုမေကလည်း နှမ်းမဝကို ဒီအတိုင်းပင် ခပ်တည်တည် ကြည့်ပေးနေလိုက်သည်။

"ဟို ...တခြား ဒီဇိုင်းတွေထဲက ကြည့်ကြည့်ပါလား ညီမ၊ ဒီနေ့မှ အသစ်တွေ ထပ်တင်ထားတာဆိုတော့လေ၊ အစ်မ ပြကြည့်ပေးမယ်၊ ကြည့်ကြည့်မလား ..."

"ရတယ် ...ရတယ်၊ တော်ပြီ ...ကျွန်မက ဒီဒီဇိုင်းကိုပဲ ကြိုက်တာ၊ ပိုင်ရှင်ရှိနေပြီးသားဆိုတော့လည်း ထားလိုက်ပါတော့၊ လိုက်မလုတော့ပါဘူး၊ အင်္ကျီထက် တန်ဖိုးကြီးတဲ့အရာကို ကိုယ်က အရယူထားနိုင်ပြီပဲဟာ၊ ဟင်း ...ဟင်း ...သွားလိုက်ပါဦးမယ်နော်၊ နောက်မှ လာခဲ့ပါမယ်"

ပြောပြီး နှမ်းမဝက လှည့်ထွက်သွားဖို့လုပ်သည်။ ဒါပေမယ့် ရတုမေက သူမ နောက်ကို လိုက်သွားကာ သူမရှေ့ကနေ ပိတ်ရပ်ထားလိုက်ရင်းက ...

"ခဏ ..."



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ နမ်းမဝက မျက်လုံးလှန်ကြည့်လာသည်။

"စောစောက မင်း ဘာပြောလိုက်တာလဲ"

"ဘာကိုလဲ ..."

"အကျီထက် တန်ဖိုးကြီးတဲ့ အရာကို ယူထားတယ်ဆိုတာကို မေးတာ၊ အဲဒါ ဘာကိုဆိုလိုတာလဲ"

နမ်းမဝက မခို့တရို့ပုံစံဖြင့် ပြုံးသည်။ အဲဒီအပြုံးက ရတုမေကို တော်တော်လေးပဲ အခံရခက်စေလေသည်။ ပြီးတော့ အဲဒီအချိုးအချိတ်က သူမရင်ထဲက သံသယမီးကို ပိုမို အားကောင်းလာစေ၏။

"ဪ ...ဒါလား၊ သိချင်ရင် ကိုမှိုင်းကိုပဲ ကိုယ်တိုင်သွားမေးကြည့်လိုက်လေ၊ ကျွန်မက ပြောရင် ရှင်က လုပ်ကြံပြီး ပြောတယ် ထင်နေဦးမယ် သိလား၊ သွားလိုက်ဦးမယ်နော်၊ ဆီးယူပါရှင်"

ပြောပြီး နမ်းမဝက လှည့်ထွက်သွား၏။ ရတုမေမှာတော့ ကတုန်ကယင်ဖြင့် ကျန်နေခဲ့ရရင်း စိတ်ကို ပြန်တင်းလိုက်ပြီးနောက် မှိုင်းဆီကို ဖုန်းခေါ်လိုက်လေတော့သည်။

ဖြစ်ချင်တော့ ဖုန်းက ဧရိယာပြင်ပ ရောက်နေ၏။

"ဟား ..."

သူမက ခေါင်းကိုမော့လှန်ကာ ဟားခနဲ ရွေရွတ်ပစ်လိုက်ပြီးနောက် တောက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်မိလေသည်။ ရှင်နဲ့ ကျွန်မ ဒီကိစ္စကို ပြတ်ပြတ်သားသား ပြောဖို့တော့ လိုအပ်နေပြီ မှိုင်း ...။



ညနေဘက် ဓာတ်ပုံရိုက်အပြီးမှာတင်ပဲ သူ့စတူဒီယိုကို နမ်းမဝ ရောက်လာလေသည်။ သူမပုံစံက ငိုထားဟန်ဖြင့် မျက်လုံးတွေ နီရဲနေလေသည်။

ရောက်ရောက်ချင်းပင် သူမက သူ့ရင်ခွင်ထဲကို တန်းဝင် သိုင်းဖက်လာတာ ဖြစ်သည်။

"နမ်း ဘာဖြစ်လာတာလဲ ..."

"ကိုမှိုင်း ...မရတုမေကို ကိုမှိုင်း အခုထိ မပြောသေးဘူးလား"

သူမ အသံက တုန်ခါနေ၏။သူက သိုင်းဖက်ထားသည့် အတိုင်း တောင့်တောင့်ကြီး ဖြစ်နေရင်းကနေ ...

"ဘာဖြစ်လို့လဲ၊ ကိုယ် ပြောမှာပါ"

ဆိုတော့ သူမက သူ့ကိုဖက်ထားတာကို လျှော့ချင်း ပြန်ခွာကာ သူ့မျက်နှာကို မော့ကြည့်လာရင်းက ...

"အင်းလေ ...ဘယ်တော့ ပြောမှာလဲလို့ မေးတာ"

ဟု အော်လေသည်။ သူမပုံစံက တစ်ခုခု ဖြစ်လာသလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"နမ်း ...ဘာဖြစ်လာတာလဲ၊ ဘယ်သူက ဘာပြောလိုက်လို့လဲ"

"ပြန်ပြောပြတော့ရော ဘာထူးမှာမို့လို့လဲ၊ အခုမေးနေတာက နမ်းနဲ့ ကိုမှိုင်းရဲ့ ကိစ္စကို ဘယ်တော့ မရတုမေဆီမှာ ပြန်ပြောပြမှာလဲလို့ မေးနေတာ"

ပြောရင်း သူမမျက်လုံးမှာက မျက်ရည်တွေ စီးကျလာ၏။ သူ အကျပ်ရိုက်သလိုဖြစ်သွားရသည်။

"ကိုယ် ...ကိုယ်က"

"ဘာလဲ ...ကိုမှိုင်း မပြောရဲဘူး မဟုတ်လား၊ ရတယ် ...ကိုမှိုင်း မပြောရဲရင်လည်း နမ်းပဲ ပြောလိုက်တော့မယ်၊ ကိုမှိုင်းရဲ့ မိဘတွေဆီမှာ နမ်းကိုယ်တိုင်ပဲ သွားပြောလိုက်တော့မယ်"

ပြောလည်းပြော သူမက မျက်ရည်တွေကို လက်ဖမိုးတစ်ဖက်ဖြင့် ပွတ်သုတ်ပစ်လိုက်ကာ လှည့်ထွက်သွားမည်ပြင်တော့ သူက သူမလက်တစ်ဖက်ကို သွေးရူးသွေးတန်းဟန်ဖြင့် ဖမ်းဆွဲထားလိုက်မိသည်။

"နမ်း ...နေပါဦးကွာ၊ ကိုယ် ပြောပါရစေဦး၊ ကိုယ့်မိဘတွေကို မပြောပါနဲ့ဦး၊ ကိုယ် မေ့ကို အရင်ပြောပါရစေဦး၊ ပြီးမှ ကိုယ့်မိဘတွေကို ကိုယ် ပြောပါ့မယ်"

သူမက သူ့လက်တွေကို ပုတ်ထုတ်ပစ်လိုက်သည်။ ပြီးနောက် သူ့ဘက်ကို ပြန်လှည့်လာရင်းမှ ...

"အေးလေ ...ပြောမယ် ပြောမယ်နဲ့၊ အဲဒီကိစ္စက ကြာနေပြီ၊ ကိုမှိုင်းသာ နမ်းကိုယူမှာသေချာရင် ဒီကိစ္စကို ပြောလိုက်သင့်တာ ကြာပြီ၊ နမ်းက ဘယ်လောက်အထိ စောင့်နေရဦးမှာလဲ၊ ဒေါ်လေး





ကလည်း နမ်းကို မေးနေပြီ၊ နမ်းက ဘယ်လိုဖြေရမှာလဲ၊ ကိုမှိုင်းမှာ သတ္တိမရှိဘူး၊ မဟုတ်ဘူး ...ကိုမှိုင်းက သတ္တိမရှိတာ မဟုတ်ဘူး၊ မရတုမေကို မပြတ်နိုင်ဖြစ်နေတာ၊ ဟုတ်တယ်မဟုတ်လား၊ ကိုမှိုင်း ဘာသာဆိုရင် ဒီကိစ္စကြီးက ဇာတ်မျောကြီးပဲ ဖြစ်နေမှာ၊ အဲဒီတော့ နမ်းပဲ ပြောလိုက်တော့မယ်"

ပြောပြီး သူမက ပြေးထွက်သွားတော့ သူက သူမနောက်ကို သွေးရူးသွေးတန်းဟန်ဖြင့် ပြေးလိုက်သွားရကာ သူမကို နောက်ဘက်ကနေ သိုင်းဖက်ချုပ်တည်းထားလိုက်ရင်းက ...

"နမ်း ...နေပါဦးဆိုကွာ၊ စိတ်ကို ငြိမ်ငြိမ်ထားပါ၊ ကိုယ် အားလုံး တာဝန်ယူတယ်လို့ ပြောထားပြီးပြီပဲ၊ ဒါပေမယ့် အချိန်အတိုင်းအတာတစ်ခုတော့ စောင့်ပေးဖို့ လိုတာပေါ့"

"မရဘူး၊ နမ်း ဒီအခြေအနေကြီးကို သည်းမခံနိုင်တော့ဘူး ဘာပဲဖြစ်ဖြစ် ပြေးတွေ့ပစ်လိုက်ချင်ပြီ"

ပြောပြီး သူမက အတင်းရုန်း၏။ ဒီတော့ သူက သူမကို ပိုမို တင်းကြပ်စွာ ဖက်တွယ်ထားလိုက်ရင်း ...

"နမ်း ..."

"လွှတ် ..."

အဲဒီလို ရုန်းရင်းဆန်ခတ် ဖြစ်နေတုန်းမှာပင် စတူဒီယိုတံခါးက ပွင့်သွားကာ အပေါက်ဝမှာ မေ့ကို တွေ့လိုက်ရတာ ဖြစ်၏။

"ဟင် ..."

"မေ ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါင်းထဲမှာ ချာချာလည်သွားသလို နမ်းကို ချုပ်ကိုင်ဖက်တွယ်ထားသည့် လက်တွေကိုလည်း အလန့်တကြားဟန်ဖြင့် လွှတ်လိုက်မိသည်။

"ဘာတွေလဲ၊ အဲဒါက ဘာဖြစ်နေကြတာလဲ"

မေက သူတို့ နှစ်ယောက်ကို မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့်ကြည့်ကာ အော်သည်။

"နင်တို့တွေ ...နင်တို့တွေ ...နင်တို့ နှစ်ယောက်စလုံး သိပ်ကို ရွံဖို့ကောင်းတယ် ...သိလား"

"မေ ..."

ပြောပြီး မေက ချာခနဲ လှည့်ထွက်သွားသောအခါ သူက မေ့နောက်မှ အပြေးတစ်ပိုင်းဖြင့် လိုက်သွားလိုက်လေသည်။

နမ်းမဝကတော့ မိုးလုံးမှိုင်းနှင့် ရတုမေတို့ စတူဒီယိုအခန်းထဲမှ ပျောက်ကွယ်သွားသည်နှင့် မျက်လုံးထောင့်က မျက်ရည်တွေကို လက်ခလယ် နှစ်ချောင်းဖြင့် အသာတို့သုတ်လိုက်ပြီးနောက် နီးစပ်ရာ ဆိုဖာပေါ်တွင် ချေချိတ်ထိုင်လိုက်ကာ အားရပါးရ ပြုံးလိုက်မိလေသည်။

ကဲ ...ရှင့်အလှည့် ရောက်လာပြီ မရတုမေ။



သူ့ထံက ထွက်လာသည့် ရှင်းပြမှုများကို နားထောင်အပြီးမှာတော့ လူက ထုံကျင်အေးစက်သွားရကာ နှလုံးသားတစ်ခုလုံးသည်လည်း သွေးစိမ်းရှင်ရှင် ပန်းထွက်သွားသလို ခံစားလိုက်ရလေသည်။

"ကိုယ် တောင်းပန်ပါတယ် မေရယ်"

သူ့စကားကြောင့် သူမက သူ့ကို ကျောပေးရပ်နေရင်းကနေ လှည့်ကြည့်လိုက်ကာ ...

"ဘာ ...တောင်းပန်တယ် ...ဟုတ်လား၊ အဟက် ...ဒီကိစ္စက အဲဒီလို တောင်းပန်ပါတယ်ဆိုတဲ့ စကားတစ်ခွန်းနဲ့တင် ပြီးသွားမယ့် ကိစ္စလား ...ဟုတ်လား"

"ကိုယ် သိပါတယ်၊ တောင်းပန်တယ်ဆိုတဲ့ စကားတစ်ခွန်းနဲ့တင် ပြီးမသွားဘူးဆိုတာကို ကိုယ်သိပါတယ်၊ ကိုယ့်ကို ခွင့်မလွှတ်သင့်ဘူးဆိုတာကိုလည်း ကိုယ်သိပါတယ်၊ ဒါပေမယ့် ကိုယ့်မှာ [illegible] ပြောစရာ စကားကလည်း ဒီခွင့်လွှတ်ပါ ဆိုတဲ့ စကားထက်ပိုပြီး ပြောစရာမရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးမှာပင် သူမက သူ့ရင်ဘတ်ကို ဆောင့်တွန်းထည့်လိုက်ရင်းကနေ ...

"မလွှတ်ဘူး ...စိတ်ချ၊ ရှင့်ကို ကျွန်မတစ်သက် ဘယ်တော့မှ ခွင့်မလွှတ်ဘူး၊ ရှင် သိပ်ရက်စက်တယ် သိလား၊ ရှင်က ကျွန်မ အချစ်နဲ့ မတန်တဲ့ ယောကျ်ား၊ ဟင်း ...အရက်မူးသွားလို့တဲ့လား၊ ရယ်ရတယ် ...အဟင်း"

ကိုယ့်ကိုယ်ကိုယ် ထိန်းနေသည့်ကြားမှပင် အသံတွေက တုန်ဖြစ်အောင် တုန်သွားရသေးသည်။

ဖြစ်နိုင်ရင် သူ့ကို အစိတ်စိတ်အမွှာမွှာ ဖြစ်အောင် ထုရိုက်ကုတ်ဆွဲပစ်ချင်မိလေသည်။

"အရက်ဆိုတာက ခံနိုင်ချင်တဲ့ ယောကျ်ားတွေအတွက် သိပ်ကို လက်ညှိုးထိုးလို့ ကောင်းတဲ့ အကြောင်းပြချက်ကြီး တစ်ခုပါပဲ၊ ရှင်သာ ကျွန်မအပေါ်မှာ သစ္စာရှိခဲ့ချင်တဲ့စိတ် ရှိခဲ့ရိုးမှန်ရင် ဒီလို ပြဿနာတွေ၊ ဒီလိုအခြေအနေတွေ ဘယ်တော့မှ ရောက်မလာခဲ့ဘူး၊ အဓိကက ရှင့်စိတ်ပဲ"

သူက ဘာစကားမှ ပြောစရာမရှိတော့တဲ့သူတစ်ယောက်လို ခေါင်းကို အောက်သို့သာ ငိုက်စိုက်ချထားလေသည်။ သူမက မျက်ဝန်းအိမ်မှာ ဝဲတက်ကာ ပါးပေါ်သို့ လိမ့်ဆင်းကျလာတော့ရန် အားယူနေသည့် မျက်ရည်တချို့ကို လက်ဖမိုးဖြင့် ပွတ်သုတ်ပစ်လိုက်ရင်းက တစ်ချက်ပြုံးလိုက်ရင်း ...

"ဒါပေမယ့် အခုလိုဖြစ်သွားတာကို ကျွန်မ သိပ်ကံကောင်းတယ်





လို့ပဲ မှတ်ပါတယ်၊ မယူရသေးခင်မှာ ရှင့်စိတ်ဓာတ် ဘယ်လောက် အောက်တန်းကျတယ်ဆိုတာကို သိလိုက်ရတာ ကျွန်မအတွက် မဟာကံကောင်းမှုကြီးပဲ၊ ယူပြီးမှသာဆိုရင် ကျွန်မဘဝတော့ သွားပြီပဲ၊ ရှင်နဲ့ ကျွန်မရဲ့ ဓာတ်လမ်း ဒီမှာတင် ပြီးပြီ ကိုမိုးလုံးမှိုင်း၊ သိပ် မကြာခင်ရက်ပိုင်းအတွင်းမှာ စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်းကို ကျွန်မဘက်က ထည့်ပေးလိုက်မယ်၊ တစ်ချိန်ချိန် လမ်းမှာ မျက်နှာချင်းဆိုင် ဆုံရင်တောင် ကျွန်မကို မခေါ်ပါနဲ့"

ပြောပြီးသူမက လှည့်ထွက်လာခဲ့လိုက်သည်။ ဒီတော့မှ သူ့ရှေ့မှာ ထိန်းထားသည့် မျက်ရည်တွေက ပါးနှစ်ဖက်ပေါ်သို့ အတားအဆီးမရှိ စီးကျလာလေတော့သည်။

နှလုံးသားတစ်ခုလုံးသည်လည်း တင်းပုတ်တစ်ခုဖြင့် ခပ်ပြင်းပြင်း ထုချခံထားရသလို ထုံပေနေတော့၏။ ခြေလှမ်းတွေ ယိမ်းယိုင်ကာ မမှားအောင်လည်း မနည်းကြီးကိုပဲ ထိန်းမတ်ကာ လျှောက်လှမ်းလာရသေးသည်။

ဒီလိုနဲ့ ကားပေါ်ရောက်တော့မှ သူမက ကားမှန်တွေကို အလုံပိတ်ပစ်လိုက်ကာ စတီယာရင်ပေါ်မှာ မျက်နှာကိုမှောက်ကာ အော်ငိုမိလေသည်။

အစော်ကား ခံလိုက်ရသော သူမ ဘဝအတွက်၊ အချစ်အတွက်၊ နှလုံးသားအတွက်၊ သစ္စာတရားအတွက်၊ ယုံကြည်မှုတွေအတွက် ဒီနေ့ တစ်နေ့တော့ သူမ အားရအောင် ငိုပါမည်။ ရင်တွေ ကွဲချင်လည်း ကွဲသွားစမ်းပါစေ။ သူမ စိတ်ရှိသလောက် ငိုပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူမအချစ်နှင့် မတန်သည့် ယောကျ်ားတစ်ယောက်အတွက် မနက်ဖြန်က စပြီး သူမ လုံးဝ ငိုတော့မည် မဟုတ်ပါ ...။

အိမ်ပြန်ရောက်သွားတော့ မေမေနှင့် ဧည့်ခန်းထဲမှာပင် တန်းတိုးလေသည်။ ဖရိုဖရဲဖြင့် ယိုင်နဲ့နေသည့် သူမကိုတွေ့တော့ မေမေက အလန့်တကြားဖြင့် သူမဆီကို လျှောက်လာသည်။

"သမီး ... ဘာဖြစ်လာတာလဲ၊ ငိုလာတာလား၊ မေမေ့ကို ပြောစမ်း၊ ဘာဖြစ်လာတာလဲ"

မေမေက သူမမျက်နှာကို လက်နှစ်ဖက်ဖြင့် ဖေးမကာ မော့ယူမေးလာတာ ဖြစ်သည်။ ဒီတော့ သူမက မေမေ့ကို သိုင်းဖက်ပစ်လိုက်ကာ မေမေ့ ပခုံးပေါ်တွင် မေးတင်ထားလိုက်မိသည်။

"ဘာဖြစ်လာတာလဲလို့ ... ဟဲ့ ... မေးနေတယ်လေ"

"သမီးကို ယုံတယ် မဟုတ်လား မေမေ၊ သမီးကို ယုံတယ်မဟုတ်လား"

"ယုံတယ် ... မေမေ သမီးကို ယုံတယ်၊ ပြော ... ဘာဖြစ်လာတာလဲသာ ပြော၊ သမီး ဘယ်သူနဲ့ ပြဿနာတက်လာတာလဲ၊ မောင်မိုုင်းနဲ့လား ..."





www.burmeseclassic.com

www.burmeseclassic.com



မေမေ့ဆီက သူ့နာမည်ရွတ်သံကို ကြားလိုက်မိစဉ်မှာတော့ သူမက မေမေ့ကို ပိုမိုတင်းကြပ်စွာ ဖက်တွယ်ထားလိုက်မိသည်။

"သမီးကို ယုံတယ်ဆိုရင် သမီးပြောတာကိုပဲ နားထောင်ပေးပါ မေမေ၊ သမီး သူနဲ့ လမ်းခွဲတော့မယ်၊ သမီးကို ဘာမှထပ်မမေးပါနဲ့တော့နော်၊ သမီး ဘာမှ ထပ်မပြောချင်တော့လို့ပါ၊ အချိန်တန်ရင် သမီး အားလုံးရှင်းပြပါ့မယ်၊ အခုတော့ သမီး သူနဲ့ လမ်းခွဲမယ် ဆိုတာလောက်ပဲ သိထားပေးပါ နော်"

ပြောပြီး သူမက မေမေ့ရင်ခွင်ထဲကနေ ခွာထွက်လိုက်ကာ အပေါ်ထပ်က မိမိအခန်းရှိရာဆီသို့ ပြေးတက်လာခဲ့လိုက်မိတော့သည်။ အခန်းထဲကို အရောက်မှာတော့ သူမက အခန်းတံခါးကို အထဲမှ လော့ခ်ချထားလိုက်ကာ အိပ်ရာပေါ်မှာ မျက်နှာအပ်ရင်း ငိုမိပြန်တော့သည်။

မုန်းတယ် … ရှင့်ကို သိပ်မုန်းတယ် မိုးလုံးမှိုင်း။

စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်းဆိုသည့် သတင်းစာကို ဖတ်အပြီးမှာတော့ နမ်းမဝက အားရပါးရ ပြုံးလိုက်မိလေသည်။

ဘယ့်နှယ် ရှိစ ဒေါ်ရတုမေ …။ ကိုယ် တန်ဖိုးထားရတဲ့ အရာတစ်ခုကို လက်လွှတ်ဆုံးရှုံးလိုက်ရတဲ့ ခံစားချက်မျိုးကို ရှင် ခံစားဖူးသွားပြီ မဟုတ်လား။

ငိုစမ်း …။ လဲပြိုစမ်း …။ ကျွန်မ ခံစားခဲ့ရသလိုမျိုး ရှင်လည်း တစ်ကြိမ် ပြန်ခံစားစမ်း။ အရှုံးရဲ့ ခါးသက်မှုကို ရှင် တစ်ကြိမ် ပြန်ခံစားကြည့်လိုက်စမ်းပါ"

"ဟင်း … ဟင်း … ဟင်း"

တွေးရင်းကနေ နမ်းမဝက ခေါင်းကိုမော့လှန်ကာ အားရပါးရ အော်ရယ်လိုက်မိတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

တစ်လခန့် အကြာ

www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်တို့ လက်ထပ်ကြရအောင် နမ်း"

သူစကားကြောင့် သူမက မျက်ခုံးတွေကို တမင်တကာကိုပဲ အံ့သြဟန်ဖြင့် မြှင့်တင်ပစ်လိုက်ရင်းက ...

"ရှင် ... ဘာပြောလိုက်တယ်"

ဟု ပြန်မေးမိတော့ သူက သူမ မကြားလိုက်အထင်ဖြင့် ပြန်ပြောလာလေသည်။

"ကိုယ်တို့ လက်ထပ်ရအောင်လို့ ပြောတာလေ"

ဒီတစ်ခါတော့ သူမက နှုတ်ခမ်းထောင့်စွန်းလေး တစ်ဖက်တည်းကို ကော့တက်သွားအောင် ပြုံးလိုက်ရင်းက သူ့ကိုလည်း ခပ်ရှိရှိ ကြည့်ပေးလိုက်ရင်း ...

"အဟင်း ... ရယ်ရတယ်၊ ရှင့်ကို ဘယ်သူက လက်ထပ်မယ်လို့ ပြောလို့လဲ"

သူက နားကြားလွဲသွားဟန်ဖြင့် သူမကို ကြည့်လာတာ ပြန်မေးလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို … နမ်း မင်း ဘာပြောလိုက်တာလဲ"

"မကြားလိုက်ဘူးလား၊ ရှင့်ကို ကျွန်မ လက်မထပ်ဘူးလို့ ပြောလိုက်တာ …"

"နမ်း … မင်း ဘာတွေ လျှောက်ပြောနေတာလဲ"

"ဟင် … ဘယ်မှာ လျှောက်ပြောလို့လဲ၊ ကျွန်မ တကယ်ပြောနေတာ၊ ရှင့်ကို ကျွန်မ လုံးဝ လက်မထပ်ဘူး၊ ဘယ်တုန်းကမှလည်း လက်ထပ်ဖို့ စိတ်ကူးမရှိခဲ့ဘူး"

သူက နားမလည်ဟန်ဖြင့် ခေါင်းကို ခပ်လေးလေး ရမ်းလိုက်ရင်းက ဆိုလာသည်။

"မဟုတ်သေးဘူးလေကွာ၊ မင်းနဲ့ ကိုယ်က …"

"အဟက် …"

သူမက သူ့စကားကို ဆုံးအောင်ပင် မစောင့်တော့ဘဲ ခပ်လှောင်လှောင်ပုံစံဖြင့် ဟက်ခနဲ တစ်ချက် ရယ်ပေးလိုက်တော့သည်။

"မင်း … ဘာရယ်တာလဲ"

"ရယ်စရာပါလို့ ရယ်တာလေ၊ ရှင် နားမလည်ဘူးထင်တယ်၊ ကျွန်မ ပြောမယ်၊ သေချာနားထောင်နော်၊ ရှင်နဲ့ ကျွန်မ အခုထိ ဘာမှမဖြစ်ခဲ့ကြဘူး၊ ရှင် မူးတဲ့ညကလည်း ဘာမှမဖြစ်ခဲ့ဘူး"

သူ့မျက်နှာတစ်ခုလုံးက ပြိုတော့မည့် မိုးလို မည်းညို့သွားလေသည်။

"ဘယ်လို …"

"အဟင်း … ဟုတ်တယ်၊ အဲဒီညက ရှင်နဲ့ ကျွန်မ ဘာမှမဖြစ်ခဲ့





ကြဘူး၊ ရှင်က ရှင့်ဘာသာ မူးပြီး အိပ်ပျော်သွားတာ၊ ကျွန်မကသာ ရှင့်ကို ခုတင်ပေါ် တွဲတင်၊ ကျွန်မ ခေါင်းက ကလစ်ကလေးတစ်ခုကို ဖြုတ်ချလိုက်ပြီး ဇာတ်လမ်းဆင်ပစ်လိုက်တာ"

"မင်း … မင်း"

သူမ စကားအဆုံး သူက တစ္ဆေသရဲတစ်ကောင်ကို တွေ့လိုက်ရသည့်အလား အသားတွေ တဆတ်ဆတ်တုန်ကာ မျက်နှာကြီးတစ်ခုလုံးက နီရဲလာပြီးနောက် ထိုင်ရာကနေ ဝိုင်းခနဲ ထရပ်လိုက်ရင်း …

"ဟား … မင်း ယုတ်မာလှချည်လား"

လို့ဆိုတော့ သူမကလည်း သူ့နည်းတူစွာ ထိုင်ရာကနေ ထရပ်လိုက်ရင်း သူ့မျက်နှာကို စေ့စေ့ကြည့်ပေးလိုက်ကာ …

"အဟင်း … ယုတ်မာတယ် ဟုတ်လား၊ ကျွန်မကတော့ ရသင့်ရထိုက်တာကို ပြန်ယူလိုက်တယ်လို့ပဲ သဘောထားတယ်"

"ဘာတွေလဲ၊ မင်း ဘာတွေပြောနေတာလဲ၊ ဘာလို့ မင်း ဒီလို လုပ်ရတာလဲ"

"မရတုမေ့ကြောင့်လေ၊ ဟင်းဟင်း … သရုပ်ဆောင် ရွေးပွဲတစ်ခုမှာ သူ့ရဲ့ဘက်လိုက်မှုကြောင့် ကျွန်မရဲ့ အိပ်မက်တွေ ပျက်စီးခဲ့ရတယ်၊ ကျွန်မ သိပ်ကိုတန်ဖိုးထားတဲ့ အရာတစ်ခုကို ဆုံးရှုံးလိုက်ရတယ်၊ အဲ့ဒါကြောင့် ကျွန်မက သူ့ကို ကလဲ့စားပြန်ချေလိုက်တာပဲ"

"ဟား … အဲ့ဒါက မင်းတို့နှစ်ယောက်ရဲ့ ကိစ္စလေ၊ ငါနဲ့ ဘာဆိုင်လို့လဲ၊ ဘာလို့ ငါ့ကိုဆွဲထည့်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် သူမက ကန်တော်ကြီးထဲက စားသောက်ဆိုင်တစ်ဆိုင်ရှိ စားပွဲဝိုင်း တစ်ဖက်တစ်ချက်မှာ မျက်နှာချင်းဆိုင် မတ်တတ်ရပ်တာ အော်ဟစ်နေမိကြတာဖြစ်သည်။ ဒီအချိန်မှာတော့ နှစ်ယောက်စလုံးက ပတ်ဝန်းကျင်ကို ဂရုစိုက်ချင်စိတ် မရှိကြတော့ပေ။

"ဟုတ်တယ် ... ရှင်နဲ့ မဆိုင်ဘူး၊ ဒါပေမယ့် ရှင် ကံဆိုးသွားတာက ရှင်က မရတုမေရဲ့ သိပ်ကို တန်ဖိုးထားရတဲ့ အရာတစ်ခု ဖြစ်နေခဲ့တာပဲ၊ အဲဒါကြောင့် ကျွန်မက သူ့ဆီက လုယူပြီး သူ့ကို ခံစားစေလိုက်တာ၊ အခု ကျွန်မ လိုချင်တာကို ရပြီးပြီ၊ အဲဒီတော့ ရှင်ကလည်း ကျွန်မအတွက် စွန့်ပစ်ပစ္စည်းအဆင့်မှာပဲ ရှိတော့တယ်၊ ရှင် ဝဲချင်တဲ့နေတာကို ဝဲနိုင်ပြီ ... အိုခေ"

"ဟား ... မင်းကွာ ... မင်း ... ကျွတ် ... တောက်"

သူက အရိုက်ဂို အထိုးခံလိုက်ရသည့် လူတစ်ယောက်လို ခံစားချက်တွေ နှင့်သီးကာ သူမကို လက်ညှိုးငေါက်ငေါက် ထိုးထားရင်းက စကားတွေက ဆက်ထွက်မလာ။ သူမကတော့ သူ့ကို ခပ်ထေ့ထေ့ပင် စိုက်ကြည့်ပေးနေလိုက်သည်။

နောက်တော့ သူက တောက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်ကာ နေရာမှ လှည့်ထွက်သွားလေသည်။ ဒီမှာတင်မှာပဲ သူမက နေရာမှာ ပြန်ထိုင်မယ်လုပ်ကာရှိသေး လှည့်ထွက်သွားသည့် သူက သူမဆီကို ပြန်လှည့်လာတာကြောင့် မော့အကြည့်မှာတော့ သူမပါးတစ်ဖက်က ပူခနဲဖြစ်သွားကာ သူမ ခေါင်းကလည်း တစ်ဖက်သို့ လည်ထွက်သွားရလေသည်။





"အဲဒါ ငါ့အချစ်အတွက် မင်းဆီက တန်ရာတန်ကြေးကို ပြန်ယူလိုက်တာပဲ၊ မင်းနဲ့ ငါ့ဇာတ်လမ်း ဒီမှာတင် ပြီးပြီ နှမ်းမဝ၊ ဗွတ်လပ်ခ်"

နောက်တော့ သူက ခြေလှမ်းကျဲကြီးတွေဖြင့် လှည့်ထွက်သွားလေတော့သည်။ သူမကတော့ ပူထူသွားသော ပါးတစ်ဖက်ကို လက်ဖြင့် အသာအုပ်ကိုင်ကြည့်လိုက်ရင်းမှ နဂိုနေရာမှာ ပြန်ထိုင်ချလိုက်မိရင်း ပြုံးလိုက်မိသည်။

အင်းလေ ... အဲဒီလောက်တော့ သူမဆီကနေ သူ ပြန်ယူသင့်ပါတယ်လေ။ သူရိုက်သွားတာက သူမပါးတစ်ဖက်ပဲ ဖြစ်ပေမယ့် သူမ ရိုက်ပစ်ခဲ့တာက သူ့ဘဝတစ်ခုလုံး မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့မှာတော့ ရတုမေနှင့် နမ်းမဝတို့က အင်လျားကန်ဘောင်ပေါ်မှာ ချိန်းဆိုဖြစ်လိုက်ကြသည်။ သူမတို့နှစ်ယောက်သည်လည်း စကားပြောဖို့ လိုအပ်နေသေးသည် မဟုတ်လား။

"အဆုံးသတ်မှာ မင်း ဘာရလိုက်သလဲ နမ်းမဝ၊ ပြောကြည့်ပါလား"

"ဘာမှမရဘူး၊ ဒါပေမယ့် ကျွန်မ ကျေနပ်တယ်"

"ဟုတ်လား၊ မင်း ကျေနပ်သွားပြီလား၊ အဲဒါဆိုရင်တော့ ကိုယ်ဝမ်းသာပါတယ်၊ ကိုယ်က မင်း မကျေနပ်သေးမှာပဲ စိုးတာပါ၊ ဒါပေမယ့် အရိုးသားဆုံးစိတ်နဲ့ ကိုယ် မင်းကို ပြောပါရစေဦး၊ ဒီပြဿနာတွေကို စတင်မီးမွှေးပေးလိုက်တဲ့ သရုပ်ဆောင်ရွေးပွဲမှာတုန်းက ကိုယ့်ဆုံးဖြတ်ချက်မှာ ဘက်လိုက်ခဲ့ခြင်း လုံးဝမပါပါဘူး၊ အဲဒါကိုတော့ ကိုယ့်အသက်နဲ့ ကျိန်ဆိုပြီး ပြောရဲပါတယ်"

"တော်စမ်းပါ၊ သူတော်ကောင်း လေသံတွေနဲ့ လာမပြောနေပါတော့နဲ့၊ ရှင် ဘာပြောပြော ကျွန်မယုံမှာ မဟုတ်ဘူး၊ ရှင် ဖျက်ဆီးပစ်





လိုက်တာက ကျွန်မ သိပ်ကို မက်မော တန်ဖိုးထားခဲ့ရတဲ့ အိပ်မက်ကြီးလေ၊ အဲဒါကို တွေးလိုက်မိတိုင်း ဟောဒီရင်ဘတ်ထဲ တဆစ်ဆစ် နာတယ် ... သိလား၊ အဲဒီအတွက် ရှင့်ဆီကနေ ကျွန်မ တစ်ခုခုပြန်ယူရမှ ကျေနပ်နိုင်မှာဖြစ်တဲ့အတွက် ကိုမိုးလုံးမှိုင်းကို ရအောင် လုယူခဲ့တာပဲ၊ ဘယ်လိုလဲ ... ကျွန်မ ခံစားခဲ့ရတဲ့ ခံစားချက်မျိုးကို ရှင် စာနာတတ်သွားပြီ မဟုတ်လား၊ အဲဒီအတွက် ရှင်အပါအဝင် ဘယ်သူတွေကပဲ ကျွန်မကိုအပြစ်တင်တင် ကျွန်မ ဂရုမစိုက်ဘူး"

နမ်းမဝ စကားကြောင့် ရတုမေက ပြုံးလိုက်မိသည်။ ပြီးမှ အကြည့်ကို အဝေးဆီကနေ နမ်းမဝ မျက်နှာဆီ ပြန်လည်ရွှေ့ပြောင်းကာ နမ်းမဝကို နားလည်သလို ကြည့်ပေးလိုက်ရင်း ...

"တခြားသူတွေ နေရာကတော့ ကိုယ်မသိပေမယ့် ကိုယ်ကတော့ မင်းကို အပြစ်မတင်ပါဘူး"

ဆိုတော့ နမ်းမဝက မယုံနိုင်သလို မျက်လုံးများဖြင့် ကြည့်လာလေသည်။ သူမအကြည့်တွေက 'အပြစ်မတင်ဘူးဆိုတာ မဖြစ်နိုင်တာ' လို့ ပြောနေသယောင်ယောင်။

အဲဒီအရိပ်တွေကို ဖမ်းလိုက်မိသည့် ရတုမေက ခေါင်းတစ်ချက်ကို ဆတ်ခနဲ ညိတ်ပြလိုက်ရင်း ...

"ဟုတ်တယ် ... ကိုယ် မင်းကို အပြစ်မတင်ပါဘူး၊ ဘာလို့လဲဆိုတော့ ကိုယ် တန်ဖိုးထားရတဲ့ အရာတစ်ခုကို ဆုံးရှုံးလိုက်ရတဲ့အခါ ခံစားလိုက်ရတဲ့ ပူလောင်မှုကို ကိုယ်နားလည်လို့ပဲ၊ ကိုယ် မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပါတယ်၊ အခုအချိန်မှာ မင်း ကျေနပ်ချင် ကျေနပ်နေလိမ့်မယ်၊ မင်းရဲ့လုပ်ရပ်အတွက် မင်း နောင်တရနေလိမ့်မယ်လို့ ကိုယ် အတတ်ပြောရဲတယ်"

ရတုမေရဲ့ စကားအဆုံး နမ်းမဝက သရော်တော်တော်ဟန်ဖြင့် ပြုံးလိုက်လေသည်။

"နောင်တစ်ချိန် ... ဟုတ်လား၊ အဟက် ... ပြောကြည့်ပါလား၊ အဲဒီနောင်တစ်ချိန်ဆိုတာ ဘယ်အချိန်ကို ပြောတာလဲ ..."

ရတုမေက နမ်းမဝရဲ့ အဖြေကို တန်းမဖြေသေးဘဲ နမ်းမဝရဲ့ မျက်လုံးတွေထဲအထိ စိုက်ကြည့်ပေးလိုက်သည်။ နောက်တော့မှ နမ်းမဝရဲ့ မျက်လုံးတွေကနေတစ်ဆင့် အသည်းနှလုံးတွေထဲအထိ စီးဈော ကာ မှတ်မိစွဲထင်သွားစေမည့် စကားတစ်ခွန်းကို တစ်လုံးချင်း ပြောလိုက်တော့သည်။

"မင်း ... ချစ်တတ်လာတဲ့အချိန်ပေါ့"



"ကျွန်မ ရှင့်ကို ခွင့်လွှတ်လိုက်ပါပြီ ကိုမိုးလုံးမိုင်း"

သူမစကားအဆုံး သူ့မျက်လုံးတွေက အရောင်တွေ လက်ဖြာသွားကြသည်။ ဒါပေမယ့် အဲဒါက ခဏလေးသာဖြစ်ပြီး သူက တစ်ခုခုကို တွေးလိုက်မိဟန်ဖြင့် သူ့မျက်နှာက မှုန်မှိုင်းသွားပြန်ကာ ...

"ဒါပေမယ့် ကိုယ့်အချစ်ကိုတော့ ပြန်လက်ခံမပေးနိုင်တော့ဘူးပေါ့ နော်၊ ဟုတ်လား မေ"

"ဟုတ်တယ်၊ ရှင့်အချစ်ကိုတော့ ကျွန်မ ပြန် လက်မခံတော့ဘူး၊ ဘာလို့လဲဆိုတော့ အချစ်ကရတဲ့ ပူလောင်မှုကို ကျွန်မ သိပ်ကို ကြောက်သွားလို့ပဲ"

သူ့ဆီက သက်ပြင်းချသံသဲ့သဲ့က ကန်ပြင်ကို ဖြတ်သန်း တိုက်ခတ်လာသည့် လေထဲမှာ ပျောလွင့်သွားသည်။

"အခုလိုပြောလို့ ရှင့်သစ္စာတရားကို ကျွန်မ မယုံဘူးလို့ ပြောတာ မဟုတ်ဘူးနော်၊ ကိုယ်ကိုယ်တိုင်က သစ္စာရှိနေပေမယ့်လို့ တခြား



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ယောက်က လုပ်ကြံရင်လည်း တစ်ခါတစ်ရံမှာ အဲဒီသစ္စာတရားက အရာမရောက်ဖြစ်တတ်တယ်၊ အခုလို ကျွန်မတို့ ဖြစ်ခဲ့ကြသလိုပေါ့၊ မယူခင်မှာတောင် ဒီလိုအဖြစ်အပျက်ကြောင့် ကျွန်မ ဒီလောက် ပူဆွေးနေမိရင် ယူပြီးမှသာ ဒီလိုအဖြစ်အပျက်မျိုး ထပ်ဖြစ်ရင် ကျွန်မ ရူးလိမ့်မယ်ထင်တယ်၊ ပြီးတော့ ကျွန်မတို့ နှစ်ယောက်စလုံးက ပြည်သူသိတဲ့ အနုပညာရှင်တွေ၊ တိုင်းသိပြည်သိ စေ့စပ်ခဲ့ကြသလို တိုင်းသိပြည်သိလည်း ဖျက်သိမ်းခဲ့ကြပြီးသား၊ အခုတစ်ခါ ထပ်လက်တွဲကြမယ်ဆိုရင် ကျွန်မတို့ကို လူတိုင်းပြောကြတော့မှာပေါ့၊ အဲဒီအတွက် ကျွန်မ ရှင့်အချစ်ကို ပြန်လက်မခံတော့ဘူး"

သူက သက်ပြင်းချပြန်သည်။

ပြီးတော့ သူ့ မျက်ဝန်းမှာ နာကျင်မှုတွေကိုလည်း မြင်နေရ၏။

သူမကိုယ်တိုင်ကရော ...

"ကိုယ် မေ့တစ်ယောက်တည်းကိုပဲ ချစ်ခဲ့တာပါ၊ နမ်းမဝကိုလည်း တာဝန်ယူပေးချင်ခဲ့တာကလွဲလို့ သူ့အပေါ်မှာ သာယာတာမျိုး၊ ချစ်မိတာမျိုး မရှိခဲ့ပါဘူး မေရယ်"

"ကျွန်မ ယုံပါတယ်၊ အဲဒီလို ကျွန်မ တစ်ယောက်တည်းကို ချစ်ခဲ့သလိုပဲ နောင်တစ်ချိန်မှာ တခြားတစ်ယောက်တည်းကိုပဲ ချစ်နိုင်ပါစေလို့ ကျွန်မ ဆုတောင်းပေးလိုက်ပါတယ် နော်၊ နမ်းမဝက ပြောဖူးတယ် သိလား၊ ကျွန်မက သူ့အိပ်မက်ကို ဖျက်ဆီးမိလိုက်တဲ့အတွက် သူ့ ဝဲဘက်ရင်ဘတ်ဆီက တဆစ်ဆစ် နာခဲ့ရတယ်တဲ့၊





အဲဒီလိုပဲ ကျွန်မအတွက်ကလည်း အချစ်ဆိုတာကို စဉ်းစားမိလိုက်တိုင်း နှလုံးသားဆီက တဆစ်ဆစ် နာနေတုန်းပဲ ..."

နှစ်ယောက်သား ပြောစရာစကားတွေ မရှိတော့သလို တိတ်ဆိတ်သွားကြသည်။

နှစ်ယောက်စလုံးရဲ့ ရင်ခုန်သံတွေကလည်း အတက်ကွဲ သံများဖြင့် ဆက်လက်ထွက်ပေါ်နေဆဲပါပဲ။ ဒါပေမယ့် သူတို့နှစ်ယောက် ရဲ့ မျက်နှာမူရာကတော့ ဆန့်ကျင်ဘက် အရပ်တွေဆီကိုပဲ ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဘာချစ်စရာကြောင်းလား ...

မပြောချင်တော့ပါဘူး ...

နှလုံးသားဆိုတာ တသစ်သစ် နာတတ်ပါလေ ... ။

လှသိုချော

အောင်မြင့်မြတ် စာပေ

# လှသိုချော

၁။ အာခံမရှူးဖြစ်လိုက်တဲ့ ပန်းသီး
(အောင်သိဒ္ဓိရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးမှ သရုပ်ဆောင် ရဲမြတ်ဦး၊ ဖိုးမြိုင်တို့အား
သွန်းဆက်တို့နှင့် ဗီဒီယိုရိုက်ကူးပြီး)

၂။ ငါ့အသည်းကိုမထောတာနဲ့
(အောင်သိဒ္ဓိရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးမှ ဝယ်ယူပြီး)

၃။ ကျူပစ်(စ်)ရဲ့မြှားနှစ်စင်း
(အောင်သိဒ္ဓိရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးမှ ဝယ်ယူပြီး)

၄။ အတွေ့ရှုပ်ပွဲ

၅။ နှုတ်သီးယာမြောက်နှိမ်း

၆။ တဆစ်ဆစ်နာ

၇။ မီးတောက်ထဲက အချစ်များ

www.burmeseclassic.com